မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၁၅)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ သောကြာနေ့။

ဒေါသပယ်ရှင်း နှလုံးသွင်း

❖ ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု မသိသူများက ခိုက်ရန်ဖြစ်ပွားနေကြ၏။

❖ ငါတို့သည် သေမင်းဆီသို့ သွားနေရသည်ဟု သိသူများက အသင့်အတင့်နှလုံးသွင်းပြီး ရန်ငြိမ်းအောင် ကျင့်ဆောင်ကြ၏။ (ဓမ္မပဒ)

နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်နေမှုများ ချစ်ကြည်ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ချွဲယွန်ဟီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် အချင်းချင်း၏ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးအပြင် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအတွက်ပါ ချစ်ခင်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်နေမှု၊ နှစ်နိုင်ငံတပ်မတော်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်သူများ အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် နှစ်နိုင်ငံတပ်မတော်အသီးသီး၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် *စာမျက်နှာ ၃ ကော်လံ ၁* ❒

နိုင်ငံတော်သမ္မတဦးသိန်းစိန် ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ချွဲယွန်ဟီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်တွင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရန် Air KBZ လေကြောင်းလိုင်းမှ ဝယ်ယူထားသော လေယာဉ်ရောက်ရှိ

သတင်းနှင့်ဓာတ်ပုံ
ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၂၂

တိုးတက်လာသော မြန်မာ့ခရီးသွားလုပ်ငန်းနှင့် ပြည်တွင်းခရီးသွားမြင့်တက်လာမှုနှင့်အတူ ပို့ဆောင်ရေးကဏ္ဍမှာ အရေးပါလျက်ရှိသည်။ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်း ပို့ဆောင်ရေးကဏ္ဍသုံးခုစလုံးသည် လွန်စွာအရေးပါလျက်ရှိပြီး ပြည်တွင်းလေကြောင်းလိုင်းများမှာ လေယာဉ်သစ်များ ဝယ်ယူကာ ခရီးစဉ်များ တိုးချဲ့ပြေးဆွဲလျက်ရှိသည်။

Air KBZ လေကြောင်းလိုင်းမှ ပြည်တွင်းလေကြောင်း ခရီးစဉ်များတွင် တိုးချဲ့ပျံသန်းနိုင်ရန်အတွက် ထပ်မံဝယ်ယူခဲ့သော ATR 72-600 လေယာဉ်အမှတ် XY-AJW, MSN 1224 သည် ယနေ့နံနက် ၇ နာရီခွဲက ပြင်သစ်နိုင်ငံမှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။ Air KBZ လေကြောင်းလိုင်းတွင် ယခု ATR-72-600 လေယာဉ်သစ်တစ်စင်း အပါအဝင် ATR 72-600 လေယာဉ် သုံးစင်း၊ ATR 72-500 လေယာဉ် ငါးစင်း *စာမျက်နှာ ၂ ကော်လံ ၃* ❋

လာမည့်ဘဏ္ဍာနှစ် ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှုများ တိုးချဲ့လုပ်ဆောင်မည်

သတင်း-ခင်ရတနာ

ရန်ကုန် ဇန်နဝါရီ ၂၂

လာမည့် ဘဏ္ဍာနှစ်သစ်မှစတင်ကာ တရုတ်နိုင်ငံအပါအဝင် အီးယူ၊ ဂျပန်နှင့် အာဖရိကဈေးကွက်များသို့ ဆန်ပိုမိုတင်ပို့နိုင်ရေးအတွက် လုပ်ငန်းစတင်နိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရှိရသည်။

မြန်မာဆန်များကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေခြင်းဖြစ်ပြီး တရားဝင်တင်ပို့ခွင့်ရရှိရန် အများပိုင်ကုမ္ပဏီ ကိုးခုခန့်ကို ရွေးချယ်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သတင်းထုတ်ပြန်ထားသော်လည်း တင်ပို့မှုများကို စတင်နိုင်ဦးမည်မဟုတ်ဘဲ ဘဏ္ဍာရေးနှစ်အစပိုင်း ဧပြီလနောက်ပိုင်းမှသာ စတင်တင်ပို့နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အမှုဆောင်အရာရှိချုပ် ဦးနေလင်းဇင်က ပြောကြားသည်။

"တရုတ်နိုင်ငံကို ဈေးကွက်အများစုရောက်ရှိနေတော့ တရားဝင်တင်ပို့ဖို့ ကြိုးပမ်းရတာဖြစ်ပြီး တစ်ဖက်မှာလည်း အီးယူ၊ ဂျပန်နဲ့ အာဖရိကဈေးကွက်ကို ပုံမှန်တင်ပို့နေခဲ့တာရှိပါတယ်။ အခုနောက်ပိုင်းမှာ အသေးစားနဲ့ အလတ်စား စီးပွားရေးတွေ *စာမျက်နှာ ၅ ကော်လံ ၄* ❖

သတိ ⚠ လုံခြုံရေး ဦးစားပေးပါ။

နဂါးနီ

Ph: 09 730 20031, 09 7314 5701, 09 4500 54449

မှန်ဒေါက်တာ

ရန်ကုန် - 09 4211 51119, 09 4500 54449

မန္တလေး - 09 7322 9563

T-Bar, L-Bar

Ph: 01 541 018, 09 730 20031, 09 730 20032

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စွမ်းဆောင်ရည်မြင့်မားအောင်ကြိုးစား

ကမ္ဘာပေါ်တွင် ပြုပြင်ပြောင်းလဲမှုပြုလုပ်ကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံသစ်များရှိသကဲ့သို့ ဖွံ့ဖြိုးပြီး နိုင်ငံကြီးများသည်လည်း ပိုမိုတိုးတက်ကောင်းမွန်သည့် အခြေအနေရောက်အောင် ပြုပြင်နေကြရဆဲ၊ ပြောင်းလဲတိုးတက်အောင် ကြိုးစားနေကြရဆဲဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲမှုများနှင့်အတူ လူတစ်ဦးချင်းစီမှအစပြု၍ စွမ်းဆောင်ရည်မြင့်မားအောင် ကြိုးစားအားထုတ်ကြရပါသည်။ ပြောင်းလဲမှုများနှင့်အတူ လူတိုင်းလိုက်ပါဆောင်ရွက်ရန် အရေးကြီးပါသည်။

ထို့ကြောင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇန်နဝါရီ ၁၉ ရက် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည့် အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတစ်ခု၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် ထိပ်ပိုင်းအဆင့် နိုင်ငံရေးစိတ်ဆန္ဒ (Political Will) ပြင်းပြမှုရှိရုံနှင့် မအောင်မြင်နိုင်ဘဲ အုပ်ချုပ်မှုယန္တရားအဆင့်ဆင့်တွင် တာဝန်ယူအကောင်အထည်ဖော်ကြရသည့် အထူးသဖြင့် အရာထမ်းအဆင့်ဆင့်၏ ပြုပြင်ပြောင်းလဲလိုစိတ်သန္နိဋ္ဌာန်ခိုင်မာမှု (Bureau cratic Commitment) အားကောင်းမှသာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် လူ့စွမ်းအား (Human Capital)၊အဖွဲ့အစည်းစွမ်းအား(Institutional Capital)၊ လူမှုရေးစွမ်းအား (Social Capital) နှင့် အခြေခံအဆောက်အအုံအင်အား (Physical Capital) အားကောင်းမှသာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်ဟု ဥရောပစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (OECD) နှင့် ပြည်တွင်းပြည်ပပညာရှင်များက ထောက်ပြကြပါသည်။

ထို့ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မကုန်မီ ပြည်ထောင်စုဝန်ကြီးဌာနများ ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲဖွဲ့စည်းမှု (Restru-cturing and Reengineering) ပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စတင်သည်နှင့် လူသစ်၊ စိတ်သစ်၊ ဖွဲ့စည်းပုံအသစ်နှင့် ပြည်သူများလိုလားနှစ်သက်သည့် အုပ်ချုပ်ရေးယန္တရားဖြစ်စေရန် ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရပါသည်။ ဤသို့ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင် ဝန်ထမ်းအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးပါသည်။ ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားမြှင့်တင်နိုင်ရေး၊ ဝန်ထမ်းအဖွဲ့အစည်းအားလုံးက ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲကာ စွမ်းဆောင်ရည်မြင့်မားအောင် ကြိုးစားအားထုတ်ကြရမည် ဖြစ်ပါကြောင်း။

လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကာကွယ်

ပြည်တွင်းသတင်း

❊ ရှေ့ဖုံးမှ

စုစုပေါင်း လေယာဉ်ရှစ်စင်းဖြင့် ပြည်တွင်းလေကြောင်း ခရီးစဉ်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ အခြေပြု၍ မန္တလေး၊ ညောင်ဦး၊ ဟဲဟိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ လားရှိုး၊ ကလေး၊ မြစ်ကြီးနား၊ သံတွဲ၊ စစ်တွေ၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းမြို့များသို့ နေ့စဉ် အချိန်မှန် ပျံသန်းပေးလျက်ရှိသည်။ ထို့အပြင် ပြည်ပခရီးစဉ်အဖြစ် ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်ကိုလည်း မေ ၁ ရက်မှစ၍ တိုးချဲ့ပျံသန်းရန် စီစဉ်နေကြောင်း သိရသည်။

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်အမြဲဦးထိပ်ထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းမှုရရှိအောင် တိုင်းရင်းသားအားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင်တည်ဆောက်ရေး။

၄။ ပြည်ထောင်စုအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်အတူတကွပူးပေါင်းနေထိုင်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

ရန်ကုန်မြို့ နွေရာသီဓာတ်အားပြတ်တောက်မှုမရှိရေး ထရန်စဖော်မာများ ဖေဖော်ဝါရီလအပြီး တပ်ဆင်မည်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်မြို့တော်၌ လာမည့်နွေရာသီကာလအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများကို ဖေဖော်ဝါရီလအတွင်း အပြီးတပ်ဆင်တည်ဆောက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အရာရှိတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေနဲ့ အများပြည်သူသုံးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိရာမှ လာမယ့်နွေရာသီကာလအတွင်း ပြည်သူတွေ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝသုံးစွဲနိုင်ဖို့နဲ့ ဓာတ်အားပြတ်တောက်မှု လျော့နည်းဖို့အတွက် အစဉ်ကြိုးစားဆောင်ရွက်လျက်ရှိရာမှာ မြို့တော်တစ်ဝန်း ထရန်စဖော်တွေ တပ်ဆင်ခြင်းနဲ့ ဓာတ်အားလိုင်းတွေကို လာမယ့် ဖေဖော်ဝါရီ ၁၄ ရက်အပြီး တပ်ဆင်သွားဖို့ မျှော်မှန်းဆောင်ရွက်နေပါတယ်။မြို့နယ်အများစုမှာ တပ်ဆင်မှုတွေ ပြီးစီးနေပါပြီ။ ကျွန်တော်တို့ဝန်ကြီးကတော့ မီးအားမြင့်စက် မသုံးဘဲ ဓာတ်အားဖြန့်ဖြူးပေးနိုင်အောင် ဆောင်ရွက်ရမယ်လို့ လမ်းညွှန်ထားပါတယ်"ဟု လက်ထောက်အင်ဂျင်နီယာချုပ် ဦးခင်ယုဇော်က မြန်မာ့အလင်း သို့ ပြောကြားသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေဖြင့် ၂၀၁၅ ခုနှစ် နွေရာသီ မြို့တော်၌ ဓာတ်အားပြတ်တောက်မှုမရှိဘဲ ပြည်သူများဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရန် ထရန်စဖော်မာများ တပ်ဆင်ပေးလျက်ရှိရာ အရှေ့ပိုင်းခရိုင်၌ 315 KVA ၄၂ လုံး၊ 200 KVA ၁၁၅ လုံး စုစုပေါင်း ၁၅၇ လုံး၊ အနောက်ပိုင်းခရိုင်၌ 315 KVA ၄၄ လုံး၊ 200 KVA ၅၈ လုံးစုစုပေါင်း ၁၀၂ လုံး၊ တောင်ပိုင်းခရိုင်၌ 315 KVA ကိုးလုံး၊ 200 KVA ၁၈ လုံး၊ 160 KVA ၃၁ လုံး၊ 100 KVA ၂၂ လုံးစုစုပေါင်း အလုံး ၈၀၊ မြောက်ပိုင်းခရိုင်၌ 315 KVA ၄၂ လုံး၊ 250 KVA သုံးလုံး၊ 200 KVA ၁၃၁ လုံး၊ 160 KVA တစ်လုံး၊ 100 KVA တစ်လုံးစုစုပေါင်း ၁၇၈ လုံးတပ်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခုအတွင်း ထရန်စဖော်မာ ၅၁၇ လုံးကို နိုင်ငံတော်က ဘတ်ဂျက်ငွေကြေး အမြောက်အမြား အကုန်အကျခံကာ တပ်ဆင်ပေးသွားမည်ဖြစ်သည်။

ထို့အတူ 11 KV သို့မဟုတ် 6.6 KV ဓာတ်အားအဝင်လိုင်း မိုင် ၁၃၀ နှင့်အထွက် 400 V ဓာတ်အားလိုင်းအတွက် မိုင်ပေါင်း ၉၄ မိုင်သွယ်တန်းတည်ဆောက်လျက်ရှိသည်။

သတင်း-မြင့်မောင်စိုး

မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၈၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၇၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၉၉၈၀၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၅၅၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၆၉၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၂၅-၁၀၂၈
ဥရောပ	တစ်ယူရို	၁၁၈၁-၁၁၉၉
စင်ကာပူ	တစ်ဒေါ်လာ	၇၆၇-၇၇၉
ထိုင်း	တစ်ဘတ်	၃၀-၃၀.၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅၇၆
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၂

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

နှမ်းဆန်	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၅၆၀၀-၁၆၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၅၀
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၁၇၅-၃၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၁၉၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၄၃၀-၁၄၅၀
အာလူး(ရှမ်း)	တစ်ပိဿာ	၅၅၀-၇၁၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၇၀၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၇၀၀-၅၃၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံမြသည်။

❒ ရှေ့ဖုံးမှ

တပ်မတော်က ပါဝင်ကူညီ ဆောင်ရွက်နေမှုများ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးမြှင့်ဆောင်ရွက်နေမှုများကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်နှင့် ဦးတင်နိုင်သိန်းတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ၊ ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာလီဘတ်ဆွန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

❁ ကျောဖုံးမှ

ရှင်းလင်းတင်ပြပြီး ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းကာ စေတီတော်မြတ်ကြီး ပရိဝုဏ်လိုဏ်ဂူတော်ကြီးအတွင်း လှည့်လည်ဖူးမြော်ကြည်ညိုသည်။

အဆိုပါ စေတီတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံး လိုဏ်ဂူ ဝိပဿနာစေတီတော်မြတ်ကြီးဖြစ်ပြီး ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးထက် ဉာဏ်တော် တစ်ပေနိမ့်၍ အမြင့် ၃၂၅ ပေရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား မွန်ဘိုင်းမြို့ ရွှေတိဂုံစေတီတော်ပုံစံတူ ဝိပဿနာစေတီတော်ကြီး၌ တာဝန်ရှိသူက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌနှင့်ဇနီးအား ဂုဏ်ပြုညစာဖြင့်တည်ခင်း

နေပြည်တော် ဇန်နဝါရီ ၂၂

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှသည် ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ချွန်ယွီဟွာနှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ည ၇ နာရီတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ နေအိမ်ဝင်းအတွင်း၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌနှင့်ဇနီး၊ ကိုရီးယားတပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကိုရီးယားတပ်မတော်ပူးတွဲ စစ်ဦးစီးချုပ်များ ဥက္ကဋ္ဌနှင့်ဇနီးတို့အား ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ကိုရီးယားတပ်မတော်ပူးတွဲ စစ်ဦးစီးချုပ်များဥက္ကဋ္ဌနှင့် ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့က နှစ်နိုင်ငံ တေးသီချင်းများ၊ အကပဒေသာများဖြင့် ဖျော်ဖြေကြသည်။

ညစာ သုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌနှင့် ဇနီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး သီဆိုကပြဖျော်ဖြေကြသော မြဝတီတေးဂီတအဖွဲ့မှ စစ်သည်၊ စစ်သမီးများအား ဂုဏ်ပြုပန်းခြင်းများ အသီးသီးပေးအပ်ကြကာ အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဒို့ကျေးရွာအလှ ရှုမဝရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်

နေပြည်တော် ဇန်နဝါရီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဓာတ်ပုံ၊ ကျွမ်းကျင်ဝန်ထမ်းများအား ဓာတ်ပုံပညာ အရည်အသွေး တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ "ဒို့ကျေးရွာအလှ ရှုမဝ" ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ပွဲကို ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံခန်းမ၌ ကျင်းပသည်။

ဓာတ်ပုံပြိုင်ပွဲတွင် ကျေးရွာများ၏ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ၊ မြန်မာ့ကျေးလက်သဘာဝရှုခင်းများ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ချစ်စဖွယ်ကျေးလက်ဒေသအလှရှုခင်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအဖြစ် ဝင်ငွေတိုးကာ ဖွံ့ဖြိုးတိုးတက်နေသည့် ကျေးလက်ဒေသ၏ဖွံ့ဖြိုးမှုပုံရိပ်များနှင့် ကျေးလက်ရိုးရာပွဲတော်များအကြောင်းကို ရိုက်ကူးပုံဖော်ထားသည့် ဓာတ်ပုံများဖြင့် ပြိုင်ပွဲဝင် ၁၂၈ ဦး၏ ပြိုင်ပွဲဝင်ဓာတ်ပုံ ၂၆၇ ပုံ ပေးပို့ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်ကြီးများက အကဲဖြတ်စိစစ်ရွေးချယ်ခဲ့ကြသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု ဦးကျော်ခဲ(ဓာတ်ပုံကျွမ်းကျင်-၂) ထီးချိုင့်မြို့နယ်ရုံး၊ ဒုတိယဆု ဦးမင်းလွင်ဦး (ဓာတ်ပုံကျွမ်းကျင်-၂) တန့်ယန်းမြို့နယ်ရုံး၊ တတိယဆု ဦးကျော်သန်း(ဓာတ်ပုံကျွမ်းကျင်-၂) ပေါက်တောမြို့နယ်ရုံးကလည်းကောင်း၊ အထူးဆုများအဖြစ် ဦးကျော်မျိုးသီဟ(စာပေလက်ထောက်-၂) ရုံးချုပ်၊ ဦးနန်ရှင်းခိုင်(ဓာတ်ပုံကျွမ်းကျင်-၂) ရုံးချုပ်၊ ဦးစိုးမင်းဦး (ဓာတ်ပုံကျွမ်းကျင်-၂) ငါးသိုင်းချောင်းမြို့နယ်ရုံးတို့က ဆုရရှိခဲ့ကြောင်း သိရသည်။ **ဇင်ခန့်နိုင်**

အိမ်ထောင်စုများ၏ နေထိုင်စားသောက်စရိတ်များ အခြေအနေစစ်တမ်းကောက်ယူခြင်းကို ဇန်နဝါရီ ၂၆ ရက်နေ့စမည်

နေပြည်တော် ဇန်နဝါရီ ၂၂

အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအထောက်အကူဖြစ်စေရန်အတွက် အိမ်ထောင်စုများ၏ နေထိုင်စားသောက်စရိတ်များ အခြေအနေစစ်တမ်းကို ဇန်နဝါရီ ၂၆ ရက်နေ့မှစတင်၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ် ၁၀၈ မြို့နယ်၌ အိမ်ထောင်စု ၂၂၀၃၂ စုအား စစ်တမ်းကောက်ယူမည်ဖြစ်သည်။

အဆိုပါအိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်များအခြေအနေ စစ်တမ်းကောက်ယူမှုကို ပြည်သူများသိရှိပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနက ပြည်သူများထံ မေတ္တာရပ်ခံ အသိပေးထားကြောင်း သိရှိရသည်။ **သန်းဦး(လေးမျက်နှာ)**

စာပေမြင့်မှ လူမျိုးတင့်မည်

နတ်မောက်မြို့၌ အချိန်အခါမဲ့ မိုးရွာ

နတ်မောက် ဇန်နဝါရီ ၂၂ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ဇန်နဝါရီလ ၁၆ ရက်မှ ၁၉ ရက်အထိ အချိန်အခါမဲ့မိုးများ ရွာသွန်းခဲ့ကြောင်း တွေ့ရသည်။ မိုးလေဝသအသိပေးကြေညာချက်ကြောင့် ဇန်နဝါရီ ၁၅ ရက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသအတွင်းရှိ ကျေးရွာအုပ်စုအားလုံးသို့ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းများအတွက် ကြိုတင်အသိပေးထားခဲ့ပြီး ဖြစ်ကြောင်းသိရသည်။ ဒေသအတွင်း လက်ရှိစိုက်ပျိုးပြီး သီးနှံများအပေါ် ထိခိုက်မှုမရှိခဲ့သော်လည်း ရာသီဥတု ရုတ်တရက် ပြောင်းလဲမှုဖြစ်စဉ်ကြောင့် စိုက်ခင်းများ ပိုးမွှားရောဂါကြရောက်မှုမရှိစေရေး ကင်းထောက်စနစ်ဆောင်ရွက်ခြင်း၊ တောင်သူအသိပေးဆွေးနွေးခြင်းများ ဆောင်ရွက်ထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းထံမှ သိရသည်။ ယခုအခါ တောင်သူများအနေဖြင့် စိုက်ခင်းဖြည့်ရေရရှိခြင်း၊ လယ်မြေယာမြေအားလုံး နွေထယ်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်လျက်ရှိသည်။ **ဉမ္မာခင်**

ပုဂ္ဂလိကပိုင်အသေးစားစက်မှုဥယျာဉ် (Light Industrial Park) တည်ထောင်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မလစ်ကျေးရွာအနီး ကွင်းအမှတ်(၁၁၀၄)၊ ဦးပိုင်အမှတ်(၇)၊ ကွင်းအမှတ်(၁၁၀၅/ခ)၊ ဦးပိုင်အမှတ်(၁၅)၊ ကွင်းအမှတ် ၁၁၀၆၊ ဦးပိုင်အမှတ် ၈/၁၃/၂၇၊ ကွင်းအမှတ် ၁၁၀၇၊ ဦးပိုင်အမှတ် ၅/၂၁၊ ကွင်းအမှတ် ၁၁၀၈၊ ဦးပိုင်အမှတ် ၂၊ ကွင်းအမှတ် ၁၁၀၈/က၊ ဦးပိုင်အမှတ် ၅ရှိ မြေဧရိယာများ၏တစ်စိတ်တစ်ဒေသတွင် ပါဝင်သည့် မြေဧရိယာဧက(၄၀၀)ပေါ်တွင် ပုဂ္ဂလိကပိုင် အသေးစားစက်မှုဥယျာဉ်(Light Industrial Park)တည်ထောင်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီ/အဖွဲ့အစည်းများအနေဖြင့် အောက်ပါအဆိုပြုလွှာများကို သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **ကျွမ်းကျင်မှုနည်းပညာဆိုင်ရာအဆိုပြုလွှာ**တွင် လုပ်ငန်းဒီဇိုင်း၊ တည်ဆောက်မှုကြီးကြပ်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှုအစီအစဉ်၊ အဆင့်အလိုက် ဆောင်ရွက်မည့်အစီအစဉ်များ၊ လုပ်ငန်းလည်ပတ်လုပ်ကိုင်ခြင်း၊ လုပ်ငန်းထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ အချက်အလက်များ၊ အလားတူလုပ်ငန်းအတွေ့အကြုံနှင့် စာချုပ်ချုပ်ဆိုခဲ့မှုများ ဖော်ပြပါရှိရမည်။

(ခ) **ငွေကြေးဆိုင်ရာအဆိုပြုလွှာ**တွင် လုပ်ငန်းအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ၊ လုပ်ငန်းအဆင့်အလိုက် ကုန်ကျမည့်ရင်းနှီးမြှုပ်နှံမှုပမာဏ၊ နှစ်ဦးနှစ်ဖက် အကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ အဆိုပြုတင်ပြချက်တို့ကိုဖော်ပြရမည်။ ထို့ပြင် တင်ဒါတင်သွင်းသူ၏ လွန်ခဲ့သောသုံးနှစ်အတွက် စာရင်းစစ်ဆေးပြီး ငွေကြေးအစီရင်ခံစာ၊ လုပ်ငန်းအတွက် ငွေကြေးအရင်းအမြစ်တို့ ဖော်ပြပါရှိရမည်။

၂။ တင်ဒါတင်သွင်းသူများအနေဖြင့် ၂၄-၂-၂၀၁၅ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အတွင်းရေးမှူးရုံးခန်းရှိ တင်ဒါပုံးတွင် မှတ်ပုံတင်၍ တင်ဒါအဆိုပြုလွှာများကို တင်သွင်းရပါမည်။

၃။ တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက်ကို ဆက်သွယ်အကြောင်းကြားပါမည်။

၄။ တင်ဒါလျှောက်လွှာကို ၂၆-၁-၂၀၁၅ရက်မှစ၍ တစ်စုံလျှင်(၅၀၀၀၀ိ/-) (ကျပ်ငါးသောင်းတိတိ)ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါတင်သွင်းမှုအာမခံအဖြစ်(၁၀၀၀၀၀၀၀၀ိ/-)(ကျပ်သိန်းတစ်ထောင်)ကို မြန်မာ့စီးပွားရေးဘဏ်တွင် ကြိုတင်ပေးသွင်းရပါမည်။

၆။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီ/အဖွဲ့အစည်းများအနက် အများပိုင်ကုမ္ပဏီ(Public Company)ကို ဦးစားပေးရွေးချယ်ပါမည်။

တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိသွားသော မခိုင်လေး(ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ခိုင်သင်းကြည်)အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် **နတ်ပန်းချီပိုးထည်**မှ ပိုးချိတ်အဆင်ဆန်းအား လှပတင့်တယ်စွာ ဝတ်ဆင်ပေးခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

နတ်ပန်းချီပိုးထည်
Junction Square,Yangon
Junction Nay Pyi Taw

ပြည်တွင်းသတင်း

စွန့်လွှတ်မြေများအား ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၂

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ထွက်ခွာခဲ့ရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်အတူ အမရပူရမြို့နယ်ရှိ သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံသို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းတို့က ဆောင်းဒါးရက်ကန်းကျောင်း စတင်ပေါ်ပေါက်လာပုံ သမိုင်းကြောင်း၊ တည်နေရာ၊ အကျယ်အဝန်း၊ စက်ရက်ကန်းအဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ ဦးစီးဌာနအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်ကျောင်းများ ဖွင့်လှစ်ထားရှိမှု၊ ဖွင့်လှစ်ထားရှိရခြင်း ရည်ရွယ်ချက်၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံအဆင့်တိုးမြှင့်နိုင်ခဲ့မှု၊ သိပ္ပံနှင့် ကျောင်းများတွင် ပို့ချလျက်ရှိသော သင်တန်းများ၊ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ရက်ကန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နှစ်အလိုက် သင်တန်းများ ပို့ချနိုင်ခဲ့မှု၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ပူးပေါင်း၍ ပြည်နယ်များတွင် သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ခဲ့မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၏ မျှော်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံ၏အကောင်းဆုံးသော ရက်ကန်းစင်တာနှင့် အရှေ့တောင်အာရှ၏ သဘာဝဆိုးဆေးနှင့် လက်ရက်ထည် ကဏ္ဍထိပ်တန်းနည်းပညာ သင်ကြားပေးနိုင်သည့် ကျောင်းအဖြစ် ရပ်တည်သွားနိုင်ရေး ကြိုးပမ်းသွားရန်ဖြစ်ပါကြောင်း၊ ဆောင်းဒါးရက်ကန်းသိပ္ပံမှာ သမိုင်းအစဉ်အလာကြီးမားသည့် ကျောင်းကြီးဖြစ်ပြီး "လွန်းပြန်အစဆောင်းဒါးက"ဟူသည့် ဆောင်ပုဒ်ကို တန်ဖိုးထားရမည်ဖြစ်ကြောင်း၊ ရိုးရာရက်ကန်းအမွေအနှစ်များကို ဆက်လက်ရပ်တည်နိုင်ရေး၊ ရှင်သန်နိုင်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့်နေရာဖြစ်အောင် ဖန်တီးသွားရန်၊ ဆောင်းဒါးရက်ကန်းရက်ထည်များအား ဈေးကွက်ထိုးဖောက်ရာတွင် စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် တီထွင်ဖန်တီးနိုင်ရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် စက်ရက်ကန်းအလုပ်ရုံ၊ မြန်မာလက်ရက်အထည် ထုတ်လုပ်မှုပြခန်း၊ တိုင်းရင်းသားရိုးရာ ဂျပ်ခုတ်လုပ်ငန်း၊ ရိုးရာလွန်းရာကျော် အချိတ်ပြခန်း၊ ဒီဇိုင်းနှင့်အထည်ဆေးရေးပြခန်း၊ တိုင်းရင်းသားရိုးရာဝတ်စုံပြခန်းနှင့် အရောင်းပြခန်းတို့အား လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတွင် တရားရေးမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော Mr.L.H Saunder က အင်္ဂလန်မှ လွန်းပြန်လက်ခတ်တစ်ခုကို ယူဆောင်၍ အမရပူရမြို့တွင်ရှိသော ရိုးရာလက်ရက်ကန်းစင်၌ တပ်ဆင်အသုံးပြုခဲ့ပြီး ရက်ကန်း အတတ်ပညာများကို ကျယ်ပြန့်စွာ သင်ကြားပေးနိုင်ရန် ၁၉၁၄ ခုနှစ်တွင် အမရပူရမြို့ ယခုလက်ရှိနေရာ၌ ရက်ကန်းပညာသင်ကျောင်းတစ်ကျောင်းကို စတင်တည်ထောင်ခဲ့သည်။ ရက်ကန်းပညာသင်ကျောင်းကို စတင်တည်ထောင်ပေးခဲ့သော Mr.L.H Saunder ကို ဂုဏ်ပြုသောအားဖြင့် ယင်းရက်ကန်းကျောင်းကို ဆောင်းဒါးရက်ကန်းကျောင်းဟု အမည်ပေးခြင်းဖြစ်ပြီး ယခုအခါ နှစ် ၁၀၀ တိုင်ခဲ့ပြီဖြစ်သည်။

ဆောင်းဒါး ရက်ကန်းနှင့် အသက်မွေးသိပ္ပံသည် ဒေသအသီးသီးရှိ အထက်တန်းရက်ကန်းကျောင်းရှစ်ကျောင်း၊ အခြေခံရက်ကန်းကျောင်း ငါးကျောင်းတို့နှင့် ချိတ်ဆက်ကာ သင်ကြားပို့ချပေးနေသော ကျောင်းကြီးဖြစ်ပြီး ဒီပလိုမာလက်မှတ်များ ပေးအပ်ချီးမြှင့်လျက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတသည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်း(၁)မှ(၇)ထိ သိမ်းဆည်းမြေများအပေါ် ဖြေရှင်းဆောင်ရွက်နေမှု၊ တိုင်းဒေသကြီး မြေယာခန့်ခွဲမှုကော်မတီအနေဖြင့် သိမ်းဆည်းမြေများ ပြန်လည်စွန့်လွှတ်ပေးနေမှု၊ အမှုတွဲလက်ကျန်အခြေအနေ၊ မြေရိုင်း၊ တောရိုင်းမြေများ ကျန်ရှိမှု၊ လယ်မဲ့၊ ယာမဲ့ စာရင်းကောက်ခံထားမှု၊ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆောင်ရွက်ပေးနေမှုနှင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မန္တလေးတိုင်းဒေသကြီး အတွင်း၌ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ၊ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှပေးပို့သည့် အစီရင်ခံစာများအပေါ် မန္တလေးတိုင်းဒေသကြီး မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်ရမည့် မြေအမှုကိစ္စများနှင့် ပတ်သက်၍ စိစစ်ပြီးစီးမှုအပေါ် ပြည်သူများလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်မှု အခြေအနေများကို လည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဦးဝင်းမြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်တို့က ၎င်းတို့ဝန်ကြီးဌာနအလိုက် သိမ်းဆည်းမြေများ ပြန်လည်လွှဲပြောင်းပေးနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် သိမ်းဆည်းမြေများနှင့်ပတ်သက်၍ ပြန်လည်စွန့်လွှတ်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် ရင်ဆိုင်နေရသော ကြီးမားသည့် စိန်ခေါ်မှုများထဲတွင် မြေယာပြဿနာများလည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ မြေယာပြဿနာများ ကြီးမားစွာပေါ်ပေါက်လာရခြင်းမှာ စနစ်ဟောင်း၏ လုပ်ထုံးလုပ်နည်းများရှုပ်ထွေးခြင်း၊ ပိုင်ဆိုင်မှုအထောက်အထားပုံစံများ စစ်ဆေးရန်ခက်ခဲခြင်း၊ ခေတ်နှင့်လျော်ညီမှုမရှိတော့သည့် လုပ်ထုံးလုပ်နည်းဟောင်းများ၊ ဥပဒေဟောင်းများ ပါရှိနေခြင်းကြောင့် ဖြစ်ပါကြောင်း၊ ယင်းအားနည်းမှုကို အခွင့်ကောင်းယူကာ စီမံကိန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်း၊ ဒေသခံများ၏ သဘောထားများကို လျစ်လျူရှုခြင်းများကြောင့်လည်း မြေယာပြဿနာများ ပေါ်ပေါက်နေရခြင်း ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီဝင်များနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများသည် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေများနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှပေးပို့သည့် မြေကိစ္စများ၊ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီမှပေးပို့သည့် မြေကိစ္စများနှင့် ပတ်သက်၍ စိစစ်ဖြေရှင်းရာတွင် ညှိနှိုင်းပေါင်းစပ်ပြီး အလေးအနက်ထားဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ စွန့်လွှတ်မြေများအား သက်ဆိုင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဂတိတရားကင်းရှင်းမှု၊ စေတနာမှန်သော စာနာထောက်ထားမှုများဖြင့် သက်ဆိုင်သူများသို့ တည်ဆဲဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ လွှဲပြောင်းပေးအပ်ကြရန် ဖြစ်ပါကြောင်း၊ ပေးအပ်ရန် ကျန်မြေများအား ထပ်မံစိစစ်ပြီး လွှဲပြောင်းပေးအပ်သင့်သည့် မြေများဖြစ်ပါက အမြန်ဆုံး လွှဲပြောင်းပေးအပ်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်မှုအပိုင်းများတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိနေခြင်းများကိုလည်း ပိုမိုလွယ်ကူရှင်းလင်းမည့် လုပ်ငန်းစဉ်များနှင့် ဖြည့်စွက်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

ထို့ပြင် တိုင်းဒေသကြီးအပါအဝင် အဆင့်ဆင့်သော မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဝင်များအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှု အချိန်ဇယားရေးဆွဲထားရှိပြီး အမြဲမပြတ် စောင့်ကြည့်စစ်ဆေးလျက် မြေယာကိစ္စများအား အမြန်ဆုံး ဥပဒေနှင့်အညီ ထိရောက်လျင်မြန်စွာ ပြီးပြတ်နိုင်ရေးညှိနှိုင်းပေါင်းစပ်၍ အလေးထား ဖြေရှင်းဆောင်ရွက်ကြရန် လိုပါကြောင်းဖြင့် ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးနှင့် သက်ဆိုင်သည့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေများနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်မှ ပေးပို့လာသည့်အစီရင်ခံစာ အပိုဒ် ၁ မှ ၇ ထိ မြေအမှုတွဲ ၅၇၆ မှုရှိပြီး စိစစ်ပြီးအမှုတွဲ ၅၄၆ မှု၊ စိစစ်ဆဲအမှု ၃၀ ရှိကြောင်း၊ စိစစ်ပြီးအမှု ၅၄၆ မှုတွင် စွန့်လွှတ်မြေ ၁၃၆၂၉ ဒသမ ၇၁၆ ဧကနှင့် အစီရင်ခံစာတွင် မပါရှိသော်လည်း ကာကွယ်ရေးဝန်ကြီးဌာနမှ သီးခြားပြန်လည်စွန့်လွှတ်မြေ ၃၂၇၇ ဒသမ ၂၈၃ ဧကဖြစ်၍ စုစုပေါင်းစွန့်လွှတ်မြေမှာ ၁၆၉၀၆ ဒသမ ၉၉၉ ဧကဖြစ်ကြောင်း သိရပြီး သက်ဆိုင်ရာတောင်သူ ၂၇၆၁ ဦးထံသို့ မြေ ၁၀၀၄၂ ဒသမ ၃၀၄ ဧကနှင့် သက်ဆိုင်သည့်ဌာနများသို့ ၆၂၉၈ ဒသမ ၇၁၃ ဧက စုစုပေါင်း ၁၆၃၄၁ ဒသမ ၀၁၇ ဧက ပြန်လည်လွှဲပြောင်းပေးအပ်ပြီးဖြစ်သည်။

၎င်းအပြင် စိစစ်ဆဲအမှုများကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ တောင်သူများထံသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တံတားဦးမြို့နယ် ဥယျာဉ်ကျေးရွာသို့ သွားရောက်ပြီး ရွှေဥယျာဉ်ကျောင်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတအား ကျောင်းဝင်းအတွင်းရှိ အသောကမ္ဘာရုံ၌ တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တို့အတွင်း နိုင်ငံတော်ကခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်ခဲ့မှုတို့ကို လည်းကောင်း၊ ရတနာပုံတယ်လီပို့မှ အင်ဂျင်နီယာ ဦးမောင်မောင်လွင်က ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယသမ္မတက ရေရှည်တည်တံ့ခိုင်မြဲသည့် ကျေးရွာမီးရရှိရေး စနစ်ဖြစ်စေရန် လိုအပ်ချက်အားလုံးကို ဘက်စုံထည့်သွင်းစဉ်းစားစီမံဆောင်ရွက်သွားရန် လိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကျေးရွာအတွင်း ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ထားရှိမှု၊ ဥယျာဉ်ကျေးရွာနှင့် ကျီးပင်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် သဗ္ဗသုခမေတ္တာ ကြိုးတံတားတို့ကို ကြည့်ရှုပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်နှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တို့အတွင်း ကျေးရွာပေါင်း ၁၃၃ ရွာကို မီးလင်းပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနဝင်းအတွင်း ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်ထိကျင်းပမည့် မြန်မာနိုင်ငံ ငါးလုပ်ငန်းဆိုင်ရာ ပြပွဲပြိုင်ပွဲအတွက် ကြိုတင်ခင်းကျင်းထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မန္တလာသီရိ အားကစားကွင်းသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ခံညွှန်ကြားရေးမှူးတို့က အားကစားကွင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက အားကစားကွင်းကြီး ရေရှည်တည်တံ့ ကောင်းမွန်ရေး၊ ပြည်သူလူထုအတွက် အကျိုးရှိရှိ အသုံးပြုနိုင်ရေးတို့အတွက် စနစ်တကျစီမံဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

■ မြေယာပြဿနာများ ကြီးမားစွာပေါ်ပေါက်လာရခြင်းမှာ စနစ်ဟောင်း၏ လုပ်ထုံးလုပ်နည်းများရှုပ်ထွေးခြင်း၊ ပိုင်ဆိုင်မှုအထောက်အထားပုံစံများ စစ်ဆေးရန်ခက်ခဲခြင်း၊ ခေတ်နှင့်လျော်ညီမှုမရှိတော့သည့် လုပ်ထုံးလုပ်နည်းဟောင်းများ၊ ဥပဒေဟောင်းများ ပါရှိနေခြင်းကြောင့်ဖြစ်။

■ မြေယာကိစ္စများအား အမြန်ဆုံးဥပဒေနှင့်အညီ ထိရောက်လျင်မြန်စွာ ပြီးပြတ်နိုင်ရေး ညှိနှိုင်းပေါင်းစပ်၍ အလေးထားဖြေရှင်းဆောင်ရွက်။

သမိုင်းဝင်မြသလွန်စေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ၊ စိန်ဖူးတော် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကျင်းပ

မကွေး ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး မကွေးမြို့ သမိုင်းဝင်မြသလွန်စေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော် ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် နံနက် ၇ နာရီခွဲက မြသလွန်စေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြသလွန်စေတီတော် မဟာဝိဇယရံသီ တန်ဆောင်းတော်၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရာဇမုနိတောင်ပေါ်ကျောင်း မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသ ထံမှ ငြိမ့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (ဗန်းမော်ဆရာတော်) အမှူးပြုသော ဩဝါဒါစရိယဆရာတော်များ ရွတ်ဖတ်တော်မူသော ပရိတ်တရားတော်များကို ငြိမ့်ပရိသတ်များက နာယူခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်မိသားစုက သမိုင်းဝင်မြသလွန်စေတီတော် ရတနာစိန်ဖူးတော်ကို နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော်ထံ ကပ်လှူပူဇော်ပြီး ငှက်မြတ်နားတော်ကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နယ်မြေခံတပ်မှအရာရှိကြီးများ၊ အလှူရှင်များက ကပ်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် မိသားစုက ရတနာစိန်ဖူးတော် တင်ဆောင်သော ဝေါယာဉ်ကိုလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှအရာရှိကြီးများက ငှက်မြတ်နားတော်တင်ဆောင်သော ဝေါယာဉ်ကိုလည်းကောင်း ပင့်ဆောင်၍ မြသလွန်စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်သည်။ မင်္ဂလာအချိန်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်များနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ငှက်မြတ်နားတော် တင်ဆောင်သည့် ဝေါယာဉ်ကို စက်ခလုတ်နှိပ်၍ မြသလွန်စေတီတော် အထွတ်သို့ပင့်ဆောင်ပြီး ရတနာစိန်ဖူးတော်ကို ဆက်လက်ပင့်ဆောင်ပူဇော်ခဲ့ကြသည်။ ဆက်လက်၍ ဆရာတော် သံဃာတော်များက ဇယန္တောဗောဓိယာမူလေ အစချီ ဇယမင်္ဂလာအောင်ဂါထာကို ရွတ်ဆိုပူဇော်ကာ တံခွန်တိုင်ရှိ ရွှေထီးတော်ကိုတင်လှူပူဇော်ပြီး ရတနာ ရွှေမိုးငွေမိုးများရွာသွန်းကာ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ သမိုင်းဝင်မြသလွန်စေတီတော်ရှိ နိဗ္ဗာန်ဆိပ်ကူးတံတား ဖွင့်ပွဲအခမ်းအနားကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ မကွေးတိုင်းဒေသကြီး သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တံတားမုခ်ဦးတိုင်ကို ပရိတ်ရည်နှင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခဲ့ကြသည်။

သန်းနိုင်ဦး(ငဖဲ)

(၄၁)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ စည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်နှင့် ဆက်စပ်အစည်းအဝေးများကို ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ယနေ့နံနက် ၉ နာရီတွင် (၄၁)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယားနှင့် ရုရှားနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာအစီအစဉ် ၂၀၁၀-၂၀၁၅ ကို အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များဖြစ်သည့် ဈေးကွက်မြှင့်တင်ရေး၊ အရည်အသွေးမီ ခရီးသွားလုပ်ငန်းအဖြစ် မြှင့်တင်နိုင်ရေး၊ အာဆီယံ ခရီးသွားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဒေသတွင်းသွားလာလုပ်ကိုင်မှု အဆင်ပြေစေရေး၊ အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ၂၀၁၅ ခုနှစ် နှောင်းပိုင်းကာလအတွက် အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာအစီအစဉ် ၂၀၁၆-၂၀၂၅ စီမံကိန်းရေးဆွဲ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြပြီး အဖွဲ့ဝင်နိုင်ငံများက ၎င်းတို့နိုင်ငံအသီးသီး၏ ခရီးစဉ်ဒေသများဆိုင်ရာ သတင်းအချက်အလက်များ၊ အထင်ကရ ခရီးစဉ်ဒေသများနှင့် ခရီးစဉ်ဆွဲဆောင်မှုများကို ချပြဆွေးနွေးကြကြောင်း သိရသည်။

သတင်း-ဇင်ဦး(မြန်မာ့အလင်း)
ဓာတ်ပုံ-သက်မွန်ဦး

❖ ရှေ့ဖုံးမှ

ပိုမိုဖွံ့ဖြိုးလာဖို့ ပြည်တွင်းလုပ်ငန်းရှင်တွေကို အခွင့်အရေးတွေ ပိုပေးလာနိုင်တာကြောင့် ထုတ်လုပ်မှုအရည်အသွေးပိုင်းလည်း ပိုမိုကောင်းမွန်လာတာကို စတင်တွေ့ရှိနေပါပြီ။ တစ်နှစ်လုံးမှာ လက်ရှိ တန်တစ်သန်းခွဲလောက်ပို့နေရာကနေ နှစ်သိန်းခွဲလောက်အထိ တင်ပို့နိုင်အောင် ဈေးကွက်ရှာဖွေရေး မြှင့်တင်နေတယ်"ဟု ဦးနေလင်းဇင်က ပြောကြားသည်။

တရုတ်ဈေးကွက်အတွင်း တရားဝင် တင်ပို့ရန်အတွက် တရုတ်နိုင်ငံမှ အရည်အသွေးစစ်ဆေးမည့် စီစီအိုင်စီမှလည်း လကုန်တွင် ပြည်တွင်းသို့ လာရောက်ကာ စစ်ဆေးခြင်းများ စတင်ဆောင်ရွက်ရန် ရှိသည့်အပြင် တင်ပို့နိုင်ရေးအတွက် မြန်မာ့လယ်ယာစီးပွားအများပိုင် ကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းမှ အက်ဖ်အာပီကုမ္ပဏီ၊ မြန်မာနိုင်ငံ ဆန်စက်အသင်းက ဖွဲ့စည်းထားသော Myanmar Rice Mill၊ ကုန်သည်၊ စက်မှုလုပ်ငန်းရှင်များအသင်းမှ Golden Land East Asia၊ ဘုရင့်နောင်လုပ်ငန်းရှင်များ၊ မန္တလေး ဆန်လုပ်ငန်းရှင်များနှင့် မူဆယ်ဆန်လုပ်ငန်းရှင်များ စုစည်းဖွဲ့စည်းထားသော ကုမ္ပဏီများ၊ ဧရာပုသိမ်ကုမ္ပဏီ၊ ရခိုင်ဆန်စပါးကုမ္ပဏီတို့ကို တင်ပို့ခွင့်ရရှိရန် သတ်မှတ်ရွေးချယ်ပေးထားပြီဖြစ်သည်။

"အခုရွေးချယ်တဲ့ ကုမ္ပဏီတွေက ကနဦးတင်ပို့ခွင့်ရမှာဖြစ်ပြီး နောက်ပိုင်းမှာ အရည်အသွေးကြီးကြပ်ရေး၊ စစ်ဆေးရေးနဲ့ ပိုးမွှားကင်းစင်ရေးတွေကို နှစ်နိုင်ငံတာဝန်ရှိသူတွေက ပူးပေါင်းစစ်ဆေးပြီး တင်ပို့နိုင်မယ်။ တရုတ်ရဲ့ ပထမဆုံးတရားဝင် မှာယူမှုက တန်ချိန် နှစ်သန်းဖြစ်ပါတယ်။ အရည်အသွေးဆိုင်ရာ စစ်ဆေးမှုတွေကို လကုန်မှာ စတင်နိုင်မှာဖြစ်တယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာစိုးထွန်းက ပြောကြားသည်။

ထို့အပြင် ပြည်ပသို့ ပေါင်းဆန်များ တင်ပို့ခွင့် ပိုမိုရရှိရေးအတွက် ကြိုးပမ်းနေပြီး ၂၀၁၄ ခုနှစ်အတွင်း ပြည်ပသို့ ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄၃ သန်းတန်ဖိုးရှိ တန်ချိန်ပေါင်း ၉၁၄၉၆၉ မက်ထရစ်တန်ကို တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ထိုအထဲတွင် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၇၄ သန်းရှိပြီး ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်ခဲ့သည့် ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၇၀ သာ ရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စစ်တမ်းများအရ သိရှိရသည်။ **(မြန်မာ့အလင်း)**

စာကြည့်တိုက်ပညာဖိုရမ် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းကဦးဆောင်၍ ပထမအကြိမ် စာကြည့်တိုက် ပညာဖိုရမ် (Library Forum)ကို ဇန်နဝါရီ ၂၇ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထိပ်ရှိ စာပေဗိမာန်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဖိုရမ်တွင် "ပြောင်းလဲနေသောစာစုများနှင့် သုတပညာ" ခေါင်းစဉ်ဖြင့် ဆရာကြီး ဦးသော်ကောင်း၊ ဒေါ်မြတ်စန်းငြိမ်းနှင့် ဒေါ်အဝင်းတို့က ဆွေးနွေးကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

ခင်ချိုဝင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဆောက်လုပ်ရေးလုပ်ငန်းအတွက် Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် တက္ကသိုလ်များတွင် အောက်ပါ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Open Tender များ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က)	စက်မှုနှင့်သက်မွေးပညာဦးစီးဌာန (တောင်ပိုင်းရုံးခွဲ)	Secondary Standard Dosimetry Laboratory (SSDL) (၅၅'×၄၈') RC နှစ်ထပ် တစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း
(ခ)	မန္တလေးနည်းပညာတက္ကသိုလ်	စွမ်းအင်သုတေသနဌာနအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း

၂။ အဆိုပါလုပ်ငန်းများသည် အချိန်အကန့်အသတ်ဖြင့် ဆောင်ရွက်ရမည့် အဆောက်အအုံဖြစ်သည့်အတွက် ကျွမ်းကျင်နိုင်နင်းစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်နိုင်သူကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၁-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁နှင့် ၀၆၇-၄၀၄၀၀၇တို့သို့ စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ရိက္ခာဆန်ဝယ်ယူရေး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး၊ လွိုင်ကော် အကျဉ်းထောင်ရှိ အကျဉ်းသား/အကျဉ်းသူများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သည့် ရိက္ခာဆန်(၂၀၁၀)အိတ်အား ဝယ်ယူရန်ရှိပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ရောင်းချသွားပါမည်။ တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ လွိုင်ကော်အကျဉ်းထောင် ဖုန်း ၀၈၃-၂၁၀၀၉ နှင့်ကယားပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန ဖုန်း-၀၈၃-၂၄၀၀၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၅-၁-၂၀၁၅ ရက်၊ ၀၉း၀၀နာရီ
တင်ဒါပုံစံအရောင်းပိတ်ရက် - ၃-၂-၂၀၁၅ ရက်၊ ၁၆း၃၀နာရီ
တင်ဒါဖွင့်မည့်ရက် - ၄-၂-၂၀၁၅ ရက်၊ ၀၉း၀၀နာရီ

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့



ဆောင်းပါး

ရာသီဥတုပြောင်းလဲမှုရပ်တန့်ရေး မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချပေး

ဟာရင်နိုင်တီယမ်း(မိုး/ဇလ)

ယနေ့အချိန်အခါတွင် ကမ္ဘာတစ်ဝန်းလုံး၌ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဖြစ်သော လွန်ကဲမိုးလေဝသဖြစ်စဉ်များ၊ ယင်းဖြစ်စဉ်များ၏ နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်ကျရောက်မှု ကြိမ်နှုန်းတိုးလာခြင်းကို ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးအပတ်တွင် ထိုင်းနိုင်ငံတောင်ပိုင်း၊ မလေးရှားနိုင်ငံမြောက်ပိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့တွင် တွေ့ကြုံရသော ရေကြီးခြင်းနှင့် မြေပြိုခြင်းဖြစ်ရပ်များသည်လည်း ယခင်တွေ့ကြုံခဲ့သောဖြစ်ရပ်များထက် များစွာလွန်ကဲကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ဂျပန်၊ ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့တွင် ၂၀၁၄ ခုနှစ်သည် စံချိန်တင်အပူဆုံးနှစ်ဖြစ်ကြောင်းနှင့် ဩစတြေးလျနိုင်ငံတွင် ၁၉၁၀ ပြည့်နှစ်မှစတင်သော မှတ်တမ်းများအရ အပူဆုံး ၁၀ နှစ်ကို ၂၀၀၂ ခုနှစ်နောက်ပိုင်းတွင် တွေ့ကြုံရပြီး ၂၀၁၃ ခုနှစ်သည် စံချိန်တင်အပူဆုံးနှစ်နှင့် ၂၀၁၄ ခုနှစ်သည် တတိယအပူဆုံးနှစ်ဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၀ ပြည့်နှစ် မေလတွင် မြင်းမူမြို့၌ ၄၇ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ဖြင့် အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်း၊ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် တောင်ကုတ်မြို့၌ ၁၂ နာရီအတွင်း မိုးရေချိန် ၂၉ ဒသမ ၁၀ လက်မတိုင်းထွာရရှိကာ မိုးရေချိန်စံချိန်သစ် တင်ခြင်းစသည့် လွန်ကဲ မိုးလေဝသဖြစ်စဉ်များနှင့်အတူ မုတ်သုံအဝင်နောက်ကျခြင်းနှင့် အထွက်စောခြင်းကြောင့် မုတ်သုံကာလလျော့နည်းလာခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှု ပိုမိုလာခြင်း၊ အချိန်တိုအတွင်း သည်းထန်စွာ ရွာသွန်းခြင်းကြောင့် လျှပ်တစ်ပြက် ရေကြီးခြင်း၊ အအေးပေါ့သည့် ဆောင်းညများတိုးလာခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်သည့်အချိန်နှင့် မြန်မာနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်သည့် မုန်တိုင်းလမ်းကြောင်း အနည်းငယ်ပြောင်းလဲလာခြင်းစသည့် ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်များ တွေ့ကြုံခံစား ကြရပါသည်။

— — —

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း

ရာသီဥတုပြောင်းလဲမှုသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုတည်း၏ အရေးကိစ္စမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးနှင့် သက်ဆိုင်သည်ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးတုံ့ပြန်မှုအနေဖြင့် ၁၉၉၂ ခုနှစ်တွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nation Framework Convention on Climate Change-UNFCCC)ကို ဖွဲ့စည်းခြင်းအားဖြင့် စတင်အရေးယူ ဆောင်ရွက်မှုပြုခဲ့ကြပါသည်။ UNFCCC ၏ အဓိကရည်ရွယ်ချက်မှာ လူ့ပယောဂကြောင့် တစ်စပြီးတစ်စတိုးလာနေသည့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေသည့် အန္တရာယ်ရှိသော မှန်လုံအိမ်ဓာတ်ငွေ့ (Greenhouse Gases-GHGs) လေထုအတွင်းပါဝင်မှု တည်ငြိမ်စေရန်ဖြစ်ပါသည်။ UNFCCCသည် ၁၉၉၄ ခုနှစ် မတ် ၂၁ ရက်တွင် စတင်အာဏာသက်ရောက်ပြီး ယခုအချိန်တွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၅ နိုင်ငံရှိပါသည်။ UNFCCCသည် အဖွဲ့ညီလာခံ(Conference of Parties-COP)အစည်းအဝေးများကို ၁၉၉၄ ခုနှစ်မှစ၍ တစ်နှစ်တစ်ကြိမ်ကျင်းပလာရာ ၂၀၁၄ ခုနှစ်တွင် COP 20ကို ပီရူးနိုင်ငံ လီမာမြို့၌ ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် COP 21ကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပမည် ဖြစ်ပါသည်။

— — —

IPCC ၏ ပဉ္စမအကြိမ်မြောက် ဆန်းစစ်တွေ့ရှိချက် အစီရင်ခံစာ

ပီရူးနိုင်ငံ လီမာမြို့တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ ကျင်းပသော UNFCCC၏ (၂၀)ကြိမ်မြောက် အဖွဲ့ညီလာခံ(COP 20)တွင် IPCC(Inter Governmental Panel on climate change) ဥက္ကဋ္ဌဖြစ်သော Dr.Rajendra K.Pachauri မှ IPCC ၏ ပဉ္စမအကြိမ်မြောက် ဆန်းစစ်တွေ့ရှိချက် အစီရင်ခံစာ (Fifth Assessment Report-AR5) ပါ အရေးကြီးသော အချက်အလက်အချို့ကို တင်ပြရာတွင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ထုတ်လွှတ်သည့် မှန်လုံအိမ်ဓာတ်ငွေ့သည် အဆိုပါ ဆယ်စုနှစ်မတိုင်မီ လွန်ခဲ့သည့်ဆယ်စုနှစ်က သုံးကြိမ် ၏ ထုတ်လွှတ်မှုပမာဏထက်များပြားကြောင်း၊ ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသည့် ကမ္ဘာကြီး၏အပူချိန်တိုးလာမှုကို ၂ ဒီဂရီစင်တီဂရိတ်အထိသာ ကန့်သတ်နိုင်ရေးအတွက် လက်ခံနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက် (မှန်လုံအိမ်ဓာတ်ငွေ့တွင် ပါဝင်သော အဓိကဓာတ်ငွေ့) ထုတ်လွှတ်မှု စုစုပေါင်းပမာဏမှာ 2900 Gt ဖြစ်ကြောင်း၊ သို့ရာတွင် ၂၀၁၁ ခုနှစ်အထိ ထုတ်လွှတ်ပြီးဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏမှာ1900 Gt ဖြစ်၍ နောက်ထပ်လက်ခံနိုင်သည့် ပမာဏမှာ 1000 Gt သာဖြစ်ကြောင်း၊ ဤရာစုနှစ်ကုန်အထိ ကမ္ဘာကြီး၏အပူချိန်တိုးလာမှုကို ၂ ဒီဂရီစင်တီဂရိတ်အထိသာ ကန့်သတ်နိုင်ရေးအတွက် ၂၀၅၀ ပြည့်နှစ်မတိုင်မီ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ၄၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ လျှော့ချရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက လာမည့် ဆယ်စုနှစ်ပေါင်းအနည်းငယ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်လက်ခံနိုင်သည့် ပမာဏ 1000 Gt အထက်ကျော်လွန်နိုင်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် မှတ်တမ်းများအရ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမှာ စွမ်းအင်ကဏ္ဍမှ ၃၅ ရာခိုင်နှုန်း၊ စိုက်ပျိုးရေး၊ သစ်တောနှင့် မြေအသုံးချမှုမှ ၂၄ ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်းများမှ ၂၁ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍမှ ၁၄ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍမှ ၆ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

— — —

ကျိုတိုသဘောတူညီချက်

မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရန် ကွန်ဗင်းရှင်းရှိရုံဖြင့် မလုံလောက်ဘဲ ဥပဒေဖြင့် ထိန်းချုပ်ထားသော ကတိကဝတ်ပါသည့် သဘောတူညီချက်ရှိရန် လိုအပ်သည်နှင့်အညီ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ၌ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသော UNFCCC ၏ သုံးကြိမ်မြောက်အဖွဲ့ညီလာခံ(COP 3)တွင် စက်မှုနိုင်ငံများနှင့် ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းနေသောနိုင်ငံများ(Annex 1 နိုင်ငံများ) သည် မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုကို သတ်မှတ်ထားသည့် နှုန်းအတိုင်း လျှော့ချကြရန် သဘောတူညီကြသည့် ကျိုတိုသဘောတူညီချက်(Kyoto Protocol- KP) ကို အစပြုနိုင်ခဲ့ပါသည်။ ဤKPသည် ဥပဒေနှင့်ထိန်းချုပ် (Legally Binding)ထားပြီးKPတွင်လည်း မြန်မာနိုင်ငံ အပါအဝင် အဖွဲ့ဝင် ၁၉၂ နိုင်ငံရှိကာ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်အာဏာသက်ရောက်ခဲ့ပါသည်။ ဤ Annex1 နိုင်ငံများသည် ကတိကဝတ်ပြုထားသည့် ပထမကာလဖြစ်သော ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း မှန်လုံအိမ်ဓာတ်ငွေ့ခြောက်မျိုး၏ စုစုပေါင်းထုတ်လွှတ်မှုပမာဏကို ၁၉၉၀ ပြည့်နှစ် ထုတ်လွှတ်မှု၏ အောက်သို့ ၅ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချကြရန် သဘောတူညီခဲ့ကြသည်။ ပထမ ကတိကဝတ်ပြုကာလ ကုန်ဆုံးသည့် ၂၀၁၂ ခုနှစ်တွင် COP 18 ကို ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပရာ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် ၂၀၂၀ ပြည့်နှစ်မတိုင်မီ ၁၉၉၀ ပြည့်နှစ်ထုတ်လွှတ်မှု၏ အောက်သို့ ၂၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ဆက်လက်လျှော့ချရန် လိုအပ်ချက်အရ ဒုတိယ ကတိကဝတ်ပြုမည့်ကာလကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၀ ဒီဇင်ဘာလအထိ ရှစ်နှစ်သတ်မှတ်ရန် ဆုံးဖြတ်နိုင်ခဲ့ကြသည်။ ဤဆုံးဖြတ်ချက်ချမှတ်ရာတွင် KP ပါ အချက်အလက် ၁၂ ခုကို ပြင်ဆင်ဆုံးဖြတ်ခြင်းဖြစ်ပြီး ဒိုဟာပြင်ဆင်ချက် (Doha Amendment to Kyoto Protocol) ဟု ခေါ်ဆိုကြသည်။

— — —

ဒိုဟာပြင်ဆင်ချက် (Doha Amendment)

ဒိုဟာပြင်ဆင်ချက်တွင်ပါဝင်သော အဓိကအချက်နှစ်ချက်ရှိရာ ပထမအချက်မှာ မှန်လုံအိမ်ဓာတ်ငွေ့ သတ်မှတ်ချက်ဖြစ်ပြီး ယခင် KP ပါသတ်မှတ်ချက်မှာ Carbon dioxide (CO_2)၊ Methane (CH_4)၊ Nitrous oxide (N_2O)၊ Hydrofluorocarbons (HFCs)၊ Perfluorocarbons (PFCs) နှင့် Sulphur hexafuoride (SF_6) ဟူ၍ ခြောက်မျိုး ပါဝင်သော်လည်း ဒိုဟာပြင်ဆင်ချက်တွင်မူ Nitrogen trifluoride (Nf_3) တစ်မျိုး ထပ်တိုးကာ မှန်လုံအိမ်ဓာတ်ငွေ့တွင် ဓာတ်ငွေ့ခုနစ်မျိုး ပါဝင်လာပါသည်။ ဒုတိယအချက်မှာ Annex1 နိုင်ငံများသည် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း ၁၉၉၀ ပြည့်နှစ် ထုတ်လွှတ်မှု၏အောက်သို့ အနည်းဆုံး ၁၈ ရာခိုင်နှုန်း လျှော့ချကြရန် ဖြစ်ပါသည်။ ဤဒိုဟာပြင်ဆင်ချက် အာဏာသက်ရောက်ရန် အဖွဲ့ဝင်နိုင်ငံများ၏ လေးပုံသုံးပုံဖြစ်သော ၁၄၄ နိုင်ငံ၏ သဘောတူညီလက်မှတ်ရေးထိုးမှုလိုအပ်ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်အထိ လက်မှတ်ရေးထိုးပြီး နိုင်ငံပေါင်း ၂၃ နိုင်ငံသာ ရှိသေး၍ အာဏာသက်ရောက်နိုင်စွမ်း မရှိသေးပါ။ သဘောတူလက်မှတ်ရေးထိုးသည့်နိုင်ငံ သတ်မှတ် အရေအတွက် မပြည့်မီခြင်းကြောင့် အာဏာမသက်ရောက်နိုင်ပါက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးနှောင့်နှေးနိုင်ပြီး ရာသီဥတုပြောင်းလဲမှု ရပ်တန့်ရေးကိုလည်း အဟန့်အတား ဖြစ်စေနိုင်ပါသည်။ ယခုလက်မှတ် ရေးထိုးပြီး နိုင်ငံများအနက် နော်ဝေနှင့် မိုနာကို နှစ်နိုင်ငံသာ ဖွံ့ဖြိုးပြီးနိုင်ငံပါဝင်ပြီး ကျန်နိုင်ငံများမှာ ဖွံ့ဖြိုးမှု အနည်းဆုံး IDC နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ဒိုဟာပြင်ဆင်ချက်အပေါ် သဘောတူလက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်ရပါမည်။

မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးသည် ဖွံ့ဖြိုးပြီးနိုင်ငံများကသာ ဆောင်ရွက်ရမည့် သမိုင်းပေးတာဝန်အဖြစ် သတ်မှတ်ထားသော်လည်း ယခု ၂၀၁၅ သဘောတူညီချက် အသစ်အတွက် ဆွေးနွေးညှိနှိုင်းကြရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများက မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးသည် နိုင်ငံတိုင်းတွင် တာဝန်ရှိ၍ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း မိမိနိုင်ငံ အတိုင်းအတာအလျောက် ထုတ်လွှတ်မှုလျှော့ချရေးဆောင်ရွက်ကြရန် အဆိုပြုပါသည်။

Ad Hoc Working Group on the Durban Platform for Enhanced Action (ADP)

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၁၁ ရက်တို့အတွင်း တောင်အာဖရိကနိုင်ငံ Durban မြို့၌ COP 17 ကျင်းပရာ ယင်းညီလာခံမှ ပေါ်ထွက်လာသော ရလဒ်တစ်ခုမှာ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးအတွက် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် ဆီလျော်သည့် ဥပဒေနှင့် ထိန်းချုပ်ထားသောသဘောတူညီချက်အသစ်တစ်ခု ဖြစ်တည်လာရေးအတွက် Ad Hoc Working Group on the Durban Platform for Enhanced Action (ADP) ဟုခေါ်တွင်သည့် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ADP အနေဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ကျစေရေး၊ ရာသီဥတုပြောင်းလဲခြင်းနှင့်အညီ လိုက်လျောညီထွေပြုမှုဆောင်ရွက်နိုင်ရေး၊ ရန်ပုံငွေရရှိရေး၊ နည်းပညာဖွံ့ဖြိုးရေးနှင့် လွှဲပြောင်းရေး၊ စွမ်းရည်တည်ဆောက်ရေး စသည်တို့ပါ ပါဝင်သော လုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများ၏ ဆွေးနွေးအကြံပြုချက်၊ လက်ရှိလူမှုရေး၊ စီးပွားရေးအခြေအနေများအပေါ် အခြေခံ၍ ၂၀၁၅ ခုနှစ်အတွင်းအပြီး ရေးဆွဲရမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများမှ သဘောတူ အတည်ပြုနိုင်ပါက ၂၀၂၀ ပြည့်နှစ်မှစ၍ ကျင့်သုံးအကောင်အထည်ဖော်ရန် ဖြစ်ပါသည်။

COP အစည်းအဝေးများတွင် ADP ကဏ္ဍ ဆွေးနွေးချက်များသည် အလွန်အရေးပါသည်နှင့်အညီ တက်ရောက်သူအများဆုံးနှင့် လူစိတ်ဝင်စားမှု အများဆုံးလည်း ဖြစ်ပါသည်။ ယခင် သဘောတူညီချက်ဖြစ်သော Kyoto Protocol တွင် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးသည် ဖွံ့ဖြိုးပြီးနိုင်ငံများကသာ ဆောင်ရွက်ရမည့် သမိုင်းပေးတာဝန်အဖြစ် သတ်မှတ်ထားသော်လည်း ယခု ၂၀၁၅ သဘောတူညီချက် အသစ်အတွက် ဆွေးနွေးညှိနှိုင်းကြရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများက မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရေးသည် နိုင်ငံတိုင်းတွင် တာဝန်ရှိ၍ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း မိမိနိုင်ငံ အတိုင်းအတာအလျောက် ထုတ်လွှတ်မှုလျှော့ချရေး ဆောင်ရွက်ကြရန် အဆိုပြုပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ များကလည်း သဘောတူညီချက်အသစ်ရေးဆွဲရာတွင် ထုတ်လွှတ်မှုလျှော့ချရေးကိုသာ အဓိကမထားဘဲ လိုက်လျောညီထွေ ဆောင်ရွက်ရေး (Adaptation)နှင့် တန်းတူထားရန်၊ ဤလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများက နည်းပညာနှင့် ငွေကြေးအထောက်အပံ့ပေးရန် ပြန်လည်အဆိုပြုဆွေးနွေးကြရာ အပြန်အလှန်ညှိနှိုင်းဆဲ အခြေအနေဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း သီးခြားကျင်းပမည့် ADP အစည်းအဝေးများတွင် အကျေအလည်ဆွေးနွေး ညှိနှိုင်းနိုင်ပြီး နိုဝင်ဘာလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် COP 21 အမီ သဘောတူညီချက် စာမူကြမ်းထွက်လာနိုင်မည်ဟု မျှော်လင့်ရပေသည်။

— — —

ဖွံ့ဖြိုးပြီးနိုင်ငံအချို့၏ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချမှု အခြေအနေ

ပီရူးနိုင်ငံ လီမာမြို့တွင် ၂၀၁၄ ခုနှစ်ဒီဇင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ ကျင်းပသော COP 20 တွင် တင်ပြ ချက်များအရ နိုင်ငံပေါင်း ၂၈ နိုင်ငံ ကိုယ်စားပြု ဥရောပ သမဂ္ဂ (European Union -EU)အနေဖြင့် မှန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၁၂ ခုနှစ်တွင် ၁၉၉၀ ပြည့်နှစ် ထုတ်လွှတ်မှုအောက် ၁၈ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ် တွင်လည်း ၁၉၉၀ ပြည့်နှစ် ထုတ်လွှတ်မှုအောက် ၁၉ ရာခိုင် နှုန်း လျှော့ချနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ၁၉၉၀ ပြည့်နှစ်ထုတ်လွှတ်မှုအောက် ၂၁ ရာခိုင်နှုန်းလျှော့ချ နိုင်ရေး ရည်မှန်းထားကြောင်း၊ EU အဖွဲ့ဝင် ဒိန်းမတ် နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် စွမ်းအင်ထုတ်လွှတ်မှု၌ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြင့် ထုတ်လွှတ် မှု ၃၅ ရာခိုင်နှုန်းအထက် ဖြစ်စေရန်နှင့် လျှပ်စစ် ထုတ်လုပ်မှု၌ ၅၀ ရာခိုင်နှုန်းကို လေစွမ်းအင်ဖြင့် ထုတ်လုပ်ရေးရည်မှန်းထားကြောင်း၊ EU အဖွဲ့ဝင် နယ်သာလန်နိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် မှန်လုံ အိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို အနည်းဆုံး ၄၀ ရာခိုင် နှုန်းလျှော့ချရန် ရည်မှန်းကြောင်း သိရှိရပါသည်။ အမေရိကန်ပြည်ထောင်စုမှ တင်ပြရာတွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၂၀ ပြည့်နှစ်တွင် ၂၀၀၅ ခုနှစ် ထုတ်လွှတ်မှုအောက် ၁၇ ရာခိုင်နှုန်းလျှော့ချရန် ၂၀၀၉ ခုနှစ်၌ ကတိပြုခဲ့ကြောင်း၊ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုသည် ၂၀၀၇ ခုနှစ်၌ အမြင့်ဆုံးဖြစ်ပြီး နောက်ပိုင်းနှစ်များတွင် တဖြည်းဖြည်း လျှော့ချနိုင်ခဲ့ကြောင်း၊ ၂၀၀၉ မှ ၂၀၁၂ ခုနှစ် အတွင်း လေစွမ်းအင်နှင့် နေစွမ်းအင်မှ လျှပ်စစ်ဓာတ် ထုတ်လုပ်မှုကို နှစ်ဆတိုးမြှင့်နိုင်ခဲ့ကြောင်း၊ စွမ်းအင်ထုတ်လုပ်မှုကဏ္ဍတွင် ကျောက်မီးသွေးအစား သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုတွင် လျှပ်စစ်ဓာတ်ထုတ်လုပ်မှုမှ ၃၂ ရာခိုင်နှုန်း၊ ပို့ဆောင်ရေး ကဏ္ဍမှ ၂၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍမှ ၂၀ ရာခိုင်နှုန်း၊ စိုက်ပျိုးရေး ကဏ္ဍမှ ၁၀ ရာခိုင်နှုန်း၊ ကုန်သွယ်မှုနှင့် လူနေအိမ်များမှ ၁၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တွင် ဆောင်းရာသီ အအေးလွန်ကဲမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု အနည်းငယ်မြင့်တက်ခဲ့ကြောင်း၊ ယခုအချိန်တွင် ကဏ္ဍအသီးသီး၌ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ချမှတ်ထားသည့် မူဝါဒများကို အားကောင်းစွာ လိုက်နာကျင့်သုံးမှုကြောင့် ၂၀၂၀ ရည်မှန်းချက် ပြည့်မီမည့် လမ်းကြောင်းပေါ်တွင် ရှိနေပါကြောင်း၊

စာမျက်နှာ ၁၀ သို့

ပြည်သူ့လွှတ်တော်အစည်းအဝေး

မော်လမြိုင်စက်မှုဇုန်မှ စွန့်ပစ်ရေများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သိသာထင်ရှားသည့် ထိခိုက်မှုမရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၏ **"သက်ပြည့် အငြိမ်းစားယူရသည့်အချိန်ထက် ကျော်လွန်တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအား ကျော်လွန်တာဝန်ထမ်းဆောင်ခဲ့သော ကာလ၏ လစာငွေ ပြန်လည်ပေးသွင်းခိုင်းခြင်းကို ကင်းလွတ်ခွင့်ပေးရန်နှင့် ယင်းဝန်ထမ်းများအတွက် မည်သို့သော သက်သာခွင့်များပေးရန် ဆောင်ရွက်နေသည်ကိုသိလိုခြင်း"**နှင့် စပ်လျဉ်းသည့်မေးခွန်းကို ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ရှင်းလင်းဖြေကြားရာတွင် အမှုထမ်းသက်စာအုပ် ပြန်လည်စစ်ဆေးခြင်းကြောင့် သက်ပြည့်အငြိမ်းစားယူရမည့် အချိန်ထက်ကျော်လွန် ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ခြင်းကြောင့် ရရှိသည့်လစာများကို ပြန်လည်ပေးသွင်းခိုင်းသည်ဆိုသည်မှာ မှန်ကန်ကြောင်းကို ပညာရေးဝန်ကြီးဌာနက ရှင်းလင်းဖြေကြားထားပါကြောင်း။

နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ နည်းဥပဒေ(၂၃၀)တွင် ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်နေ့ရက်သည် ယင်းဝန်ထမ်း အသက်(၆၀)နှစ် ပြည့်သည့်နေ့ရက် ဖြစ်ကြောင်းနှင့် နည်းဥပဒေ ၂၃၃(က)တွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှတစ်ပါး အသက်(၆၀)နှစ်ပြည့်သောအခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင် ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသဖြင့် ဝန်ထမ်းတစ်ဦးသည် အသက်(၆၀)နှစ်ပြည့်သည့်အချိန်တွင် သက်ပြည့်ပင်စင် ခံစားရမည်ဖြစ်ပါကြောင်း။

အငြိမ်းစားယူရမည့် နေ့ထက်ကျော်လွန်၍ တာဝန်ထမ်းဆောင်ပြီးမှ သက်ပြည့် အငြိမ်းစားပေးရသည့် ဝန်ထမ်းများသည် အသက်(၆၀) နှစ်ထက်ကျော်လွန်၍ ဆောင်ရွက်ခဲ့သည့်ကာလအတွက် ထုတ်ယူပြီးသော လစာ၊ စရိတ်ငွေများကို ပိုပေးမိသော

ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြေကြားစဉ်။ (သတင်းစဉ်)

ငွေများအဖြစ် ပြန်လည်ပေးသွင်းရ၍ ထိခိုက်နစ်နာမှုမျိုး မပေါ်ပေါက်စေရန် ဌာနအဖွဲ့အစည်းများအနေဖြင့် ရှေ့လာမည့် ပြက္ခဒိန်နှစ်အတွင်း သက်ပြည့်အငြိမ်းစားယူရမည့် ဝန်ထမ်းများ၏ စာရင်းကို နှစ်စဉ်ရေးဆွဲပြုစု၍ သက်ဆိုင်ရာဝန်ထမ်းများသို့ သက်ပြည့် အငြိမ်းစားယူရမည့်နေ့မတိုင်မီ အနည်းဆုံး (၆)လကြိုတင် အကြောင်းကြားထားနိုင်ရေး စီစဉ်ပြုလုပ်ထားရန် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနက ၂၅. ၅. ၁၉၈၂ ရက်စွဲပါစာအမှတ်၊ ဘ- ၂(၄)/(၇)(၆)၈၂ဖြင့် ဝန်ကြီးဌာနများ အားလုံးသို့ အကြောင်းကြားခဲ့ပါကြောင်း။

အငြိမ်းစားဝန်ထမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေများပါ နည်းဥပဒေ ၂၅၂ (ဈ)တွင် အငြိမ်းစားယူပြီးနောက် ဥပဒေအရခံစားခွင့်ရှိသည့် ပင်စင်လစာထက် ပိုမိုထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိပါက ပင်စင်စားအား ပြန်လည်ပေးသွင်းစေရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံတော်က တရားဝင်သတ်မှတ်ထားသည့်ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်ရက်ထက် ကျော်လွန်၍ တရားမဝင် ဆက်လက်အမှုထမ်းဆောင်လိုသဖြင့် ကိုယ်ရေးအချက်အလက်များအား မရိုးသားသောနည်းဖြင့်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ပိုမိုထုတ်ယူထားသော လစာများကို ပြန်လည်ပေးသွင်းစေခြင်းသည် ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှုမရှိစေရန်တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ မွေးသက္ကရာဇ်ကို ပြန်လည်စိစစ်ရာ၌ ပြင်ဆင်ထားခြင်း တွေ့ရှိရပါက စိစစ်တွေ့ရှိချိန်မှစ၍ အငြိမ်းစားယူစေခဲ့ပြီး ကျော်လွန်တာဝန်ထမ်းဆောင်ခဲ့သည့်ကာလ၏ လစာငွေကို ပြန်လည်ပေးသွင်းစေခြင်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားခဲ့သည်။

ယင်းနောက် မော်လမြိုင် မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်၏ **"စက်ရုံများမှထွက်ရှိသော ရေဆိုးများအား အတ္တရံမြစ်အတွင်းသို့ စွန့်ထုတ်နေမှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်တို့အား ထိခိုက်မှုရှိ၊မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်က မော်လမြိုင်စက်မှုဇုန်တွင် စက်ရုံပေါင်း ၁၅၇ ရုံရှိပြီး လက်ရှိတွင် ၁၁၇ ရုံ လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေအသုံးပြုလည်ပတ်သော စက်ရုံများအနေဖြင့် ရေခဲစက်ရုံ(၃)ရုံ၊ ရော်ဘာကြိတ်စက်ရုံ(၂)ရုံ၊ ခနောက်စိမ်းသတ္တုရိုင်း ကြိတ်ခွဲစက်ရုံ (၁)ရုံနှင့် ပြန်လည်ပြုပြင်ထုတ်လုပ်သည့် Recycle စက္ကူစက်ရုံ (၃)ရုံ ၊ စုစုပေါင်း (၉)ရုံရှိပါကြောင်း၊ အဆိုပါ စက်ရုံများမှ ထုတ်လုပ်မှု

တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ မေးမြန်းစဉ်။ (သတင်းစဉ်)

နည်းစဉ်များအရ ထွက်ရှိလာသည့်ရေများကို လုပ်ငန်းတွင်အဆင့်ဆင့်ပြန်လည်အသုံးပြုကာ ဆေးကြော/ပိုလျှံရေအနည်းငယ်ကိုသာ စွန့်ပစ်ရပါကြောင်း၊ ထိုစွန့်ပစ်ရေများကို ရေကန်အဆင့်ဆင့်ဖြင့်စစ်၍ Treatment ပြုလုပ်ပြီး ပိုက်ဖြင့်သွယ်တန်း၍ စက်မှုဇုန်အတွင်းရှိ သတ်မှတ်ထားသောမြောင်းအတွင်းသို့ ထုတ်လွှတ်ခြင်းဖြစ်ပြီး ယင်းမြောင်းမှတစ်ဆင့် စက်မှုဇုန်ဧရိယာ အပြင်ဘက်ရှိ လယ်မြေများအနီး မြေနိမ့်ပိုင်းသို့ရောက်ရှိပါကြောင်း၊ စက်မှုဇုန်မှထွက်ရှိသော ရေများကို အတ္တရံမြစ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းမရှိပါကြောင်း။

မော်လမြိုင် စက်မှုဇုန်သည် အတ္တရံမြစ်နှင့် ပေ ၁၈၀၀ ခန့်ကွာဝေးပြီး စက်မှုဇုန်နှင့် အတ္တရံမြစ်အကြားတွင် စပါးစိုက်ပျိုးလျက်ရှိသည့် လယ်မြေများ တည်ရှိပါကြောင်း၊ အဆိုပါလယ်မြေများတွင် စိုက်ပျိုးထားသောစပါးများမှာလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် လက်ရှိအခြေအနေတွင် စက်မှုဇုန်မှ စွန့်ပစ်ရေများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သိသာထင်ရှားသည့် ထိခိုက်မှုမရှိပါကြောင်း၊ မော်လမြိုင်စက်မှုဇုန်ရှိ စက်ရုံ၊အလုပ်ရုံများမှ အသေးစား၊ အလတ်စားလုပ်ငန်းများသာဖြစ်ပြီး စက်မှုဇုန်သို့ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် လုပ်ငန်းများရှိပါက Environmental Impact Assessment (EIA), Social Impact Assessment (SIA)များ စစ်ဆေးဆောင်ရွက်ပြီးမှသာ ခွင့်ပြုဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ၏ **"မြောင်မြို့နယ် အားကစားရုံ ငွေလုံးငွေရင်းခွင့်ပြုငွေ ထပ်မံဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြန်လည်ရှင်းလင်းဖြေကြားရာတွင် အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းမှ မြောင်မြို့နယ် အားကစားကွင်းအတွင်း Score Board နှင့် ပွဲကြည့်စင် တည်ဆောက်ခြင်းအတွက် ခွင့်ပြုငွေကျပ်သန်း ၁၀၀ အား ခွင့်ပြုလျာထားခဲ့ခြင်းအပေါ် မြောင်မြို့နယ်အားကစားကွင်း တည်ဆောက်ရေးကော်မတီက ခွင့်ပြုထားရှိသော Score Board နှင့် ပွဲကြည့်စင်လုပ်ငန်း (၂) ခုအပါအဝင် အားကစားကွင်း အုတ်တံတိုင်း (၃)ဖက် ပေ ၂၀၇၀ ကာရံခြင်း၊ ဂိတ်တံခါးနှင့် လက်မှတ်ရုံ တည်ဆောက်ခြင်း၊ ထပ်တိုးလုပ်ငန်းများကိုပါ ခေါင်းစဉ်လွှဲပြောင်း သုံးစွဲခွင့်ပြုပါရန် တင်ပြလာပါကြောင်း။

ယင်းတင်ပြချက်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အားကစားဝန်ကြီးဌာနသို့ ၃. ၆. ၂၀၁၄ ရက်နေ့တွင် ခေါင်းစဉ်လွှဲပြောင်းမည့် လုပ်ငန်းများ၏ တွက်ချက်မှုအား တင်ပြတောင်းခံခဲ့ရာ စုစုပေါင်း ကုန်ကျငွေကျပ်သန်း ၁၀၃ ဒသမ ၁ ကုန်ကျမည်ဖြစ်ကြောင်း တင်ပြလာသည့်အတွက် မူလခွင့်ပြုငွေကျပ်သန်း ၁၀၀ ထက် ပိုနေသောကြောင့် လုပ်ငန်းတစ်ခုအား လျှော့၍ တင်ပြရန် မြောင်မြို့နယ် တည်ဆောက်ရေးကော်မတီသို့ အကြောင်းကြားခဲ့ပါကြောင်း၊ မြောင်မြို့နယ် ပွဲကြည့်စင်နှင့် Score Board တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၁၀၀ ဒသမ ၅၄၃ ဖြင့် ပြန်လည်တင်ပြလာခြင်းအရ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ၂၅. ၈. ၂၀၁၄ ရက်နေ့မှစ၍ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ တည်ဆောက်ရေးလုပ်ငန်းများ ပြောင်းလဲရခြင်းမှာ မူလခွင့်ပြုငွေ ကျပ်သန်း ၁၀၀ ထက် ပိုနေသောကြောင့် တင်ပြထားသော လုပ်ငန်းများအနက်မှ ဂိတ်တံခါးနှင့် လက်မှတ်ရုံလုပ်ငန်းများကို လျှော့ချရန် မြို့နယ်အားကစားကွင်း တည်ဆောက်ရေးကော်မတီ၏ တင်ပြမှုများဖြင့် တင်ဒါခေါ်ယူခဲ့ခြင်း ဖြစ်ပါကြောင်း၊ တင်ဒါခေါ်ယူရာမှ ပိုလျှံငွေကျပ်သန်း ၁၀ ဒသမ ၇၁၃ ကို မြောင်မြို့နယ် အားကစားကွင်း တည်ဆောက်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် မြောင်အားကစားကွင်း လုပ်ငန်းနှင့် ဆက်စပ်သည့် ဂိတ်တံခါးနှင့် လက်မှတ်ရုံ ပြုလုပ်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ထားပေးပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်လုပ်ရာတွင်ပါဝင်သွားသော လယ်ယာမြေများအတွက်နစ်နာကြေးများပေးလျော်ရန် လျာထားတင်ပြတောင်းခံထား

နေပြည်တော် ဇန်နဝါရီ ၂၂

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး၏ **"ရန်ကုန်-မန္တလေး အမြန်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် နစ်နာကြေးများကို ပေးလျော်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း"**မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် လမ်းနယ်အကျယ် ပေ ၄၀၀ ရှိပြီး ၃၆၆ မိုင် ၃ ဖာလုံ ရှည်လျားပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းနယ်မြေအဖြစ် သိမ်းသွင်းသတ်မှတ်နိုင်ရေးအတွက် အမြန်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ မြို့နယ် ၂၀ မြို့နယ်ရှိ လမ်းနယ်အတွင်း ပါဝင်သွားခဲ့သည့် မြေအမျိုးအစားနှင့် ပိုင်ဆိုင်သူများစာရင်းတွင် သက်ဆိုင်ရာမြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများနှင့် သက်ဆိုင်ရာမြို့နယ် မြေစာရင်းဦးစီးဌာနများက စိစစ်ပေးမှုအရ စုစုပေါင်း ၁၃၄၇၁ ဒသမ ၃၉ ဧက ဖြစ်ပါကြောင်း။

အဆိုပါ မြေဧရိယာများအနက် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၊ စုံစမ်းရေးကော်မရှင်အဖွဲ့ခွဲ (၃)၏ အစီရင်ခံစာအပိုင်း(၃)ဖြင့် စိစစ်မှုအရ ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၄၈၅ ဒသမ ၈၄၁ သန်းဖြင့် တောင်သူ ၉၇၆ ဦး၏ လယ်ယာမြေ ၂၄၀၂ ဒသမ ၇၅ ဧကကို ပေးလျော်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေကျပ် ၁၃၀၆ ဒသမ ၃၄၄ သန်းအနက် ကျပ် ၁၁၈၂ ဒသမ ၃၃၂၅ သန်းဖြင့်

ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီ နယ်မြေအတွင်း မြို့နယ်(၄)မြို့နယ်ရှိ တောင်သူ ၇၉၇ ဦး၏ လယ်ယာမြေဧက ၁၈၆၄ ဒသမ ၀၄ ဧကအတွက် လျော်ကြေးငွေပေးလျော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်ရှိသည့် ရန်ပုံငွေကျပ် ၁၂၄ ဒသမ ၀၁၁၅ သန်းကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပေးလျော်ရမည့်လယ်မြေများကို တိုင်းတာစစ်ဆေးညှိနှိုင်းလျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အတည်ပြုပြီးပါက ပေးလျော်သွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသော လယ်ယာမြေများအတွက် လျော်ကြေးငွေပေးချေနိုင်ရန် မြေအမျိုးအစားများ စာရင်းနှင့် ပိုင်ဆိုင်သူများစာရင်းကို အတည်ပြုနိုင်ရန်နှင့် သင့်လျော်သော နစ်နာကြေးနှုန်းထားအား သတ်မှတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များထံသို့ သဘောထားမှတ်ချက် တောင်းခံဆောင်ရွက်ထားဆဲဖြစ်ပါကြောင်း၊ စာရင်းဇယားများရရှိပါက ပေးလျော်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၀၀၀၀ ကို တိုင်းဒေသကြီး သုံးခုနှင့် နေပြည်တော်ကောင်စီတို့အတွက် လျာထားတင်ပြ တောင်းခံထားပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောမော်ထွန်း၏ **"ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး ကျောက်ထက်**

မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမှတ်ကြီး မေးမြန်းစဉ်။ (သတင်းစဉ်)

အက္ခရာများကို ခေတ်မီနည်းစနစ်များဖြင့် ပြုပြင်မည့်အစီအစဉ်နှင့် အလှူရှင်များရှိပါက ရွှေရေး၊ မင်ရေးတို့ဖြင့် ပူဇော်လှူဒါန်းခွင့် ရှိ/မရှိ သိရှိလိုကြောင်း" မေးခွန်းနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက ထိုကျောက်စာများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ သုတေသနပညာရှင်များပူးပေါင်း၍ ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ ရေးသားထားသော ပဉ္စမသင်္ဂါယနာတင်ခြင်းဆိုင်ရာ သမိုင်းမှတ်တမ်း အချက်အလက်များကို လေ့လာပြီး မင်းတုန်းမင်းလက်ထက် အခြေအနေကို လေ့လာရန်၊ ဒုတိယအဆင့်အနေဖြင့် ကျောက်စာချပ်များကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ မင်ပြန်ထပ်ခြင်းနှင့် အရည်အသွေးမြင့် ဒစ်ဂျစ်တယ်ဓာတ်ပုံရိုက်ကူး၍ မြန်မာပါဠိဘာသာများမှ ရိုမန်အက္ခရာဖလှယ်ခြင်းကို ဆက်လက် ဆောင်ရွက်ရန်၊ အချက်အလက် စုဆောင်းထိန်းသိမ်းပြီး Online မှတစ်ဆင့် ကမ္ဘာ့အနှံ့သို့ တင်ပြသွားရန်နှင့် တတိယအဆင့်အနေဖြင့် အရည်အသွေးမြင့် ကျောက်စာဓာတ်ပုံများကို ပုံနှိပ်ထုတ်ဝေခြင်းဆောင်ရွက်ရန် စသည့် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

နိုင်ငံတော်သမ္မတ၏ အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ်ရေးသဝဏ်လွှာနှင့်စပ်လျဉ်း၍ ဖတ်ကြား

နေပြည်တော် ဇန်နဝါရီ ၂၂

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ်ရေးသဝဏ်လွှာနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာကို ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းက ဖတ်ကြားတင်ပြသည်။

ယင်းအစီရင်ခံစာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် အမျိုးသားပညာရေးဥပဒေနှင့် စပ်လျဉ်း၍ လေ့လာစိစစ်ရာတွင် နိုင်ငံတော်သမ္မတ ပေးပို့လာသော သဝဏ်လွှာပါ အကြောင်းအရာများသည် အချက်အလက်ပြည့်စုံခိုင်မာပြီး အမျိုးသားပညာရေး အဆင့်အတန်း မြင့်မားတိုးတက်ရေးကို မထိခိုက်စေသည့်အပြင် ပြေလည်ရေးချဉ်းကပ်မှုနည်းလမ်းသည် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးတို့အတွက် များစွာအထောက်အကူပြုနိုင်ပါသဖြင့် တောင်းဆိုချက်ပါ အချက်အလက်များကို ဖြည့်စွက်ပြီး ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ် အဖြစ်ရေးဆွဲရန် လိုအပ်ကြောင်း။

ယင်းဥပဒေသည် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်ကတည်းက ဥပဒေအဖြစ် တရားဝင်တည်ရှိနေပြီး ဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်

အနေဖြင့် ပြန်လည်သုံးသပ်ခြင်းထက် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုပြုစုကာ ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာပေးပို့ပါက ပြည်ထောင်စုလွှတ်တော်ကလည်း အမြန်ဆုံးညှိနှိုင်းပြင်ဆင်ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ပါရှိသည်။

ယင်းနောက် နာယကက နိုင်ငံတော်သမ္မတ ဦးဆောင်သော (၆) ဦးအဖွဲ့ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန် ပြည်ထောင်စုလွှတ်တော် နာယက၏ ပြန်ကြားချက်သဝဏ်လွှာနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းသဝဏ်လွှာ၌ ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့သည့် အရေးကြီး အဆိုတွင် ခေတ်စနစ်၊ အချိန်အခါအခြေအနေနှင့် ညီညွတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေး၊ ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးနိုင်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ တိုင်းရင်းသားအစုအဖွဲ့များမှ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့ ဆောလျင်စွာတွေ့ဆုံညှိနှိုင်းဆွေးနွေးရေး ပြည်ထောင်စုလွှတ်တော်က တိုက်တွန်းခြင်းဖြစ်ပါကြောင်း။

အဆိုတွင် ပါရှိသည့်အတိုင်း ပစ္စုပ္ပန်နှင့် အနာဂတ်မြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးနိုင်ရန် နိုင်ငံတော်သမ္မတ ဦးဆောင်သော (၆)ဦးအဖွဲ့ ဆောလျင်စွာ တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအတွက် လည်းကောင်း ပိုမိုကောင်းမွန်သော အကျိုးရလဒ်များ ဖြစ်ထွန်းလာနိုင်မည် ဖြစ်ပါကြောင်း။

သို့ပါ၍ ပထမအကြိမ် တွေ့ဆုံပြီး ဆွေးနွေးပွဲ မူဘောင်အပါအဝင် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်း သတ်မှတ်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် (၆)ဦးအဖွဲ့တွေ့ဆုံရေးကို ဆောလျင်စွာ ပြုလုပ်ရန် လိုအပ်ပါကြောင်းဖြင့် ပါရှိသည်။

နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းဥပဒေကြမ်း၏ အပိုဒ် ၂၊ အပိုဒ် ၃ နှင့် ၄၊ အပိုဒ် ၅ ပါ ပုဒ်မ ၁၂ တို့ကို ဆန္ဒမဲစနစ်ဖြင့် အတည်ပြုရာ ထောက်ခံဆန္ဒမဲများသည့်အတွက် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း၊ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဦးသိန်းထွန်းဦးက ဖတ်ကြားတင်ပြသည်။

ယင်းအစီရင်ခံစာတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ (ထ)၊ အပိုဒ် ၃ အပိုဒ်ခွဲ (က)၊ အပိုဒ် ၁၈ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၂၅ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၂၈ တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အတိုင်း လည်းကောင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ (က)၊ အပိုဒ် ၆ အပိုဒ်ခွဲ (စ) အပိုဒ်ခွဲ (ည)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ်(၇)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲငယ် (၄)နှင့် အပိုဒ် ၃၁ တို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း လည်းကောင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ် (၆) နှင့် အပိုဒ် ၁၂ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲငယ် (၃)တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ဥပဒေကြမ်းပူးပေါင်း ကော်မတီ ပြင်ဆင်ချက်အတိုင်း လည်းကောင်း ပြဋ္ဌာန်းသင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါကြောင်းဖြင့် ပါရှိသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြည့်စုံစွာ ဖော်ပြပြီးအမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားအား အကျိုးပြုလုပ်ငန်းများတွင် အသုံးချနိုင်ရေးအတွက် ဆန္ဒပြင်းပြစွာရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

အဆွေတော်၏ ခရီးစဉ်သည် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ တပ်မတော်နှစ်ရပ်၏ သမိုင်းသစ်အတွက် ခြေလှမ်းတစ်လှမ်းဖြစ်သကဲ့သို့ ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ထပ်မံအားဖြည့်ပေးမည်ဟု ယုံကြည်ပါကြောင်း၊ ထိတွေ့ဆက်ဆံမှုများခြင်းသည် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပါကြောင်း၊ မိမိတို့တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှစ်ဦး၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်သည်တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးခိုင်မာမှုကို ဖော်ပြပါကြောင်း၊ မိမိတို့ဆောင်ရွက်ခဲ့သည့် သမိုင်းကောင်းများကိုလည်းလက်ဆင့်ကမ်း အမွေပေးသွားမည်ဖြစ်ကြောင်းဖြင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇေယျာသီရိ ဗိမာန် ဧည့်ခန်းမဆောင်၌ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ချွဲယွန်ဟီးအား တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ **(အပေါ်ယာပုံ)**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိလာသော ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ချွဲယွန်ဟီးအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုသည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌနှင့်အတူ ကိုရီးယားတပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌသည် ဂုဏ်ပြုကြိုဆိုပွဲ ကျင်းပပြုလုပ်မည့် ဇေယျာသီရိဗိမာန်ရှေ့သို့ မော်တော်ယာဉ်ဖြင့်ရောက်ရှိလာရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌတို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်ပြီး ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ၎င်းနှင့်အတူ အခမ်းအနားတက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌအား အခမ်းအနား တက်ရောက်လာကြသော တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌသည် ဇေယျာသီရိဗိမာန် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ကိုရီးယားတပ်မတော် ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး ချွဲယွန်ဟီးအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နှစ်နိုင်ငံသည် သမိုင်းကြောင်းများနီးစပ်ပြီး ရုန်းကန်ဖြတ်သန်းခဲ့ရသည့် သမိုင်းဖြစ်စဉ်များလည်း တူညီပါကြောင်း၊ ကိုရီးယားနိုင်ငံအနေဖြင့် တောင်မြောက်ပေါင်းစည်းရေး ကြိုးပမ်းနေရသကဲ့သို့ မြန်မာနိုင်ငံသည်လည်း အဓိကတိုင်းရင်းသားလူမျိုးရှစ်ခုတို့၏ စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေး ဆောင်ရွက်နေပါကြောင်း၊ မိမိနိုင်ငံအနေဖြင့် ခေတ်မီတပ်မတော်တစ်ရပ် မရှိခဲ့သဖြင့် နယ်ချဲ့ကိုလိုနီဖြစ်ခဲ့ရကြောင်း၊ ယင်းသမိုင်းနှင့် နိုင်ငံတော်၏ တည်ရှိမှုပထဝီ အနေအထားများကြောင့် အချုပ်အခြာအာဏာ ခိုင်မြဲရေး၊ လွတ်လပ်မှု အစွန့်ရှည်တည်တံ့ရေးအတွက် ကာကွယ်ရေးစွမ်းအားများကို မြှင့်တင်နေရခြင်းဖြစ်ကြောင်း၊ ကာကွယ်ရေးစွမ်းအား မြှင့်တင်ရခြင်းသည် နိုင်ငံတော်ကာကွယ်ရေးအတွက်သာ ဖြစ်သည်ကိုလည်း ပြောကြားလိုကြောင်း၊ ဆိုးရွားသော ရာသီဥတုရှိပြီး သယံဇာတနည်းပါးသည့် ကိုရီးယားနိုင်ငံအနေဖြင့် ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်းမှာ နည်းပညာမြင့်မားမှုနှင့် ကြိုးစားအားထုတ်မှုတို့ကြောင့်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုရီးယားနိုင်ငံ၏ နည်းပညာများနှင့်ပတ်သက်၍ အကျွမ်းတဝင်ရှိခဲ့ပါကြောင်း၊ ကိုရီးယားနိုင်ငံအပေါ်၌လည်းယုံကြည်မှုရှိပြီး နှစ်နိုင်ငံအကြား အရပ်ဘက်၊စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်နှင့် အခွင့်အလမ်းများစွာရှိနေ၍ ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် ကြိုဆိုပါကြောင်း၊ ကိုရီးယားနိုင်ငံ ပေါင်းစည်းစေလိုသည့်ဆန္ဒများရှိသကဲ့သို့ တတ်နိုင်သည့်ဘက်မှလည်း ကူညီလိုပါကြောင်း၊ ကိုရီးယားကျွန်းဆွယ်အား နျူကလီးယားကင်းမဲ့ဇုန်ဖြစ်စေလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နျူကလီးယား မပြန့်ပွားရေး၊ နျူကလီးယားလက်နက်များဖျက်သိမ်းရေးနှင့် နျူကလီးယားအား ကမ္ဘာ့သူကမ္ဘာ့သားတို့၏ အကျိုးပြုလုပ်ငန်းများတွင် အသုံးချနိုင်ရေးတို့အတွက် ဆန္ဒပြင်းပြစွာရှိပါကြောင်း ပြောကြားသည်။

ဧည့်သည်တော် ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌကလည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်အောင်မြင်စွာ ထမ်းဆောင်ခဲ့မှုအပေါ် ဂုဏ်ယူပါကြောင်း၊ မိမိနိုင်ငံအခက်အခဲဖြစ်စဉ်က မြန်မာနိုင်ငံ၏ ကူညီခဲ့မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ကိုရီးယားစစ်ပွဲကာလအတွင်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ အကူအညီများစွာရယူခဲ့ရပါကြောင်း၊ ယခုမိမိနိုင်ငံဖွံ့ဖြိုးတိုးတက်လာချိန်တွင် ပြန်လည်ကူညီလိုပါကြောင်း၊ မြန်မာနိုင်ငံအပေါ်တွင်လည်း ယခုထက်ပိုမို၍ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံအနေဖြင့် ယခုထက်ပိုမို၍ ဖွံ့ဖြိုးတိုးတက်လာမည်ကို ယုံကြည်ပါကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လိုပါကြောင်း၊ အပြန်အလှန် ပညာတော်သင်စေလွှတ်ခြင်းအပါအဝင် စစ်ဘက်ဆိုင်ရာဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ မြှင့်တင်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။ **(မြဝတီ)**

တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရမယ်လို့ပါတာကြောင့် ပြဋ္ဌာန်းထားတဲ့အတိုင်းဆောင်ရွက်ရမှာဖြစ်

(ယမန်နေ့မှအဆက်)

နေပြည်တော် ဇန်နဝါရီ ၂၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်တွင် CNA သတင်းဌာနအား လက်ခံတွေ့ဆုံ၍ တပ်မတော်နှင့် အမျိုးသားနိုင်ငံရေးတာဝန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် တပ်မတော်၏ လုပ်ငန်းတာဝန်ဆိုင်ရာများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။ ယင်းမေးခွန်းများနှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဖြေကြားချက်များအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

CNA - ထိုင်းနိုင်ငံနဲ့ပတ်သက်ပြီး သူတို့နိုင်ငံရဲ့ အာဏာသိမ်းမှုကို ထောက်ခံခဲ့တယ်လို့ သိရတယ်။ ဘာကြောင့်ပါလဲ။

ဗိုလ်ချုပ်မှူးကြီး - ကျွန်တော်ပြောခဲ့တဲ့ တပ်မတော်ရဲ့တာဝန်က နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ဖို့ဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးဆိုတဲ့ နေရာမှာလည်း တိုင်းပြည်ကို လုံခြုံအောင်လုပ်ဖို့ နောက်ပြီး ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ် မထိခိုက်အောင်ကာကွယ်ဖို့ ဒါလည်း အကျုံးဝင်ပါတယ်။ တကယ်တော့ နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့ဆိုတာ အုပ်ချုပ်တဲ့အစိုးရ၊ နောက်တစ်ခုက တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုရှိအောင် လုပ်ဖို့ဆိုတာ အုပ်ချုပ်ရေးအဖွဲ့အစည်းနဲ့ ရဲတပ်ဖွဲ့ရဲ့ တာဝန်ဖြစ်တယ်။ ဒါတွေကို မလုပ်နိုင်ဘူးဆိုရင် အဲဒီလုပ်ငန်းရပ်တွေကို ကူညီဆောင်ရွက်ပေးနိုင်တာ ခိုင်မာတဲ့အဖွဲ့အစည်းက တပ်မတော်ပဲရှိတယ်။ ဘယ်မှာပဲကြည့်ကြည့် ဒီလိုပဲသွားနေတယ်၊ စောစောက ကျွန်တော်ပြောခဲ့တယ်။ ဒီထိုင်းနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရွေးကောက်ပွဲကိစ္စပြောခဲ့တယ်။ အဲဒီတော့ ထိုင်းနိုင်ငံမှာလည်း အာဏာရပါတီ၊ အာဏာရအစိုးရအနေနဲ့ သူဘယ်လောက်ပဲတိုင်းပြည်အတွက်လုပ်လုပ် တစ်ဖက်အဖွဲ့အစည်းက သူ့ကိုကန့်ကွက်တာတွေသွားကြုံရတယ်။ သွားကြုံရတဲ့အခါကျတော့ သူတို့နှစ်ပါတီက အတိုက်အခံနဲ့ အာဏာရပါတီနဲ့က ညှိနှိုင်းတာပဲလုပ်ကြတယ်။ ဒါပေမယ့် ဘယ်လိုမှလုပ်လို့မရဘူး၊ ညှိလို့မရဘူး၊ ဒီထဲမှာ ကြားညပ်နေတာက ပြည်သူလူထုပဲ၊ တပ်မတော်အနေနဲ့လည်း အဲဒီတုန်းက အတတ်နိုင်ဆုံး ညှိပေးတယ်၊ နောက်ဆုံးဘယ်လိုမှ ညှိလို့မရတဲ့အခါကျမှ နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်ကို သူတို့ ထိန်းလိုက်တာဖြစ်တယ်။ ဘာသွေးထွက်သံယိုမှ မရှိဘူး၊ ကျွန်တော်တို့နိုင်ငံမှာ အဲဒီလိုအရေးအခင်းတစ်ခု ရှိခဲ့ဖူးတယ်။ ၁၉၈၈ ခုနှစ်ကဖြစ်တယ်။ အဲဒီတုန်းက အာဏာရပါတီဖြစ်တဲ့ စောစောကပြောတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက တိုင်းပြည်ကို ဘယ်လိုမှ ထိန်းသိမ်းနိုင်တဲ့ အခြေအနေမရှိဘူး၊ အဲဒီလို မထိန်းသိမ်းနိုင်တဲ့အခြေအနေအပြင်ကို တိုင်းပြည်အတွင်းမှာ ဆူပူမှုတွေရော၊ အကြမ်းဖက်မှုတွေရော၊ နောက်ဆုံး လူသတ်မှုတွေအထိဖြစ်လာတယ်။ ဒါဒီဘက်က တရားဥပဒေစိုးမိုးရေး၊ နောက်လုံခြုံရေးအပိုင်းပေါ့၊ လုံခြုံရေးအပိုင်းဆိုရင်လည်း နယ်စပ်ဒေသတွေမှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေကနေ တိုင်းပြည်ရဲ့တည်ငြိမ်အေးချမ်းမှုနဲ့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာထိခိုက်နိုင်မယ့်အခြေအနေမျိုးထိကို ခြိမ်းခြောက်မှုတွေ ရှိလာတယ်၊ ဒါကြောင့် တပ်မတော်က အခြေအနေအရပ်ရပ်ကို ထိန်းပေးခဲ့တာ၊ ထိုင်းနိုင်ငံရဲ့ဖြစ်စဉ်ထက် ကျွန်တော်တို့က အများကြီး ဆိုးတယ်၊ ဒါပေမယ့် ထိုင်းနိုင်ငံက သွေးထွက်သံယိုမှုမရှိဘဲ တိုင်းပြည်အခြေအနေကိုထိန်းသိမ်းပေးလိုက်တာ၊ ပြည်သူလူထုကို ကာကွယ်ပေးတာနဲ့အတူတူပဲ၊ ဒါကြောင့် ကျွန်တော်က သူတို့လုပ်တာကို ထောက်ခံပေးတာဖြစ်တယ်၊ တကယ်တော့ ဘယ်လိုပဲ ရိုးရိုးရှင်းရှင်းစဉ်းစားကြည့်မယ်ဆိုရင် ဒီနည်းလမ်းက

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား CNA သတင်းဌာနမှ တွေ့ဆုံ မေးမြန်းစဉ်။

လွဲလို့ရှိရင် တခြားရွေးစရာ လမ်းမရှိပါဘူး။ သူတို့အနေနဲ့ ဥပဒေနဲ့အညီဖြစ်အောင် ဆက်လုပ်ဖို့တော့လိုပါလိမ့်မယ်။

CNA - ထိုင်းနိုင်ငံမှာအစိုးရနဲ့အတိုက်အခံကြား ပဋိပက္ခဖြစ်တဲ့အတွက် ဒီစစ်တပ်က အာဏာသိမ်းခဲ့တယ်။ ဒါဆိုမြန်မာပြည်မှာရော အဲဒီလိုဖြစ်လာရင်ဘယ်လိုလုပ်မှာလဲ။

ဗိုလ်ချုပ်မှူးကြီး - ကျွန်တော်တို့ ဒီလို အခြေအနေမျိုးအထိ ကျွန်တော်တို့က လုံးဝ မမျှော်လင့်ထားဘူး။ တကယ်လို့လည်း အခြေအနေအရဘယ်လိုမှ ဖြစ်တည်မလာဘူးဆိုရင်တော့ ဥပဒေအရသွားရမှာပဲဖြစ်တယ်။ အဲဒီလိုဥပဒေနဲ့အညီ လုပ်ဆောင်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့နားလည်မှုတော့ လိုပါတယ်။

CNA - ထိုင်းနိုင်ငံမှာလိုပဲ မြန်မာပြည်မှာ တရားဥပဒေစိုးမိုးရေးအတွက်လိုအပ်တဲ့အခါမှာ အာဏာသိမ်းဖို့ ဖြစ်နိုင်သလား။

ဗိုလ်ချုပ်မှူးကြီး - မဖြစ်နိုင်ဘူး၊ ဥပဒေရှိတယ်၊ ဥပဒေနဲ့ပဲ သွားရမယ်။

CNA - မြန်မာပြည်မှာစစ်တပ်က အာဏာသိမ်းဖို့ မဖြစ်ဘူးလို့ ပြောတာလား။

ဗိုလ်ချုပ်မှူးကြီး - ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လုပ်ဆောင်မယ့် အချက်အလက်တွေ ရှိပါတယ်။ ဒါကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ပြီး ကျွန်တော်တို့ ဘာမှလုပ်လို့မရပါဘူး။ ကျွန်တော်တို့တပ်မတော်အနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရမယ်လို့ပါထားတာရှိတယ်။ ဒါကြောင့်အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ဆောင်ရွက်ရမှာဖြစ်တယ်။

CNA - အခုဆိုရင် ပြည်သူတွေက သူတို့ရဲ့ ရပိုင်ခွင့်နဲ့ပတ်သက်ပြီးတော့ ဆန္ဒပြတာတွေရှိတယ်၊ ပိုပြီးတော့ ကျယ်ကျယ်လောင်လောင် တောင်းဆိုလာတာတွေရှိတယ်၊ အဲဒီတော့ လာမယ့်ရွေးကောက်ပွဲမှာ ထိန်းသိမ်းရခက်မယ့် အခြေအနေမျိုး ဖြစ်လာနိုင်တယ်၊ အဲဒီလိုအခြေအနေမျိုး ရောက်လာရင်ဘယ်လိုများဆောင်ရွက်မလဲ။

ဗိုလ်ချုပ်မှူးကြီး - ကျွန်တော်တို့ကတော့ ဒီလိုမျိုး အခြေအနေဆိုးတွေ မဖြစ်အောင် ထိန်းသိမ်းမှာပေါ့။ စောစောက ကျွန်တော်ပြောခဲ့ပါတယ်။ ကျွန်တော်တို့က ၁၉၆၂ ခုနှစ်ကနေပြီးတော့ ၂၀၁၁ ခုနှစ် မတ်လအထိ ဗဟိုချုပ်ကိုင်မှုအစိုးရကနေပြီး သွားခဲ့တဲ့အတွက်ကြောင့် ပြည်သူတွေမှာ ခံစားချက်ရှိနိုင်တယ်။ ဒီခံစားချက်တွေကို ပြောလာတဲ့အခါမှာ ကျွန်တော်တို့က ဥပဒေနဲ့အညီဖြစ်အောင် ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။ ဆောင်ရွက်ပေးနေတဲ့ကိစ္စရပ်တွေလည်း အများကြီးရှိပါတယ်။ အဓိကကတော့ ပြင်ပကနေ အားပေးလှုံ့ဆော်မှုတွေ မဖြစ်ဖို့အရေးကြီးတယ်။ နောက်ပြည်သူလူထုတွေအနေနဲ့လည်း တရားဥပဒေအပေါ်မှာ အလေးထားမှု ဆိုတာလိုအပ်တယ်။ ကျွန်တော်တို့တွေက ဗုဒ္ဓဘာသာကိုးကွယ်တဲ့လူအများစုဖြစ်ပါတယ်။ မြန်မာလူမျိုးတွေက စိတ်ရှည်သည်းခံတဲ့ အလေ့အထ၊ အလေ့အကျင့်တွေရှိပြီးသားဖြစ်တယ်။ ဒါတွေကို သေသေချာချာ ထိန်းသိမ်းဆောင်ရွက်သွားမယ်ဆိုရင် ဆိုးရွားတဲ့ ပဋိပက္ခတွေ ဖြစ်မလာနိုင်ဘူးလို့ ကျွန်တော်ကတော့ ထင်ပါတယ်။ ဒီလိုပဲ ယုံကြည်ထားတယ်။ တကယ်လို့ဖြစ်လာရင်လည်း ဥပဒေနဲ့အညီဖြစ်အောင် သူတို့ကို စနစ်တကျထိန်းရမှာဖြစ်ပါတယ်။ အရေးကြီးတာကတော့ နားလည်မှုပါပဲ၊ နောက်တစ်ခုက ပထမဦးဆုံး ပြောခဲ့တဲ့ အရေးအကြီးဆုံးအချက်ကတော့ သူတို့ကို အပြင်ကနေပြီးတော့ အားပေးလှုံ့ဆော်မှုတွေ မပြုဖို့အရေးကြီးပါတယ်။ တချို့ကလည်း ခံစားချက်ရှိတော့ ခံစားချက်အပေါ်မှာ လှုံ့ဆော်မှုနဲ့ ပေါင်းစပ်ရင် ဒီလိုပေါက်ကွဲမှုတွေ ဖြစ်သွားနိုင်စရာ အကြောင်းရှိပါတယ်။ ဒါတွေမဖြစ်အောင် ပြည်သူလူထုတစ်ဦးတည်းတင်မဟုတ်ဘဲ ပတ်ဝန်းကျင်အခြေအနေနဲ့ အများကြီးဆိုင်တယ်လို့ ပြောရလိမ့်မယ်။

CNA - အပြင်က လှုံ့ဆော်မှုဆိုတာ ဘယ်လိုမျိုးတွေကို ပြောတာပါလဲ။

ဗိုလ်ချုပ်မှူးကြီး - အခုနကပြောတဲ့ တိုက်ရိုက်ခံစားချက်ရှိတဲ့ လူတွေမဟုတ်ဘဲ၊ သူတို့နဲ့ မသက်ဆိုင်တဲ့ အဖွဲ့အစည်းတွေက မင်းတို့လုပ်တာမှန်တယ်၊ မင်းတို့ လုပ်တာ ဆက်လုပ်ရမယ်ဆိုပြီးတော့ ခံစားချက်ကို ပိုမိုပြင်းထန်အောင် လုပ်ပေးတဲ့ဟာမျိုးကိုပြောတာပါ။ သူတို့ကိုယ်တိုင် မဟုတ်ဘူး။ သူတို့နဲ့ မသက်ဆိုင်တဲ့ အဖွဲ့အစည်းတွေက လုပ်ပေးတာကိုပြောတာ။

CNA - စောစောကပြောတဲ့ ပြင်ပလှုံ့ဆော်တဲ့ အဖွဲ့အစည်းတွေက ဘယ်လောက်အင်အားကြီးနေပါသလဲ၊ ဘယ်လိုအခြေအနေမျိုးမှာ တပ်မတော်က နောက်ထပ်ခြေတစ်လှမ်းတိုးပြီးဆောင်ရွက်မှာလဲ။

ဗိုလ်ချုပ်မှူးကြီး - ဒါကတော့ အခြေအနေပေါ်မှာ အများကြီး တည်တယ်၊ ဥပမာ သူတို့အားပေးလုပ်ဆောင်မှုက နည်းရင်နည်းတဲ့အတိုင်းအတာ အလျောက် ကျွန်တော်တို့ ဖြေရှင်းရမယ်၊ များရင်များတဲ့အတိုင်းအတာ အလျောက် ဖြေရှင်းရမှာရှိတယ်၊ ကျွန်တော်တို့မှာ ဥပဒေရှိတယ်၊ တရားဥပဒေစိုးမိုးရေးနဲ့ ပတ်သက်ပြီး တရားသူကြီးက စပြီးလုပ်ရတာရှိတယ်၊ အုပ်ချုပ်ရေးက လုပ်ရတာရှိတယ်၊ ရဲတပ်ဖွဲ့က လုပ်ရတာရှိတယ်၊ ရဲတပ်ဖွဲ့ကလုပ်လို့မရတာဆိုရင် တပ်မတော်ကို အကူအညီတောင်းရတာရှိတယ်၊ ဒါတွေကလည်း အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတာရှိတယ်၊ ဒီလိုပဲ တစ်ဆင့်ပြီးတစ်ဆင့် သွားရတယ်၊ မထိန်းသိမ်းနိုင်ဘူးဆိုပြီးတော့မှ ကျွန်တော်တို့က ကျော်ပြီး လုပ်လို့မရဘူး၊ လုပ်နိုင်တဲ့ အဖွဲ့အစည်းတွေရှိပြီးသား၊ အုပ်ချုပ်ရေးအဖွဲ့အစည်းရှိတယ်၊ တရားဥပဒေစိုးမိုးရေးလုပ်နေတဲ့ ရဲတပ်ဖွဲ့ရှိတယ်၊ အဲဒီကနေလုပ်လို့မရဘူးဆိုမှသာ တပ်မတော်က ဆောင်ရွက်ပေးဖို့အတွက်ကို သက်ဆိုင်ရာအမိန့်ပေးပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်ကနေမှ ဆောင်ရွက်ဖို့ကို ကျွန်တော်တို့ကို ပြောမှသာ တပ်မတော်က လုပ်လို့ရမှာဖြစ်တယ်။

CNA - အဲဒီလို လုပ်ဖို့က ဘယ်လိုအခြေအနေမျိုးကို ဆိုပါသလဲ။

ဗိုလ်ချုပ်မှူးကြီး - ဘယ်လိုမှ ထိန်းမရတော့ဘူးဆိုရင်၊ အခြေအနေမျိုးရောက်လာရင် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ အစိုးရအဖွဲ့ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံတင်ပြ၊ နိုင်ငံတော်သမ္မတကနေပြီးတော့မှ ဒီနေရာတော့ တပ်ကဝင်ဖို့လိုတယ်၊ တပ်မတော်က ကူညီမှုလိုတယ် ဆိုရင် တပ်မတော်ရဲ့ အကူအညီနဲ့ ဝင်ပြီးတော့ ထိန်းသိမ်းရမယ်၊ သူကအရေးပေါ်အခြေအနေ ကြေညာရမယ်၊ အဲလိုကြေညာရင် တပ်က ဥပဒေနှင့်အညီပဲ လုပ်လို့ရမယ်၊ ဥပဒေနှင့်အညီမလုပ်ရင် ကျွန်တော်တို့ရင်ဆိုင်ရမှာ အများကြီးရှိတယ်။

CNA - ဒါဆိုရင် သမ္မတ ဒါမှမဟုတ် ဝန်ကြီးချုပ်တွေရဲ့ ခွင့်ပြုချက်မရဘဲနဲ့ တပ်မတော်က ဝင်ရောက်စွက်ဖက်ဖို့ အစီအစဉ်မရှိဘူးလို့ ပြောချင်တာလား။

ဗိုလ်ချုပ်မှူးကြီး - သေချာတာပေါ့၊ ကျွန်တော်တို့ နိုင်ငံတော်အခြေအနေနဲ့ ပတ်သက်ရင် တကယ့် နောက်ဆုံးအဆုံးအဖြတ်ပေးနိုင်တာ နိုင်ငံတော်သမ္မတပဲ၊ နိုင်ငံတော်သမ္မတကိုလည်း ဥပဒေအရပေးထားတဲ့ လုပ်ပိုင်ခွင့်တွေရှိတယ်၊ အဲဒါကို ကျော်ပြီးတော့လုပ်လို့မရဘူး။ နိုင်ငံတော်သမ္မတအနေနဲ့လည်း မျိုးစုံချိန်ဆပြီးတော့မှ လုပ်လို့ရမယ်၊ ဥပမာအားဖြင့် ကျွန်တော်တို့ ရခိုင်မှာဖြစ်ခဲ့တဲ့ အခက်အခဲတွေ အကျပ်အတည်းတွေ၊ နောက်မိတ္ထီလာမှာဖြစ်ခဲ့တဲ့ အခက်အခဲအကျပ်အတည်းတွေကို ဥပဒေနဲ့အညီ တစ်ဆင့်ပြီးတစ်ဆင့် ကျွန်တော်တို့လုပ်ခဲ့တာဖြစ်ပါတယ်၊ ဒါကြောင့်လည်း ကျွန်တော်တို့ အဆိုးမဖြစ်ဘဲနဲ့ အဆိုးဖြစ်မယ့် အခြေအနေကနေ အကောင်းဘက်ကို ပြန်ရောက်လာတယ်၊ သွားတာတော့ အဆိုးဘက်သွားတာပဲ၊ ဒါပေမယ့် အဆိုးဖြစ်တဲ့ အခြေအနေအထိ သိပ်လွန်လွန်ကျူးကျူးဖြစ်မသွားအောင်၊ ရအောင်ထိန်းလိုက်တယ်၊ ထိန်းပြီးတော့မှ အကောင်းဘက်ကို ပြန်ရောက်လာတယ်၊ ဒါကြည့်မယ်ဆိုရင် ကျွန်တော်တို့လုပ်နေတဲ့ Process ကို မြင်နိုင်လိမ့်မယ်။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့ရုပ်မြင်သံကြား

Entertainment Channel

၂၃-၁-၂၀၁၅ (သောကြာနေ့)

၆း၀၀- လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၁၂)

၆း၃၀- အေဝမ်းစိုးမြင့်တေးများ (အပိုင်း-၁)

၆း၅၀- နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း -၁၇)

၇း၁၅- သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် " Online ပေါ်က ဝိညာဉ်"

၉း၄၅ - China In Myanmar Culturals Show

၁၀း၀၀-မြန်မာဗီဒီယိုဇာတ်လမ်း **နွေဥသြရဲ့ဆောင်းရင်ခွင်** -ဟိန်းဝေယံ၊ ရဲအောင်၊ စိုးပြည့်သဇင် (ဒါရိုက်တာ -ဇမ္ဗူထွန်းသက်လွင်)

ပြည်တွင်းသတင်း

အမျိုးသားလွှတ်တော်မှ

တချို့ နေရာဒေသများတွင် ခေါင်းလောင်း၊ ကြေးစည်နှင့် ကျောက်စာများ၏ ယဉ်ကျေးမှုတန်ဖိုးကို မသိရှိဘဲ correction pen၊ မီးသွေး၊ ခဲ၊ အုတ်နီခဲ စသည်တို့ဖြင့် စာများရေးခြစ်ထားခြင်းများ၊ မြန်မာလူမျိုးတို့၏ စေတနာသဒ္ဓါတရားအရ ရွှေသက်န်းကပ်ခြင်း၊ ရွှေဆေးမင်ရည်သုတ်လိမ်းခြင်း၊ ထုံးသုတ်ခြင်း စသည်တို့ကြောင့် စာလုံးများမှေးမှိန်သွားခြင်း၊ ထုံးသုတ်ခြင်း၊ မင်ဖျက်ဆေးရည်နှင့် ရွှေဆေးမင်ရည်တို့တွင်ပါဝင်သော ဓာတ်ပစ္စည်းများကြောင့် ယိုယွင်းခြင်းများ တွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ အဆိုပါ ကျောက်စာချပ်များအား မူလတန်ဖိုးမပျက်စီးစေရန်အတွက် ထုံးသုတ်ခြင်း၊ ဆေးရောင်သုတ်ခြင်းများ၊ ရွှေရေးမင်ရေးများ ဆောင်ရွက်ခြင်းတို့ကို ခွင့်မပြုပါကြောင်းနှင့် အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက မူလလက်ရာအတိုင်း မင်ပြန်ထပ်ခြင်းအတွက် လှူဒါန်းနိုင်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက **"လယ်ယာထွက်ကုန် ဈေးကွက်များ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** အား အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်၏ **"ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အားကစားသိပ္ပံကျောင်း ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

MPC

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)

♦ သင်ဖတ်နေသော သတင်းများသည် မှားယွင်းသောဖော်ပြချက်တွေလား?
♦ သင်ဖတ်နေသော သတင်းများသည် မခိုင်မာသောကိုးကားချက်တွေ ထည့်သွင်းထားသလား?
♦ မီဒီယာမှာဖော်ပြမှုကြောင့် သင့်၏သိက္ခာထိခိုက်နေပါသလား?

စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ သတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)
အမှတ်(၉၀၂)၊ ၉-လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၀၂၆၃၂၆
အီးမေးလ် mmpresscouncil@gmail.com

ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာပေးဆောင်စို့

စာမျက်နှာ ၆ မှ

ဤလမ်းကြောင်းအတိုင်း ဆက်သွားနိုင်ပါက ၂၀၂၅ ခုနှစ်တွင် ၂၀၀၅ ခုနှစ် ထုတ်လွှတ်မှုအောက် ၂၆ ရာခိုင်နှုန်းမှ ၂၈ ရာခိုင်နှုန်း လျှော့ချနိုင်ပြီး ၂၀၅၀ ပြည့်နှစ်တွင် ၈၀ ရာခိုင်နှုန်းကျော် လျှော့ချနိုင်မည့် အခြေအနေရှိကြောင်း သိရှိရပါသည်။

ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများမှ ဆောင်ရွက်ရမည့် အချက်များ

UNFCCC အဖွဲ့ဝင်နိုင်ငံများသည် မိမိနိုင်ငံ၏ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို အဓိကထား ဖော်ပြသော အမျိုးသားဆက်သွယ်မှုအစီရင်ခံစာ (National Communication) တင်ပြရန် တာဝန်ရှိကြရာ မြန်မာနိုင်ငံအနေဖြင့် ကနဦး အမျိုးသားဆက်သွယ်မှုအစီရင်ခံစာ (Initial National Communication) ကို ၂၆-၁၂-၂၀၁၂ တွင် တင်သွင်းပြီးဖြစ်၍ ယခုအချိန်တွင် ဒုတိယအကြိမ်မြောက် အမျိုးသားဆက်သွယ်မှုအစီရင်ခံစာ (Second National Communication) တင်သွင်းနိုင်ရေးအတွက် အစပြုစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဤဆက်သွယ်မှုအစီရင်ခံစာကို နှစ်စဉ်ပြုစုတင်ပြရန် အခက်အခဲရှိနေသည်နှင့်အညီ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု နောက်ဆုံးအခြေအနေကို တင်ပြသည့် Biennial Update Report (BUR) ကိုလည်း နှစ်နှစ်တစ်ကြိမ် တင်ပြရန် တာဝန်ရှိကြရာ ၇-၁-၂၀၁၅ ရက်အထိ ဖွံ့ဖြိုးဆဲ ၁၀ နိုင်ငံမှ BUR တင်သွင်းပြီးဖြစ်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဆောင်ရွက်မည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ် (Myanmar's National Adaptation Programme of Action-NAPA) ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် တင်သွင်းပြီးဖြစ်သော်လည်း ၂၀၁၀ ခုနှစ်တွင် Cancun ၌ ကျင်းပသည့် COP 17 မှ ဆုံးဖြတ်ချက်အရ အမျိုးသားအဆင့် လိုက်လျောညီထွေ ဆောင်ရွက်ရေးစီမံချက် (National Adaptation Plan-NAP)ကိုလည်း ပြင်ဆင်ရေးဆွဲပြီး ရေရှည် အကောင်အထည်ဖော်သွားရမည်ဖြစ်ပါသည်။ ထို့အပြင် ၂၀၁၂ ခုနှစ်တွင် ဒိုဟာမြို့၌ ကျင်းပသော COP 18 မှ ချမှတ်ချက်အရ သင့်လျော်သည့် လျှော့ချရေးအစီအမံများ (Nationally Appropriate Mitigation Actions-NAMAs) ကိုလည်း မိမိနိုင်ငံ၏အစီအစဉ်ဖြင့် ရေးဆွဲဆောင်ရွက်ရပါမည်။

အထူးသဖြင့် ၂၀၁၃ ခုနှစ်တွင် ပိုလန်နိုင်ငံဝါဆောမြို့၌ ကျင်းပသော COP 19 နှင့် ၂၀၁၄ ခုနှစ်တွင် ပီရူးနိုင်ငံ လီမာမြို့၌ ကျင်းပသော COP 20 တို့မှ ချမှတ်ထားသော သဘောတူညီချက်များအရ UNFCCC အဖွဲ့ဝင်နိုင်ငံတိုင်းသည် ကွန်ဗင်းရှင်း အခန်း(၂)တွင် ဖော်ပြထားသော မှန်လုံအိမ်ဓာတ်ငွေ့ လေထုအတွင်း ပါဝင်မှုတည်ငြိမ်စေရေး ရည်ရွယ်ချက်ကို အလေးထားလျက် မိမိနိုင်ငံမှရည်ရွယ်ဆုံးဖြတ်ထားသည့် ဆောင်ရွက်ရန်အချက်များ (Intended Nationally Determined Contributions- INDC)ကို ပြုစုပြီး အတွင်းရေးမှူးအဖွဲ့ထံ တင်သွင်းကြရပါမည်။ ဖွံ့ဖြိုးမှုအနည်းဆုံး LDC နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံများသည် ဤ INDC ကို ပြုစုရာတွင် မိမိနိုင်ငံအခြေအနေနှင့်လျော်ညီသည့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့နည်းစေမည့် မဟာဗျူဟာများ၊ စီမံကိန်းစီမံချက်များ ပါဝင်ရမည့် အပြင် လိုက်လျောညီထွေပြုမူရေး စီမံချက်ဆောင်ရွက် ထားရှိမှုများပါ ထည့်သွင်းဖော်ပြရပါမည်။ ဤ INDC ကို ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၂၀၁၅ ခုနှစ် ဧပြီလနောက်ဆုံးထား၍ လည်းကောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ၂၀၁၅ ခုနှစ် ဩဂုတ်လ နောက်ဆုံးထား၍လည်းကောင်း ပြုစုတင်သွင်းကြရမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း သတ်မှတ်ချိန်အတိုင်း ပြုစုတင်သွင်းနိုင်ရေးအတွက် သက်ဆိုင်သည့် အစိုးရဌာနအဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရပါမည်။

ယနေ့ကမ္ဘာကြီး၏ ပြဿနာတစ်ခုဖြစ်သော ရာသီဥတု ပြောင်းလဲမှုသည် ကမ္ဘာကြီးပူနွေးလာမှုကြောင့်ဖြစ်ရာ ကမ္ဘာကြီးပူနွေးမှုဖြစ်စေသော မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးသည် ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း၏ တာဝန်တစ်ရပ်ဖြစ်သည်နှင့်အညီ ဥပဒေနှင့် ထိန်းချုပ်ထားသော တစ်ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက် ပေါ်ထွက်လာရေးအတွက် ဖွံ့ဖြိုးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး ပူးပေါင်းဆောင်ရွက်ကြရပါမည်။ ဤသဘောတူညီချက်ပါ သတ်မှတ်ချက်နှင့်အညီ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး လိုက်နာဆောင်ရွက်ကြမှသာ နောင်လာနောက်သား အနာဂတ်မျိုးဆက်သစ်များအား သာယာနေပျော်သောကမ္ဘာကြီးကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ပါသည်။

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲ ရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့်မလွတ်သော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ (၂၄-၁-၂၀၁၅) ရက်နေ့တွင် မြောက်ဥက္ကလာပ၊ ဒဂုံ(မြောက်)၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ လမ်းမတော်၊ အလုံ၊ ဒဂုံ၊ ပန်းဘဲတန်း၊ လှိုင်၊ ကြည့်မြင်တိုင်၊ လသာ၊ ဗဟန်း၊ မရမ်းကုန်း၊ လမ်းမတော်၊ ကမာရွတ်၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ ဒလ၊ တွံ့တေး၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ကျောက်တန်း၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ထန်းတပင်၊ ဥက္ကံ၊ ဖောင်ကြီး၊ အင်းတိုင် မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက်၉ နာရီမှ ညနေ ၃ နာရီအတွင်း သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ ထို့အပြင် (၂၅-၁-၂၀၁၅) ရက်နေ့တွင် မြောက်ဥက္ကလာပ၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ လသာ၊ အလုံ၊ လှိုင်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ တိုက်ကြီး၊ ဖောင်ကြီး၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့်၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားစနစ် ပိုမိုစိတ်ချရမှုအတွက် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်ပါသောကြောင့် ဓာတ်အား ခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂)အတွက် လျှောက်လွှာများ လက်ခံခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂)အတွက် လျှောက်လွှာများအား ၃-၁-၂၀၁၅ ရက်နေ့မှစတင်၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၃-၂-၂၀၁၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသည်။ အမျိုးသမီးဗိုလ်လောင်း လျှောက်ထားလိုသူများအနေဖြင့် တိုင်းစစ်ဌာနချုပ်များ၌ ထုတ်ယူရရှိနိုင်ပြီး လျှောက်လွှာပိတ်ရက်မတိုင်မီ ပြန်လည်တင်သွင်းကြရန် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ၃-၁-၂၀၁၅ ရက်နေ့မှ ၅-၁-၂၀၁၅ ရက်နေ့အထိ နေ့စဉ်ထုတ် မြဝတီ၊ ကြာနာဂ၊ မြန်မာ့အလင်း ကြေးမုံသတင်းစာများတွင် ဖတ်ရှုနိုင်ပြီး ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈ သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

Air-Con
အဟောင်း၊ အပျက်များ
ဝယ်ယူလိုပါသည်။
09 49 30 2004

ကားငှားလိုသည်
Taxi
09-258448884

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၄)၊ မြေကွက်အမှတ် (၂၄)၊ ဧရိယာ ၀ဒသမ၀၂၉၈က အနက်မှ မြောက်ဘက်ခြမ်း (၁၂ဒသမ၆ပေ×ပေ၅၀)၊ မြေကွက်တည်နေရာအမှတ် (၁၂၇)၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ နှစ် ၆၀ မြေငှားစာချုပ် ဂရန်အမည်ပေါက် ဦးဇော်လွင်ထွန်း၊ ဦးစိန်ထွီးအောင် မြေအား ကမာရွတ်မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် (၇/၂၀၁၄)၊ တရားမဇာရီမှုအမှတ် (၁၀/၂၀၁၄)ဖြင့် တရားနိုင် ဒေါ်ညိုညိုဝင်းနှင့် တရားရှုံး ဦးဇော်လွင်ထွန်းတို့၏ ကိုယ်စားဘီလစ်ဒေါ်စန်းစန်းမော် ၁၂/ကမရ(နိုင်) ၀၃၀၄၂၆ မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် (၁၁၁၀)၊ အမည်ပေါက် ဒေါ်အေးသန်း၊ မြေကွက်အမှတ်(၁၁၁၁)အမည်ပေါက် ဒေါ်ခင်ဖြူဖြူတို့၏ မြေကွက်များအား လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်တင်လှ ၁၃/လရန(နိုင်) ၀၃၃၂၀၁ မှ အရောင်းအဝယ်စာချုပ် (မူရင်း) တင်ပြပြီး မြေကွက်စလစ်(မူရင်း)နှင့် ငွေသွင်းချလန်(မူရင်း) ပျောက်ဆုံးသွားပါ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

✱ *ကျောဖုံးမှ*

ပိုက်ကျော်ခြင်း/ခြင်းလုံး၊ ဝုရှူး၊ တိုက်ကွမ်ဒို၊ လက်ဝှေ့၊ ဘော်လီဘော(ကျား)၊ ဘောလုံးနဲ့ သေနတ်ပစ်အားကစားနည်းတွေကို နိုင်ငံတော်စရိတ်ကျခံမှုနဲ့ ဆောင်ရွက်ပေးပြီး ဒုတိယဦးစားပေးအနေနဲ့ အချို့ကျကျခံပေးမယ့် အားကစားနည်းတွေက စက်ဘီး၊ တင်းနစ်၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ထရိုင်သလွန်၊ ဂေါက်သီး၊ ဓားခုတ်၊ စကွက်ချ်၊ ရွက်လှေနဲ့ ရေကူး/ဒိုင်ဗင်တွေဖြစ်တယ်။ အဖွဲ့ချုပ်တွေက စီစဉ်စေလွှတ်မယ့် ကစားနည်းတွေကတော့ ဘတ်စကက်ဘော၊ ဟော်ကီ၊ မြင်းစီး၊ နတ်ဒ်ဘောတို့ဖြစ်ပါတယ်။ အားကစားသမားတွေနဲ့ ကြီးကြပ်သူတွေ အားလုံးပေါင်းရင် လူဦးရေ ၄၀၀ လောက် စင်ကာပူဆီးဂိမ်းကို သွားမယ်”ဟု အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြောကြားသည်။

အဖွဲ့ချုပ်များမှ လူရွေးချယ်ခြင်းများကို ဒီဇင်ဘာလ၌ စတင်ကျင်းပနေပြီး အတိအကျလူစာရင်းကိုမူ မတ်လကုန်နောက်ဆုံးထား ထုတ်ပြန်သွားရန်ရှိကြောင်း အားကစားဝန်ကြီးဌာနမှ သိရသည်။ ကျွမ်းဘား၊ ပီတန်းနှင့် ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဝင်းကလည်း ကျွမ်းဘားအားကစားနည်းတွင် အမျိုးသားအသင်း စေလွှတ်ရန် လျာထားပြီး အားကစားသမား ခြောက်ဦး ပါဝင်မည်ဖြစ်ကာ ရွှေတံဆိပ်တစ်ခုနှင့် ငွေတစ်ခုရရှိရန် မျှော်မှန်းထားပြီး ပီတန်းအားကစားတွင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးခုနစ်ဦး စေလွှတ်ရန်လျာထားပြီး ရွှေရနိုင်ရန် မျှော်လင့်ထားကြောင်း၊ ဘိုးလင်းအားကစားနည်းမှာမူ မြန်မာနိုင်ငံတွင် ပေါ်ပြူလာအားကစားနည်းများ၌ မပါဝင်သော်လည်း အမျိုးသားခြောက်ဦးကို စေလွှတ်ယှဉ်ပြိုင်ရန် ရှိသည်ဟု ဆိုသည်။

“လူရွေးပွဲတွေကို သုံးသုတ်ခွဲပြီး ကျင်းပပါမယ်။ လူရွေးပွဲမှာလက်ရည်ကို ကြည့်ရမှာဖြစ်သလို လူရွေးပွဲမှာ လက်ရည်ထင်သလောက် မကောင်းပေမယ့် ပြိုင်ပွဲမှာ စံချိန်ချိုးတာမျိုးတွေ ရှိတယ်။ အာရှဂိမ်းမှာရော၊ World Cup မှာပါ သွားရောက်ယှဉ်ပြိုင်ခဲ့လို့ ဆုမရခဲ့ပေမယ့် အတွေ့အကြုံကောင်းတွေ အများကြီးရထားတယ်။ လူရွေးပွဲကျင်းပချိန်မှာ လက်ရည်မတက်လို့ လျှော့ချလိုက်ရင် ဆုရမယ့်သူတွေ ကျန်ခဲ့နိုင်တဲ့အတွက် အသုတ်လိုက်ခွဲပြီး မတ်လအထိ လူရွေးပွဲ ပြုလုပ်ဖို့ရှိတယ်”ဟု မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီက ပြောကြားသည်။

“ပြည်ပနည်းပြကိုလည်း ငှားရမ်းအသုံးပြုထားပါတယ်။ လူရွေးချယ်ပွဲကို ဇန်နဝါရီ ၂၂ ရက်ကနေ ဖေဖော်ဝါရီလလယ်အထိ ပြုလုပ်သွားမယ်။ ငါးကြိမ်ပတ်လည် ရွေးချယ်မှုဖြစ်ပြီး အားကစားသမား ၁၂ ဦး ဆီးဂိမ်းကို စေလွှတ်ဖို့ရှိပါတယ်”ဟု မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက ပြောကြားသည်။

တင်းနစ် အားကစားနည်းဖြင့် အားကစားသမား ၁၁ ဦးခန့် စေလွှတ်ယှဉ်ပြိုင်ရန် လျာထားပြီး ကြက်တောင်အားကစားနည်းတွင်လည်း တံခွန်စိုက် လူရွေးပွဲများ ကျင်းပပြီးစီးခဲ့သဖြင့် အမျိုးသား၊ အမျိုးသမီး သုံးဦးစီနှင့် ဂေါက်သီးအားကစားသမား အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးငါးဦးကို စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး တိုက်ကွမ်ဒိုအားကစားသမား ၂၃ ဦးကိုလည်း စခန်းသွင်းလေ့ကျင့်ပေးကာ စုစုပေါင်း ကစားသမားကိုးဦးကို ပြန်လည်ရွေးချယ်ကာ စင်ကာပူဆီးဂိမ်းသို့ စေလွှတ်ယှဉ်ပြိုင်ရန် ရည်ရွယ်ထားကြောင်း အဖွဲ့ချုပ်များထံမှ သိရသည်။

“လှေလှော်သုံးမျိုးဖြစ်တဲ့ ကနူး/ကယက်လှေ၊ အပြည်ပြည်ဆိုင်ရာလှေနဲ့ ရိုးရာလှေသုံးမျိုးလုံး ရွှေဆုမျှော်မှန်းထားပါတယ်။ ကနူး/ကယက်မှာ ၁၇ ပွဲမှာ ၁၁ ပွဲ ယှဉ်ပြိုင်မှာဖြစ်သလို အပြည်ပြည်ဆိုင်ရာ လှေမှာတော့ ၁၈ ပွဲအပြည့် ဝင်ပြိုင်မှာပါ။ ရိုးရာလှေမှာလည်း ရှစ်ပွဲအပြည့် ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ တစ်ဦးချင်း ဆန်းစစ်ချက်တွေ လုပ်ဆောင်နေပါတယ်။ ဒီဇင်ဘာလကတည်းက လူရွေးဆန်းစစ်တာလုပ်နေတာ ဖေဖော်ဝါရီအထိ ပြုလုပ်သွားဖို့ရှိတယ်။ လေ့ပြိုင်ပွဲတွေမှာ ရွှေ ငွေ ကြေးတံဆိပ်တွေရရှိအောင် အစွမ်းကုန် လေ့ကျင့်နေတယ်”ဟု မြန်မာနိုင်ငံလှေလှော် အဖွဲ့ချုပ် အတွင်းရေးမှူး ဦးဇော်ဝင်းက ပြောကြားသည်။

ဂျူဒိုအဖွဲ့ချုပ်ကလည်း အားကစားသမား ရှစ်ဦးခန့် သွားရောက်ယှဉ်ပြိုင်နိုင်ရန် စခန်းသွင်းလေ့ကျင့်မှုများကို ဆောင်ရွက်လျက်ရှိပြီး ဘော်လီဘောအားကစားမှ ပြိုင်ပွဲဝင်ကစားသမား ၁၂ ဦးကို အပြီးသတ်ရွေးချယ်နိုင်ရန် လူရွေးပွဲများနှင့် လက်ရည်စမ်းပွဲများကို ပြုလုပ်လျက်ရှိကြောင်း၊ စင်ကာပူမှ နည်းပြ၏ စခန်းသွင်းလေ့ကျင့်မှုဖြင့် မြန်မာနိုင်ငံ Netball အဖွဲ့ချုပ် ကစားသမားများ လေ့ကျင့်လျက်ရှိပြီး အားကစားနည်းကို လူထုပိုမိုသိရှိလာစေရန်အတွက် ဆုတံဆိပ်များရရှိရန် အကောင်းဆုံး ကြိုးစားလျက်ရှိကြောင်း အဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်ထွဋ်ထံမှ သိရသည်။

“စင်ကာပူဆီးဂိမ်းမှာ ယှဉ်ပြိုင်နိုင်ရေးအတွက် ဝိတ်တန်းပြည့်စေလွှတ်လိုပါတယ်။ ပြိုင်ပွဲမှာ ကိုယ်မှန်းထားသလိုမဖြစ်တာတွေရှိတယ်။ ၂၇ ဆီးဂိမ်းမှာ ရွှေမှန်းတဲ့ကစားသမားတွေ ရွှေမရသလို အရန်ကစားသမားက ရွှေဆုရတာမျိုးရှိတယ်။ လက်ရည်စစ်ပွဲတွေပြုလုပ်ပြီး လူရွေးချယ်လျက်ရှိပြီး ရွှေဆုရရှိဖို့ မျှော်လင့်ထားတယ်”ဟု မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင်က ဆိုသည်။

“ပြီးခဲ့တဲ့ဆီးဂိမ်းမှာ တတိယရခဲ့ဖူးတဲ့ နည်းပြကို ငှားရမ်းပြီး ဟော်ကီကို ဆုရရှိဖို့ ဆောင်ရွက်ထားတယ်။ အားကစားသမား ၃၄ ဦးကို စခန်းသွင်း လေ့ကျင့်ပေးနေပါတယ်။ မတ်လမှာ ၂၆ ဦး ပြန်လည်ရွေးချယ်သွားမယ်”ဟု မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးခင်မောင်လတ်က ပြောကြားသည်။ ထို့အတူ ပိုက်ကျော်ခြင်းအားကစားမှလည်း ရွှေတံဆိပ် သုံးခုခန့်ရရှိရန် မျှော်မှန်းထားပြီး ပြိုင်ပွဲအမျိုးအစား လေးမျိုးခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ အားကစားသမား စုစုပေါင်း ၁၇ ဦးခန့် သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့အတူ Squash အားကစားသမားများကို စနစ်တကျ လေ့ကျင့်ပေးလျက်ရှိပြီး အားကစားသမားရှစ်ဦးခန့် သွားရောက်ယှဉ်ပြိုင်ရန် လျာထားသကဲ့သို့ ရွက်လှေအားကစားတွင်လည်း အားကစားနှင့် ကာယပညာသိပ္ပံမှ သင်တန်းသားများကို လေ့ကျင့်ပေးလျက် ရှိသည့်အပြင် အမျိုးသားအားကစားပြိုင်ပွဲ ပြီးဆုံးချိန်တွင် လူရွေးကာ စခန်းသွင်းလေ့ကျင့်သွားရန် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က လျာထားပြီး ကစားသမား ၁၀ ဦးခန့်ကို စင်ကာပူဆီးဂိမ်းသို့ စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

“မြားပစ်ကို မနှစ်က အများကြီး မျှော်လင့်ထားပေမယ့် ရသင့်တဲ့ ရွှေဆုတွေ ဆုံးရှုံးခဲ့ရတယ်။ စင်ကာပူဆီးဂိမ်းမှာတော့ ဂျူဒိုတို့၊ လက်ဝှေ့တို့နဲ့အတူ ရွှေလေးခုလောက် မှန်းထားပါတယ်။ ပိုက်ကျော်ခြင်းနဲ့ ဘီလီယက်/စနူကာကို ရွှေသုံးခုစီလောက် မှန်းထားပါတယ်။ အားကစားစိတ်ဓာတ်ဆိုတာက နိုင်တာ ရှုံးတာထက် ယှဉ်ပြိုင်ဖို့ အရေးကြီးတာကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ အဖွဲ့ချုပ်တွေဘက်က အစွမ်းရှိသလောက် ကြိုးပမ်းမှာဖြစ်သလို အားပေးတဲ့ပရိသတ်ကြီးက နိုင်ရင်အားပေးသလို ရှုံးသွားခဲ့ရင်လည်း အားပေးပြီး ကစားသမားတွေရဲ့ စိတ်ဓာတ်ကို မြှင့်တင်ပေးပါလို့ တိုက်တွန်းပါတယ်။ မဟုတ်ရင် အားကစားသမားကောင်းတွေ ပိုမိုရှားပါးသွားပါလိမ့်မယ်။ ကျွန်တော်တို့ နိုင်ငံအတွက် စင်ကာပူဆီးဂိမ်းမှာ အဆင့်သုံး၊ လေးလောက်အထိ မှန်းထားပြီး အဆင့်ခုနစ်အောက် မလျော့ကျစေရေးအတွက် ကြိုးစားသွားဖို့ ကစားသမားတွေကို အားပေးစကားပြောထားတယ်။ ဘောလုံးကိုတော့ အများကြီး မမျှော်မှန်းထားပါဘူး။ စိတ်တိုင်းကျမဟုတ်ပေမယ့် မြန်မာဘောလုံး အသင်းကကလေးတွေလည်း ကြိုးစားကြတာပါပဲ။ သို့သော် တစ်ဦးချင်း စွမ်းရည်ကို အားကိုးလွန်းတာ တွေ့ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အနိုင်ရရင်တော့ အတိုင်းထက်အလွန်ပေါ့”ဟု အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထိုက်က ပြောကြားသည်။

(မြန်မာ့အလင်း)

ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၂

ဇန်နဝါရီ ၂၁ ရက် ည ၇ နာရီခွဲခန့်က သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းမပေါ် ကောက်လှိုင်လမ်းနှင့် မီးဒုံးလမ်းအကြားတွင် AD/---- ဗင်ကား အငှားယာဉ်နှင့် တိုယိုတာ လိုက်ထရပ် ကိုယ်ပိုင်ယာဉ်တို့ တိုက်မှု ဖြစ်ပွားခဲ့သည်။ **(ယာဉ်)**

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၁ ရက် ည ၇ နာရီခွဲခန့်က သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းအတွင်း သုဝဏ္ဏလမ်းဆုံမှ သင်္ဃန်းကျွန်းကားကြီးဂိတ်ဘက်သို့ ယာဉ်မောင်း ကျော်သန်း (၅၅နှစ်) မောင်းနှင်သော YGN (BB...) AD ဗင် အပြာရောင် အငှားယာဉ်သည် မီးဒုံးလမ်းမှတ်တိုင်အနီး အရှိန်လွန်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ သံသုမာလမ်းအတွင်း ယာဉ်မောင်း ကျော်ဖြိုးသူ (၂၃ နှစ်)မောင်းလာသော GN (8L....) တိုယိုတာ လိုက်ထရပ် အဖြူရောင်နှင့် တိုက်မှုဖြစ်ပွားခဲ့သည်။

ထိုသို့ ယာဉ်နှစ်စီး တိုက်မိမှုကြောင့် ကားနှစ်စီးလုံး ပျက်စီးသွားပြီး လိုက်ထရပ်ယာဉ်ပေါ် စီးနင်းပါလာသူ လမင်းဖြိုး၊ မျိုးသူဇင်၊ အောင်ဇော်မိုးနှင့် အငှားယာဉ်ပေါ်ပါလာသူ ဇော်ဌေးအောင်တို့ ထိခိုက်ဒဏ်ရာများရရှိ၍ တာဝန်ရှိသူတို့က သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ တင်ပို့ပြီး အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် ကုသပေးခဲ့သည်။ ယာဉ်မဆင်မခြင် မောင်းမှုကြောင့် ကားနှစ်စီးပျက်စီးပြီး လူလေးဦး ထိခိုက်ဒဏ်ရာရရှိစေသော အငှားယာဉ်မောင်း ကျော်သန်းအား ယာဉ်မှုစစ်က စစ်ဆေးလျက်ရှိသည်။

(၀၂၅)

အရောင်းကိုယ်စားလှယ်များဖိတ်ခေါ်ခြင်း

ကျွန်တော်တို့၏ Kinetic Property development Company Ltd. သည် ရန်ကုန်မြို့တွင် Condo Project ၁၀ခု ပြုလုပ်တည်ဆောက်မည်ဖြစ်ပါသည်။ စိတ်ပါဝင်စားသော agent များနှင့် အရောင်းကိုယ်စားလှယ်များအား ၂၄-၁-၂၀၁၅ရက် (စနေနေ့) 11 am to 1 pm အချိန်တွင် Inya Lake Hotel (elephant room)၌ ကွန်ဒိုအရောင်း သီးသန့်ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်ကြားအပ်ပါသည်။ Condo အိပ်ခန်းများအား ရောင်းချပေးသော agent များ၊ အရောင်းကိုယ်စားလှယ်များအနေဖြင့် အကျိုးခံစားခွင့် ၂ရာခိုင်နှုန်း ရရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဇနီးနှင့်သားနှစ်ယောက်ပျောက်ဆုံးခြင်း

မြဝတီမြို့၊ အမှတ် ၃ရပ်ကွက်၊ ခေမာသီလမ်း၊ No-122 တွင် နေထိုင်သော ဦးကိုကျင်၏သမီး ဒေါ်အေးအေးအောင် ၁၄/သပက(နိုင်)၀၇၄၆၀၀ သည်ကိုဇော်မင်းဦး ၃/ကကရ (နိုင်)၀၆၇၃၁၅ မရှိခိုက် သားနှစ်ယောက်ကိုခေါ်၍ အိမ်မှ ဆင်းသွားပါသဖြင့် တွေ့ရှိအကြောင်းကြားပါက ကျေးဇူးဆပ်မည်။ လက်ခံထားသူများ ထိရောက်စွာ အရေးယူမည်။

ကိုဇော်မင်းဦး ဖုန်း-၀၉-၄၅၂၂၇၁၈၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)
ပရိဘောဂပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) ဆရာသုံးစားပွဲ
(ခ) ဆရာသုံးထိုင်ခုံ
(ဂ) ရုံးသုံးဗီရို(သံ)
(ဃ) ရုံးသုံးစားပွဲ
(င) ရုံးသုံးကုလားထိုင်
(စ) ဖိုင်တင်စင်
(ဆ) Aluminium White Board
(ဇ) သစ်သားဗီရို (ကျွန်း)
(ဈ) 4 Drawers Cabinet
(ည) အရာရှိစားပွဲ
(ဋ) စားပွဲရိုးရိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၁-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၁-၂၀၁၅ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် တင်သွင်းမည့်ပစ္စည်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုသည့်အချက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း (လက်ခုပ်ကုန်း)ဖုန်း-၀၉-၈၆၄၁၃၄၁၊ ၀၉-၃၂၄၃၃၁၇၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ခေါ်ယူရေးကော်မတီ

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်ဦးလှရွှေ၏သား မောင်သန်းနိုင် ၁၂/ဥကတ(နိုင်)၁၈၈၀၇၈ သည် မိဘ၏ဆုံးမစကားကို နားမထောင်ဘဲမိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကိုလုံးဝ တာဝန်ယူမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးလှရွှေ

မွေးနေ့မင်္ဂလာဆုမွန်တောင်းလွှာ

ချစ်ခင်ပွန်း ဗိုလ်မှူးတင်မောင်တိုး(ငြိမ်း) HTOO GROUP OF CO.,LTD. ၏ ၂၃-၁-၂၀၁၅ရက်တွင် ကျရောက်သော ရွှေရတုမွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာစွာဖြင့် ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး
ဒေါ်လှယဉ်ဝင်း
အထက်တန်းရှေ့နေ
ပြင်ဦးလွင်

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တူးချောင်းရပ်ကွက်၊ ကွင်းအမှတ် (၃၇၀-A)၊ ဦးပိုင်အမှတ် (၁၃/ဇ)၊ ဧရိယာ ၇ဒသမ၁၁ဧကအနက်မှ တစ်ကွက်လျှင်(ပေ၂၀×ပေ၆၀)အကျယ်အဝန်းစီရှိသော အကွက်အမှတ် ၇၀၊ ၇၁၊ ၇၂ ဟုခေါ်တွင်သော မြေကွက်သုံးကွက်နှင့်ယင်းမြေကွက်များဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးမြင့်စိန် ၁၄/မမက(နိုင်)၀၈၆၂၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းပြောဆို ကန့်ကွက်လိုသူများ ရှိပါကဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစိန်ဝင်း(စဉ်-၆၀၈၂)
B.A,H.G.P,C.B.L,D.B.L,D.M.L
ဥပဒေအကျိုးဆောင်၊အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ပြည်တွင်းသတင်း

ကန်တော်ကြီးပန်းကန်လုံးကျွန်းထိပ် လမ်းဆုံ၌ ကားငါးစီးဆင့်ကဲတိုက်

ရန်ကုန် ဇန်နဝါရီ ၂၂

ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၀မိနစ်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီးပန်းကန်လုံးကျွန်းထိပ် ကန်ပတ်လမ်းနှင့် သိမ်ဖြူလမ်းဆုံမီးပွိုင့်တွင် ကားငါးစီးဆင့်တိုက်မှု ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ ကန်တော်ကြီး ကန်ပတ်လမ်းအတိုင်း အရှေ့ဘက်မှအနောက်ဘက်သို့မောင်းနှင်လာသော ယာဉ်များ မီးပွိုင့်စိမ်းနေသဖြင့် သိမ်ဖြူလမ်းဘက်သို့ကွေ့ဝင်ရန် တည့်တည့်သွားယာဉ်များရှိနေ၍ စောင့်ဆိုင်းရပ်တန့်နေစဉ် ယာဉ်အမှတ် 5I/--- အဖြူရောင် ရှိုင်ရယ်ဆလွန်းကားက ရှေ့မှ ရပ်နေသော တိုယိုတာအမျိုးအစား အပြာနုရောင် ဘဲလ်တာဆလွန်းကားကို အရှိန်ပြင်းစွာ ဝင်ရောက် တိုက်မိရာမှ ရှေ့တွင်ကွေ့ရန် ရပ်တန့်စောင့်ဆိုင်းနေသော ယာဉ်သုံးစီးကိုပါ ဆင့်တိုက်မိခြင်းဖြစ်သည်။ ဆင့်တိုက်မိသော ယာဉ်များမှာ 3F/--- အဖြူရောင် ပရိုဘောက်စ် အငှားယာဉ်၊ 1F/--- အပြာရောင် ဟွန်ဒါဆလွန်းကားနှင့် 4E/--- အနက်ရောင် ALPHARD ကားများဖြစ်သည်။ ကံအားလျော်စွာ ယာဉ်မောင်းသူနှင့် စီးနင်းသူများထိခိုက်ဒဏ်ရာရမှု မရှိကြဟုသိရသည်။ ပထမဦးဆုံး အရှိန်ပြင်းစွာဖြင့် ဝင်တိုက်ခံရသော ဘဲလ်တာကားမှာ တစ်ပေခန့်မြင့်သော လမ်းလယ်ကျွန်းပေါ် မြောက်တက်သွားပြီးမှ ပြန်ကျသွားသည်ကို မြင်တွေ့ရကြောင်း မျက်မြင်တစ်ဦးက ပြောသည်။

အဆိုပါ လမ်းဆုံမီးပွိုင့်တွင် ယာဉ်စည်းကမ်းအတိုင်း စနစ်တကျတစ်စီးစီ ကွေ့ဝင်မောင်းနှင်ရမည့်အစား တည့်တည့်သွားရမည့် လက်ယာဘက် ယာဉ်ကြောမှ မောင်းလာပြီး လမ်းဆုံရောက်မှကျော်ဖြတ် ကွေ့ဝင်မှုကြောင့် မကြာခဏ ယာဉ်တိုက်မှု ဖြစ်နေရသည်ဟု ဆရာဝန်အသင်းတိုက်အနီး နေသူတစ်ဦးကပြောသည်။ ယာဉ်ထိန်းတပ်ဖွဲ့မှလာရောက် စစ်ဆေးအရေးယူထားသည်။ **အောင်သန်း(တောင်ညွန့်)**

သစ်လုံးတင် ထွန်စက်အား ၁၂ ဘီးကားဝင်တိုက်

သထုံ ဇန်နဝါရီ ၂၂

သထုံမြို့နယ် မြေနီကုန်းကျေးရွာ ဇရစ်ချောင်ကျောင်းတိုက် မုခ်ဦးအနီးတွင် ဇန်နဝါရီ ၂၂ ရက် နံနက်က သစ်လုံးများတင်လာသည့် နောက်တွဲပါ လယ်ထွန်စက်အား အဖြူရောင် ၁၂ ဘီးကုန်တင်ယဉ်က နောက်မှဝင်တိုက်ရာ လယ်ထွန်စက်တိမ်းမှောက်ပြီး သစ်လုံးများပိ၍ လူတစ်ဦး ဦးခေါင်းကြေမွ သေဆုံးကာ ထွန်စက်မောင်းသူမှာ စိုးရိမ်ရသော ဒဏ်ရာများဖြင့် အတွင်းလူနာအဖြစ် သထုံခရိုင် ဆေးရုံကြီးသို့ ပို့ဆောင်ထားရကြောင်း သိရသည်။

"နံနက် ၃ နာရီလောက်က ဖြစ်တာပါ။ ကုန်းအတက်ဆိုတော့ ထွန်စက်ကဖြည်းဖြည်း တက်နေတာကို နောက်ကဝင်တိုက်တာ၊ ထွန်စက်မှောက်တော့ သစ်လုံးပေါ်မှာထိုင်ပြီး လိုက်လာတဲ့ကောင်လေးကို သစ်လုံးတွေပိပြီးသေတာ၊ လမ်းကဖြတ်သွားတဲ့ ကရိန်းကားက ကူပြီး မထုတ်မှအလောင်းကိုရတယ်။ ထွန်စက်မောင်းတဲ့သူကတော့ ဆေးရုံမှာပါ။ ၁၂ ဘီးမောင်းတဲ့သူလည်း အနည်းအကျဉ်းတော့ ဒဏ်ရာရတယ်" ဟု မြေနီကုန်းကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် စိုးရိမ်ရသော ဒဏ်ရာများရရှိခဲ့သည့် ထွန်စက်မောင်းသူ ကိုချမ်းအေးနှင့် သေဆုံးသူ ကျော်သက်ထွေးတို့အား တာဝန်ရှိသူတို့က သထုံခရိုင်ဆေးရုံကြီးသို့ ပို့ဆောင်ကာ ယာဉ်မဆင်မခြင်မောင်းနှင်သည့် ၁၂ ဘီးကုန်တင်ယာဉ်မောင်း ကိုသိန်းဇံအား သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

သက်ဦး(သထုံ)

မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီ ရွေးချယ်

ညောင်လေးပင် ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ပထမဦးဆုံး ရွေးချယ်ခံရသည့် မြစိမ်းရောင်ကျေးရွာဖြစ်သည့် ဖိုးတုပွံ့ကျေးရွာအုပ်စု၊ မယ်ဇလီခင်ကျေးရွာတွင် ဇန်နဝါရီ ၁၆ ရက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေး ဆပ်ကော်မတီဝင်များရွေးချယ်ပွဲကို အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ရွေးချယ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေး ဦးသိန်းဇော်ကက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးသန်းလွင်က စီမံကိန်းကျေးရွာများ ရွေးချယ်သည့် အခြေခံအချက် (၆) ချက်နှင့် စီမံကိန်း ကျေးရွာများတွင် အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ဒေသခံများရှေ့တွင် စနစ်တကျ ပွင့်လင်းမြင်သာစွာဖြင့် ကျေးရွာမြစိမ်းရောင် ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ခုနစ်ဦးနှင့် ဘဏ္ဍာရေးဆပ်ကော်မတီဝင် သုံးဦးကို ဆန္ဒမဲပေးရွေးချယ်ခဲ့ကြသည်။

နေလင်း(ညောင်လေးပင်)

အင်တာမီလန်နဲ့အေစီမီလန်တို့ ရှန်းကန်ရမယ့်စီးရီးအေပွဲစဉ်(၂၀)

ဒီတစ်ပတ်ရဲ့ စီးရီးအေပွဲစဉ်(၂၀)ကို ဇန်နဝါရီ ၂၄ ရက်မှာ ဆက်လက်ကစားမှာဖြစ်လို့ အမှတ်ပြည့်ရယူဖို့ အားထုတ်လာမယ့် အေစီမီလန်နဲ့ အင်တာမီလန်တို့ရဲ့ ကြိုးစားစွမ်းဆောင်မှုတွေကို အကဲခတ်ခွင့်ရဦးမှာဖြစ်ပါတယ်။ ကြိုးစားအားထုတ်မှုတွေက အားရစရာမကောင်းတာမို့ ပရိသတ်တွေရဲ့ဝေဖန်ပြစ်တင်မှုတွေနဲ့ကြုံတွေ့နေရတဲ့ ဒီအသင်းတွေဟာ ဘယ်လိုဗျူဟာအခင်းအကျင်းတွေနဲ့ ဖြတ်ကျော်ကြမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

လာဇီယိုနှင့် အေစီမီလန်

ဒီနှစ်သင်းဆုံတွေ့မှုမှာ အေစီမီလန်တို့ အသာစီးရထားခဲ့ပေမယ့် လက်ရှိခြေစွမ်းပိုင်းမှာတော့ လာဇီယိုတို့က စွမ်းဆောင်မှု အားကောင်းနေပါတယ်။ တစ်ဦးချင်း စိတ်ဓာတ်ပိုင်းမှာလည်း နိုင်လိုစိတ်ပြင်းထန်တာက လာဇီယိုတို့ဖြစ်နေတာမို့ အေစီမီလန်ဟာ အကောင်းဆုံးကစားသမားတွေနဲ့ပွဲထွက်ပြီး စနစ်တကျပြင်ဆင်လာမှ ရပါလိမ့်မယ်။ အဝေးကွင်းမှာ သရေပွဲတွေများနေတဲ့ အေစီမီလန်တို့အတွက် ဒီပွဲဟာပွဲကျပ်ဖြစ်ပြီး နောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာလည်း တစ်ပွဲနိုင်ထားကာနှစ်ပွဲသရေကျထားတာမို့ တော်ရုံကြိုးစားလို့ မရနိုင်ပါဘူး။ လာဇီယိုရဲ့ လတ်တလောကစားအားက ရလဒ်ကောင်းတွေ ရရှိနေတာမို့ လာဇီယိုတို့က ဒီပွဲကိုအနိုင်ရအောင် တွန်းတွန်းတိုက်တိုက် ကစားပါလိမ့်မယ်။ ဒီပွဲမှာ နှစ်သင်းစလုံး အမှတ်ပြည့်ရယူရေး အပြိုင်ကြိုးစားကြမှာမို့ သရေရလဒ်လည်းထွက်ပေါ်သွားနိုင်ပါတယ်။

အင်တာမီလန်နှင့် တိုရီနို

အင်တာမီလန်ဟာ တိုရီနိုနဲ့ဆုံတိုင်း အသည်းအသန်ကစားခဲ့ရတာချည်းပါပဲ။ အင်တာမီလန်နဲ့ တိုရီနိုတို့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲသရေကျပြီး အင်တာမီလန်တို့က တစ်ပွဲသာနိုင်ထားခဲ့ပါတယ်။ အင်တာမီလန်ဟာ ဥရောပဝင်ခွင့်အတွက် အမှတ်လိုအပ်နေပြီး ပွဲတိုင်းကိုအလေးထား ကစားနေတာမို့ ဒီပွဲမှာလည်း တိုရီနိုကို ဖိအားပေးကစားနိုင်ဖို့ ကြိုးစားပါလိမ့်မယ်။

တိုရီနိုတို့က အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ပေမယ့် အဝေးကွင်းမှာ ရလဒ်မကောင်းတာမို့ အိမ်ရှင်အင်တာမီလန်တို့ အခွင့်အရေးတစ်ရပ်အဖြစ်အသုံးချပြီး သုံးမှတ်အပြည့်ရယူဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ အင်တာမီလန်တို့ ခြေကုန်ထုတ်မှာ သေချာနေပြီး အနိုင်ရလဒ်ကို သိမ်းပိုက်ပါလိမ့်မယ်။

ကက်ဂလီယာရီနှင့် ဆက်ဆူအိုလို

ခြေစွမ်းတူညီနေတဲ့ ဒီနှစ်သင်းဟာ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် သုံးပွဲစလုံး သရေကျထားတာမို့ ဒီပွဲမှာရလဒ်ပြတ်သားဖို့ အပြိုင်ကြိုးစားပါလိမ့်မယ်။ တန်းဆင်းဇုန်ကဝေးကွာဖို့ ဆက်လက်အားထုတ်မယ့် ကက်ဂလီယာရီတို့က အိမ်ကွင်းလည်းဖြစ်တာမို့ အခုပွဲမှာ အမှတ်ရအောင်ယူဖို့ ကြိုးစားပါလိမ့်မယ်။

ဆက်ဆူအိုလိုတို့ကတော့ ကက်ဂလီယာရီကို ခြေကုန်ဖွင့်ပြီး ရင်ဆိုင်မှာသေချာနေပြီး အဝေးကွင်းမှာ အနိမ့်ဆုံးသရေတစ်မှတ်ကို ရအောင်ရှာဖွေပြီး အိမ်ပြန်ပါလိမ့်မယ်။

မိုးမြင့်လင်းလက်

လီဂူးပွဲစဉ်နှင့် ဖလားပွဲစဉ်များ သီဟ

အင်္ဂလန်အက်ဖ်အေဖလား ဇန်နဝါရီ ၂၄

ကမ်းဘရစ်	-	မန်ယူ	နံနက် ၂း၂၅

ပြင်သစ်လီဂူး ပွဲစဉ်(၂၂) ဇန်နဝါရီ ၂၄

နိုက်စ်	-	မာဆေး	နံနက် ၂း၀၀

ပြင်သစ် Coupe de France ဇန်နဝါရီ ၂၄

ရက်စတား	-	မာဆိုင်လီကွန်ဆိုလတ်	နံနက် ၁း၀၀

အာရှဖလား ကွာတားဖိုင်နယ် ဇန်နဝါရီ ၂၃

အီရန်	-	အီရတ်	နေ့လယ် ၁း၀၀
ဂျပန်	-	ယူအေအီး	ညနေ ၄း၀၀

အာဖရိကဖလား အုပ်စု(ဂ) ဇန်နဝါရီ ၂၃/၂၄

ဂါနာ	-	အယ်လ်ဂျီးရီးယား	ည ၁၀း၃၀
တောင်အာဖရိက	-	ဆီနီဂေါ	နံနက် ၁း၃၀

ဇန်နဝါရီ ၂၁/၂၂ ဂိုးရလဒ်များ

တောင်ကိုရီးယား	၂-၀	ဥဇဘက်ကစ္စတန်
တရုတ်	၀-၂	ဩစတြေးလျ
အီကွေတိုရီရယ်ဂီနီ	၀-၀	ဘာကီနာဖာဆို
ဂါဘွန်	၀-၁	ကွန်ဂို
ဖူလ်ဟမ်	၃-၂	နော့တင်ဟမ်
ဘရိုက်တန်	၃-၂	အစ်ဆွစ်
ဖီအိုရင်တီးနား	၃-၁	အတ္တလန္တာ
အင်တာမီလန်	၂-၀	ဆမ်ဒိုးရီးယား

အာဖရိကဖလား အုပ်စု(ဂ)

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	အယ်လ်ဂျီးရီးယား	၁	၁	၀	၀	၃
၂	ဆီနီဂေါ	၁	၁	၀	၀	၃
၃	ဂါနာ	၁	၀	၀	၁	၀
၄	တောင်အာဖရိက	၁	၀	၀	၁	၀

ပြင်သစ်လီဂူး ပွဲစဉ်(၂၁)အပြီး ရပ်တည်မှု

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	လိုင်ယွန်	၂၁	၁၄	၃	၄	၄၅
၂	မာဆေး	၂၁	၁၄	၂	၅	၄၄
၃	ပီအက်စ်ဂျီ	၂၁	၁၁	၈	၂	၄၁
၄	စိန့်အက်တီယန်	၂၁	၁၁	၇	၃	၄၀
၅	မိုနာကို	၂၁	၁၀	၆	၅	၃၆
၆	မောင့်ပယ်လီယာ	၂၁	၉	၅	၇	၃၂
၇	ဘော်ဒိုး	၂၁	၉	၅	၇	၃၂
၈	နန့်တက်စ်	၂၁	၈	၇	၆	၃၁
၉	ရန်းနက်စ်	၂၁	၈	၆	၇	၃၀
၁၀	နိုက်စ်	၂၁	၈	၄	၉	၂၈
၁၁	ရိမ်းစ်	၂၁	၈	၄	၉	၂၈
၁၂	လိုင်လီ	၂၁	၇	၆	၈	၂၇
၁၃	ဂူအင်ဂမ့်	၂၁	၈	၁	၁၂	၂၅
၁၄	လော်ရီယန့်	၂၁	၇	၂	၁၂	၂၃
၁၅	ဘတ်စ်တီယာ	၂၁	၅	၇	၉	၂၂
၁၆	တူးလော့စ်	၂၁	၆	၄	၁၁	၂၂
၁၇	မတ်ဇ်	၂၁	၅	၅	၁၁	၂၀
၁၈	အီဗီယန်	၂၁	၆	၂	၁၃	၂၀
၁၉	လန်းစ်	၂၁	၅	၄	၁၂	၁၉
၂၀	ကိန်း	၂၁	၄	၆	၁၁	၁၈

နိုင်ငံတကာအားကစား

စပိန် ကိုပါဒယ်လ်ရေး ကွာတားဖိုင်နယ် ဘာစီလိုနာနှင့် ဗီလာရီးရဲလ်နိုင်

ကိုပါဒယ်လ်ရေးဖလား ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် ဘာစီလိုနာနှင့် အက်သလက်တီကိုတို့ ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာစီလိုနာကတစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ဘာစီလိုနာအတွက် အနိုင်ဂိုးကို တိုက်စစ်မှူး မက်ဆီက ပယ်နယ်တီကန်သွင်းရာမှ ဂိုးသမားပုတ်ထုတ်ပြီး ပြန်ထွက်လာသောဘောလုံးကို ထပ်မံပိတ်သွင်း၍သွင်းယူခဲ့သည်။

စောစောပိုင်းတွင် တိုက်စစ်မှူးဆွာရက်ဇ်ကလည်း အနီးကပ်ဂိုးသွင်းရန် ကြိုးစားခဲ့သည်။

အခြားပွဲတွင် ဗီလာရီးရဲလ်က ဂီတာဖေးကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ မာလာဂါနှင့်အီဘာအိုတို့ပွဲတွင် ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။

ကက်ပီတယ်ဝမ်းဖလား စပါးနိုင်

ကက်ပီတယ်ဝမ်းဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့ပြိုင်ပွဲများကို ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ စပါးက ရှက်ဖီးယူနိုက်တက်ကို တောင်ဆင်၏ တစ်လုံးတည်းသော ပယ်နယ်တီဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ တောင်ဆင်၏ ပယ်နယ်တီဂိုးမသွင်းမီ စပါးက ဖိကစားနိုင်ခဲ့သည်။ ပွဲချိန် ၇၄ မိနစ်တွင် ဂျေးမက်အီဗလီ၏ လက်ထိဘောမှတစ်ဆင့် ပယ်နယ်တီသွင်းယူခဲ့ခြင်းဖြစ်သည်။ အဒီဘာယောကန်သော ဘောလုံးမှာ ဘားတန်းကျော်သွားခဲ့သည်။ တောင်ဆင်ကန်သော ဘောလုံးမှာလည်း ဘေးထွက်ခဲ့ရသည်။ ရှက်ဖီးယူနိုက်တက်အသင်းသည် အနည်းငယ်သာ ဂိုးပေါက်ဖန်းတီးနိုင်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၆၇၅၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၃၄၉/က၊ မြေကွက်တည်နေရာအမှတ်(၃၄၉/က) ကောလိယ(၃၁)လမ်း၊(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ဂျာမီနာမီ) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ဂျာမီနာမီနှင့် ခင်ပွန်း ဦးအောင်မြင့် ကွယ်လွန်သဖြင့် ဦးခင်မောင်မြင့် S/OKA-၀၇၆၉၅၁၊ ဒေါ်အေးကြည် S/OKA-၀၉၈၁၈၀တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၄င်းတို့ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၈၇၂၊ ၁၀-၇-၂၀၁၄ဖြင့် လွှဲအပ်ခံရသူ ဒေါ်ခင်ဝင်းမြင့် ၉/မခန(နိုင်)၀၁၂၇၀၀က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၀၈၂၈၊ ၁၂-၉-၂၀၁၄ကို တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

တတိယအကြိမ် စဥ့်အိုးတန်းလမ်း(အထက်)မိသားစုမှ ကြီးမှူးကျင်းပသော အထူးတရားပွဲ

၂၃-၁-၂၀၁၅ ရက် (သောကြာနေ့) ဘဒ္ဒန္တသုန္ဒရ (စွန်းလွန်းတိပိဋကရေမြိုင်ဆရာတော်)

၂၄-၁-၂၀၁၅ ရက် (စနေနေ့) ဒေါက်တာဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ (ရွှေစင်တိပိဋကရေ မြင်းခြံဆရာတော်)

၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ဓမ္မဒူတ ဒေါက်တာအရှင်ပညိသရာဘိဝံသ

အချိန် - ညစဉ် ၇း၀၀နာရီ

နေရာ - စဥ့်အိုးတန်းလမ်း(အထက်)၊ လသာမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ကျောက်စိမ်း (၃)လမ်းနှင့် (၆)လမ်းထောင့်၊ မြေကွက်အမှတ်(၂၀၈)၊ အကျယ်အဝန်း (အလျားပေ ၄၀×အနံပေ ၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရီရီရွှေ ၁၂/ဗဟန(နိုင်)၀၅၇၈၈၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း (L.L.B, D.B.L) အထက်တန်းရှေ့နေ

အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ နွယ်ရစ်ကျေးရွာနေ ဦးညွန့်ဝင်း ၉/တကန(နိုင်)၀၈၂၂၉၉၏သား မောင်ရဲထက်အောင်(ခ)အာနိုး ၉/တကန(နိုင်)၁၉၄၃၄၀သည် မိဘ၏စကားကို နားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **ဦးညွန့်ဝင်း ၉/တကန(နိုင်)၀၈၂၂၉၉**

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

အေးသာယာမြို့၊ အမှတ် ၁၂ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၄/၁၃၆)နေ ဦးစိုးလှမှ အေးသာယာမြို့ အမှတ် ၁၂ ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၄/၁၄၅)နေ ဦးမိုက်ပေါက်(ခ)အိုက်ရှက်(ခ)ထွန်းရွှေ၏သား ဦးလှိုင်ဖြိုး ၁၃/တကန(ပြု)၀၀၀၇၁၈ သို့လွှဲအပ်ထားသည့် တောင်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၏ ၂၈-၄-၂၀၁၄ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၇/၂၀၁၄)အား ၂၀-၁-၂၀၁၅ ရက်မှစ၍ ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။ **ဦးစိုးလှ ၁၃/တကန(နိုင်)၀၂၀၀၂၅**

ကြော်ငြာ

DAGON CITY 1
BY MARGA LANDMARK
Makes Myanmar More Beautiful
မြန်မာနိုင်ငံ၏ ပထမဆုံးဈေးဝယ်လျှောက်လမ်း
အကောင်းဆုံးနေရာ - အဆင့်အမြင့်ဆုံးသော အမှတ်တံဆိပ်များ စုဝေးမှု
သင့်ဆိုင်ခန်းအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ
အစောဆုံး စာရင်းပေးသွင်း သူများအတွက်
၅ ရာခိုင်နှုန်း အထူးအခွင့်အရေး
JEWELRY
PREMIUM
TOP LUXURY
SHWEDAGON
5 minutes
KANDAWGYI LAKE
2 minutes
SULE SHANGRI-LA
5 minutes
ZOOLOGICAL GARDEN
1 minute
လက်ရှိမြန်မာနိုင်ငံတွင် Marga Landmark မှကြီးမှူးဆောက်လုပ်နေသော ပရောဂျက်မှာ Dagon City 1 တစ်ခုသာရှိပါသည်။
Developed by:
MARGA LANDMARK
CHIEF ARCHITECT & MASTER PLANNER
LOCAL PRINCIPAL ARCHITECT
SPINE ARCHITECTS
M&E AND STRUCTURAL ENGINEER
MEINHARDT
PROPERTY MANAGEMENT CONSULTANT
Colliers
QUANTITY SURVEYOR
LangdonSeah
GALLERY SHOWROOM ADDRESS: U Htaung Bo Circle, No. 61, 63, Zoological Garden Road, Dagon Township, Yangon
RESERVATION HOTLINE: +95 9 4482 55555 WWW.DAGONCITY1.COM www.facebook.com/dagoncityone

ဆောင်းပါး

အိုင်အက်စ်အာရ်အာရ်တီအကြောင်း သိကောင်းစရာ

ခင်မောင်တင်(ဓာတ်ရောင်ခြည်)

ခေတ်သစ်ဆေးကုသရေး အခန်းကဏ္ဍတွင် ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာသည် အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာကို တစ်နေ့ထက် တစ်နေ့၊ တစ်ရက်ထက်တစ်ရက်၊ တစ်နှစ်ထက်တစ်နှစ် ဆန်းသစ်တီထွင်မှုများ ပြုလုပ်လာကြသည်။ လူနာအား ရောဂါရှာဖွေ ကုသမှုအတွက် တီထွင်လာသော ခေတ်မီစက်ကြီးများကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်အသုံးချတတ်ရန်အတွက် ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာရှင်များ မွေးထုတ်ပေးရန်လိုပါသည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ ဆေးရုံများသို့ သွားရောက်လုပ်ကိုင်ရန် ကျွမ်းကျင်နည်းပညာရှင်များ လုံလောက်မှုမရှိသေးပါ။ ရန်ကုန်နှင့် မန္တလေးနည်းပညာတက္ကသိုလ်နှစ်ခုမှ နည်းပညာရှင်တစ်နှစ်လျှင် ပျမ်းမျှ ၉၀ ခန့်သာ မွေးထုတ်ပေးနိုင်သေးသည်။

ဘွဲ့ရ နည်းပညာရှင်များသည် လုပ်ငန်းခွင်သို့ ရောက်ရှိသွားသည့်အခါ စာတွေ့နှင့်လက်တွေ့ ကွာခြားမှုကို တွေ့ရမည်ဖြစ်သော်လည်း အခြေခံကျွမ်းကျင်မှု နည်းပညာတတ်ကျွမ်းပြီးဖြစ်၍ အချိန်အနည်းငယ်အတွင်း အဆင်ပြေသွားပါမည်။ ဘွဲ့ရပညာရှင်များအနေဖြင့် ဆန်းသစ်တီထွင်ထားသော နည်းပညာများကို မျက်ခြည်မပြတ် လေ့လာကြရန်လည်း တိုက်တွန်းပါသည်။

ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာရှင်များ စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ရေး၊ စဉ်ဆက်မပြတ် ပညာများလေ့လာနိုင်ရေး၊ သုတေသနများပြုလုပ်နိုင်ရေးဟူသော ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ဓာတ်ရောင်ခြည် နည်းပညာရှင်များအသင်းကို ၁၁-၁၁-၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။

ထိုအသင်းသည် နိုင်ငံတကာအတွေ့အကြုံဖလှယ်နိုင်ရေး၊ နည်းပညာများ လေ့လာနိုင်ရေးဟူသော ရည်ရွယ်ချက်ဖြင့် အပြည်ပြည်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာရှင်များအဖွဲ့ချုပ် International Society of Radiographers and Radiological Technologists (ISRRT)သို့ ဆက်သွယ်၍ အဖွဲ့ဝင်အဖြစ် လျှောက်ထားခဲ့ရာ မြန်မာနိုင်ငံသည် ယင်းအဖွဲ့ချုပ်၏ အဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်လာခဲ့ပါသည်။

ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာရှင်များအနေဖြင့် မိမိပါဝင်သော အသင်း၏ ဆက်သွယ်ထားသော နိုင်ငံတကာအဖွဲ့ချုပ် အကြောင်းကို သိသင့်သိထိုက်သည်ဟု ယူဆ၍ ဗဟုသုတရစေရန်အလို့ငှာ တင်ပြလိုပါသည်။ အိုင်အက်စ်အာရ်အာရ်တီကို ၁၉၆၂ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံနှင့် စတင်၍ ဖွဲ့စည်းခဲ့ပါသည်။ ယခုမျက်မှောက်ကာလတွင် အဖွဲ့ဝင်နိုင်ငံ ၈၀ ကျော်သွားပြီဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းရန် အကြံဉာဏ်ကို ၁၉၅၉ ခုနှစ် မြူးနစ်တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ဓာတ်ရောင်ခြည် ကွန်ဂရက်တွင် ဆွေးနွေးခဲ့သည်။ ၎င်းကွန်ဂရက်ကို ၂၄ နိုင်ငံ တက်ရောက်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းရန် အဓိကရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းရှိ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာရှင်များ၏ ပညာရေးကို မြှင့်တင်ရန်အတွက် အကူအညီပေးရန်နှင့် ဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည် နည်းပညာများ တိုးတက်စေရန်အတွက် ပံ့ပိုးအကူအညီပေးရန်တို့ ဖြစ်ပါသည်။

အဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာနိုင်ငံကို ကိုယ်စားပြုထားသောအဖွဲ့အစည်းဖြစ်ရပါမည်။ လူတစ်ဦးချင်းအနေဖြင့် အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်မရှိပါ။ သို့သော် သင်္ဂဟအသင်းသား(Associate Member)အဖြစ် လျှောက်ထားလာပါက လက်ခံခဲ့သည်။

အပြည်ပြည်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းရန် အဓိကရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းရှိ ဓာတ်မှန်နှင့်ပုံရိပ်ဖော် နည်းပညာရှင်များ၏ ပညာရေးကိုမြှင့်တင်ရန်အတွက် အကူအညီပေးရန်နှင့် ဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည် နည်းပညာများ တိုးတက်စေရန်အတွက် ပံ့ပိုးအကူအညီပေးရန်တို့ဖြစ်

အိုင်အက်စ်အာရ်အာရ်တီ၏ ပထမဆုံးဥက္ကဋ္ဌမှာ နယ်သာလန်နိုင်ငံမှ Miss D Van Dyk ဖြစ်ပါသည်။ ISRRT ၏ ဖွဲ့စည်းပုံအရ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကောင်စီဝင်အဖြစ် တစ်ဦးစီအဆိုပြုနိုင်ပါသည်။

ISRRT ၏ အထွေထွေအတွင်းရေးမှူးမှာ ဗြိတိန်နိုင်ငံမှ Mr.E.R. Hutchinson အား ပထမဆုံးအတွင်းရေးမှူးအဖြစ် ရွေးချယ်ခဲ့ပါသည်။

ISRRT သည် နိုင်ငံတကာအဖွဲ့အစည်းတစ်ခု ဖြစ်သည့်အလျောက် တစ်ကမ္ဘာလုံးခြုံငုံမိစေရန် ဒေသကြီး သုံးခုခွဲထားပါသည်။ (၁) ဥရောပနှင့် အာဖရိကဒေသ၊ (၂) အမေရိက ဒေသနှင့် (၃) အာရှနှင့် ဩစတြေးလျဒေသဟူ၍ပင် ဖြစ်ပါသည်။

ထိုဒေသကြီးသုံးခုမှာ ဒုတိယဥက္ကဋ္ဌတစ်ဦးစီ ဒေသဆိုင်ရာ ဒါရိုက်တာ တစ်ဦးစီ၊ ဒေသဆိုင်ရာ တန်းတူအခွင့်အရေးမှူး (Regional Co-ordinator)တစ်ဦးစီကို အဖွဲ့ချုပ်၏ နှစ်နှစ်တစ်ကြိမ် ကျင်းပသော ကွန်ဂရက်က ရွေးပေးရသည်။

အဖွဲ့ချုပ်၏ စီမံခန့်ခွဲမှုဘုတ်အဖွဲ့ဝင် (၁)ဥက္ကဋ္ဌ၊ (၂)ဒုဥက္ကဋ္ဌသုံးဦး၊ (၃) ဘဏ္ဍာရေးမှူး၊ (၄) ဒေသဆိုင်ရာဒါရိုက်တာများနှင့် ပညာရေးဒါရိုက်တာ၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာဆိုင်ရာ လက်တွေ့ဆောင်ရွက်မှု ဒါရိုက်တာ၊ ပြည်သူ့ဆက်ဆံရေး ဒါရိုက်တာတို့ ပါဝင်ပါသည်။

ယခင်က ISRRT ကို ဥရောပနိုင်ငံမှ စတင်ခဲ့သော်လည်း ယခုအခါ အာရှသားတို့သည် တန်းတူရည်တူ နေရာယူ ဆောင်ရွက်နိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံအတွက် ISRRT၏ ပထမဆုံးအကူအညီမှာ ၂၀၁၅ခုနှစ်၊ ဇွန်လထဲတွင် အလုပ်ရုံဆွေးနွေးပွဲ တစ်ခုလာရောက် လုပ်ကိုင်ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးရင်း ဗဟုသုတရစေရန် တင်ပြလိုက်ပါသည်။

အဘိုးအဘွားများအား ဂုဏ်ပြုလွှာနှင့် ထောက်ပံ့ငွေပေးအပ်

စစ်တွေ ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ်အတွင်းရှိ အသက် (၁၀၀) နှစ်အထက် အဘိုးအဘွားများကို နိုင်ငံတော်သမ္မတမှ ပေးအပ် ချီးမြှင့်သော ဂုဏ်ပြုလွှာနှင့် ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ဂုဏ်ပြု အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးတို့က နိုင်ငံတော်သမ္မတမှ ပေးအပ်ချီးမြှင့်သော ဂုဏ်ပြုလွှာနှင့် ထောက်ပံ့ငွေများ၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှလှူဒါန်းသည့် အသုံးအဆောင်ပစ္စည်းများကို အခမ်းအနားသို့တက်ရောက် လာသည့် အသက် ၁၀၀ နှင့်အထက် အဘိုးအဘွားခုနစ်ဦးကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ မတက်ရောက်နိုင်သည့် မြို့နယ်အသီးသီးမှ အဘိုးအဘွား ၁၂ ဦးတို့အတွက် ဂုဏ်ပြုလွှာနှင့် ထောက်ပံ့ငွေများ၊ အသုံးအဆောင်ပစ္စည်းများကို သက်ဆိုင်ရာ ကိုယ်စားလှယ်များနှင့် မိသားစုဝင်များထံသို့ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက် နယ်မြေ(၃)တွင် ဓာတ်အားစနစ်တိုးတက်ကောင်းမွန်စေရန်နှင့်ဗို့အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာတပ်ဆင်ခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ကြီးကြပ်ဆောင်ရွက်စဉ်။ (မြန်မာ့အလင်း)

မီးဘေးကာကွယ်ရေး အသိပညာပေး

နေပြည်တော် ဇန်နဝါရီ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့အမှတ်(၁)မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးကျော်ခိုင်ထွန်းက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး ဈေးတာဝန်ခံဦးစီးမှူး ဦးတင်မောင်ကြည်က မီးလောင်ကျွမ်းမှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုကို ရှင်းလင်းပြောကြားသည်။

ကိုကိုရှုပ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၁၀၁၉ New Anbo 100 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကို ၁၄/ပေတ(နိုင်)၁၉၄၇၁၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၆၂၅၂၈ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင် ၁၄/ပသန(နိုင်)၀၀၁၂၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ချမ်းအေးအရှေ့၊ မြေကွက်/ဦးပိုင်အမှတ် ၃၀၊ ၃၁၊ ဧရိယာ ၀ဒသမ ၂၄၅ဧကရှိ ဒေါ်အေးသွယ်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်မိုးသူဇာ (အထွေထွေကိုယ်စားလှယ် ရရှိသူ) ၁၂/အလန(နိုင်)၀၁၈၀၁၂၊ (ဘ) ဦးတင့်ဆွေမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂တောင်၊ မြေကွက်အမှတ် ၈၅၆/က၊ မြေကွက်တည်နေရာအမှတ် ၈၅၆/က၊ မြင်တော်သာလမ်း၊ ၂ တောင်ရပ်ကွက်၊ သာကေတမြို့နယ် (၁။ ဦးသန်းညွန့်၊ ၂။ ဒေါ်တင်တင်အောင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးသန်းညွန့်(အစ်ကို) လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ညီမဖြစ်သူ ဒေါ်တင်တင်အောင် ၁၂/သကတ(နိုင်)၀၁၃၂၆၈ မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးခရိုင်တရားရုံးတော်

၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၆၂

ဦးဘိုသန်း **နှင့်** ၁။ ဒေါ်အေးအေးဝင်း (ကိုယ်တိုင်နှင့်(၂)မှ(၆)ထိတရားရှုံးများ၏ အထွေထွေကိုယ်စားလှယ်စာရသူ)
၂။ ဒေါ်မြင့်မြင့်ဝင်း ၃။ ဦးအောင်ထွန်း
၄။ ဒေါ်ချိုချိုဝင်း ၅။ ဦးသိန်းထွန်း
၆။ ဦးဇော်ဝင်း ၇။ ဦးတင်အောင်

တရားနိုင် **တရားရှုံးများ**

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ် ၁၀ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၇-၂-၂၀၁၅ (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်၍ ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၁၂၊ ဦးပိုင်အမှတ်(၁၉)နှင့် (၂၀)ဟုခေါ်တွင်သော ဘိုးဘပိုင်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း(၃၀၀၀၀)တိတိ၊

(ကျပ်သိန်းသုံးသောင်းတိတိ)

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိရသမျှ ဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်လှ)
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၃)၊ ဦးပိုင်အမှတ် ၉၊ မြေဧရိယာ ၀ဒသမ ၀၅၅၁အကျယ်အဝန်းရှိ မြေကွက်သည် ဦးလှမိုး AE-၂၅၄၈၁၈ အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ဦးလှမိုးထံမှ အရပ်ကတိအဆင့်ဆင့်ဖြင့် ဦးခွန်ဆန်အောင် ၁/မညန(နိုင်)၁၁၉၃၀၁ မှ ဝယ်ယူပိုင်ဆိုင်နေထိုင်ထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ မြေချထားမိန့်မူရင်း စာရွက်စာတမ်းများမှာ ကျွန်တော်၏လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ရုံးဌာနအသီးသီးသို့ အထက်ဖော်ပြပါ မြေကွက်၏ မြေစလစ်မူရင်းကွဲ ပြန်လည်လျှောက်ထားခြင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်ထံသို့ ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်ကျော်လွန်ပါက သက်ဆိုင်ရာသို့ မူရင်းကွဲများ လျှောက်ထားမည့်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခွန်ဆန်အောင် ၁/မညန(နိုင်)၁၁၉၃၀၁
(ဈ-၃/၉)၊ မြို့သစ်(၃)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၄၃၁၄၇၀၈၆၊ ၀၉-၃၃၇၃၅၂၆၇

မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပြည်ဝင်အုပ်စုတက်တိုးသဲကောကျောင်း ဆရာတော် ဦးတေဇိန္ဒ (ဘ) ဦးစောမောင် ၉/လဝန(သ)၀၀၀၂၃၀ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ခရီးသွားရင်း ပြည်တွင်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဦးတေဇိန္ဒ
ဖုန်း-၀၉-၇၉၇၈၈၈၂၇

ပြည်တွင်းသတင်း

ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုသည် နိုင်ငံတစ်ခုအတွက် များစွာအရေးကြီး

နေပြည်တော် ဇန်နဝါရီ ၂၂

"အမျိုးသား ရေအရင်းအမြစ်ကော်မတီ NWRC "က ကြီးကြပ်၍ UNEP- DHI Partnership တို့က ပူးပေါင်းကျင်းပသည့် "ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့် Climate Change Adaptation Practices" Training of Trainers သင်တန်းကို နေပြည်တော် Grand Amara Hotel တောင်ငူခန်းမ၌ကျင်းပခဲ့သည်။ အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုသည် နိုင်ငံတစ်ခုအတွက် များစွာအရေးကြီးကြောင်း၊ ယခု အချိန်တွင် ကမ္ဘာကြီးပူနွေးလာမှု (Global Warming) နှင့်အတူ ရာသီဥတုပြောင်းလဲမှု (Climate Change) ဖြစ်စဉ်များသည် နိုင်ငံအသီးသီး၏ ရေအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် ကြီးမားသည့် စိန်ခေါ်မှုများပင်ဖြစ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီနှင့် ကျွမ်းကျင်သူ ပညာရှင်များအဖွဲ့တို့ကို နိုင်ငံတော်မှဖွဲ့စည်း ဆောင်ရွက်စေခဲ့သည်မှာ ယခုဆိုလျှင် တစ်နှစ်ခွဲနီးပါး ရှိပြီဖြစ်ပါကြောင်း၊ ကော်မတီ၏ ဆောင်ရွက်မှုဖြင့် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှုများ တိုးတက် အောင်မြင်လျက်ရှိပါကြောင်း၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ အထောက်အကူပြု နည်းပညာ အဆင့်အတန်းမြင့်မားစေရန်အတွက်လည်း ပြည်တွင်းပြည်ပသင်တန်းများ အဆင့်မြင့်နည်းပညာများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များလည်း လိုအပ်မည်ဖြစ်ကြောင်း၊ သင်တန်းသူသင်တန်းသားများအနေဖြင့် ဆွေးနွေးပို့ချမည့် နည်းပညာဆိုင်ရာ ဘာသာရပ်များ ပုံစံပြုလေ့လာမှုများ၊ IWRM လုပ်ငန်းများနှင့် ပတ်သက်၍ ပိုမိုနားလည် တတ်ကျွမ်းအောင် လေ့လာဆွေးနွေးကြစေလိုကြောင်း၊ မိမိတို့သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများတွင် ပြန်လည်မျှဝေအသုံးချရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ DHI မှ ကျွမ်းကျင်သူပညာရှင် Mr. Jan Hassing က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး DHI ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ နိုင်ငံတကာနှင့် နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် ကျွမ်းကျင်သူပညာရှင်များအဖွဲ့ အတွင်း ရေးမှူး ဒေါက်တာဒေါ်ခင်နီနီသိန်းက မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များနှင့် စိန်ခေါ်မှုများကို ရှင်းလင်းဆွေးနွေးပြီး ပညာရှင်များက ဘာသာရပ်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ဆက်လက် ရှင်းလင်းဆွေးနွေးကြသည်။

ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် Climate Change Adaptation Practices သင်တန်းကို သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး သင်တန်းတွင် IWRM နှင့် Climate Change တို့နှင့်ပတ်သက်၍ သင်ခန်းစာများ၊ Modeling ပုံစံပြုလေ့လာမှုများ၊ Group discussion များ၊ Decision Support System နှင့် IWRM Principle များ ဆွေးနွေး ပို့ချမည်ဖြစ်သည်။ သင်တန်းသို့ ရေနှင့်သက်ဆိုင်သည့် ဌာနအဖွဲ့အစည်းများ၊ NGO များမှ သင်တန်းသား သင်တန်းသူ ၄၉ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖမ်းဆီးရမိသောသစ်လုံး၊ သစ်ခွဲသားများအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချ

နမ္မတူ ဇန်နဝါရီ ၂၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန ရှမ်းပြည်နယ် (လားရှိုး) အစီအစဉ်ဖြင့် နမ္မတူမြို့နယ်နှင့် မန်တုံမြို့နယ်တို့မှ ဖမ်းဆီးရမိသော တရားမဝင် သစ်၊ ကျွန်း၊ သစ်မာ၊ အခြားသစ် စုစုပေါင်း ၂၄၀ ဒသမ ၅၆၉၄ တန်ကို ကျောက်မဲမြို့၌ ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီ ၇ ရက်တွင် လေလံတင်ဈေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ဂေါ်ဖီထုပ်စိုက်ပျိုးသူများအထိနာသည့် အချိန်ခါမဲ့မိုး

တပ်ကုန်း ဇန်နဝါရီ ၂၂

ဇန်နဝါရီ ဒုတိယပတ်တွင် အချိန်အခါမဲ့မိုး သုံးရက်ဆက်တိုက်ရွာသွန်းမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ဆောင်းသီးနှံများဖြစ်သော ဂေါ်ဖီထုပ်နှင့် ပန်းမုန်လာများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သူဌေးကုန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောပြသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် အချိန်ခါမဲ့ မိုးရွာသွန်းသဖြင့် ရင့်မှည့်ခူးဆွတ်ရောင်းချမည့် သီးနှံများ ပျက်စီးခဲ့ရသောကြောင့် စိုက်ပျိုးသူတောင်သူများ အခက်အခဲနှင့် ကြုံတွေ့နေရကြောင်း နွယ်ရစ်ကျေးရွာမှ တောင်သူတစ်ဦးက ပြောပြသည်။

"ဒီနှစ်အစောပိုင်းက ရာသီဥတုကောင်းမွန်တာကြောင့် ဆောင်းသီးနှံဖြစ်တဲ့ ဂေါ်ဖီကိုအစောစိုက်ပါတယ်။ အပင် တစ်သောင်းကျော်ရှိပါတယ်။ နောက်အရစ်လိုက်ခဲ့စိုက်တာတွေလည်း ရှိပါတယ်။ ကွဲအက်ကုန်တဲ့ အပင်တွေက ရောင်းခါနီး အပင်တွေဖြစ်တယ်။ အချို့စိုက်တဲ့သူတွေကတော့ ရောင်းလို့ရပေမယ့် ဈေးနှုန်းစောင့်နေတာ။ အခုလို ရုတ်တရက် မိုးရွာလိုက်တော့ ဈေးစောင့်တဲ့သူတွေရော၊ ရောင်းဖို့ နည်းနည်းလို့တဲ့ သူတွေရော အကုန်ပျက်စီးကုန်ပါတယ်။ အဲဒီပျက်စီးနေတဲ့ ဂေါ်ဖီတွေကိုတော့ သူ့ထက်ငါ ရတဲ့ဈေးနဲ့ ရောင်းရပါတယ်။ ဒါကြောင့် ဈေးကောင်း မရတော့ပါဘူး။ ဂေါ်ဖီအရင်းအနှီးကလည်းများ မြေဩဇာ ဆေးရည်ကလည်း ဈေးကြီးတော့ တောင်သူတွေ အလုပ်လုပ်ရတာနဲ့ မကာမိပါဘူးဗျာ"ဟု ဆက်လက်၍ ပြောပြသည်။

တပ်ကုန်းမြို့နယ်ရှိ ကျားသေအိုင်၊ သူဌေးကုန်း၊ နွယ်ရစ်နှင့် ရွှေးစုစသည့်ကျေးရွာများသည် ဆောင်းသီးနှံစိုက်ပျိုးမှုဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်ဖြစ်ရာ ဒေသခံတောင်သူများ၏စီးပွားရေးတွက်ခြေကိုက်ခြင်း မကိုက်ခြင်းသည် ရာသီဥတုပေါ်တည်မှီနေသည်။

သတင်း-မောင်ကျော်ကြီး

ဓာတ်ပုံ-သက်ထက်

ကံမမြို့နယ် တောင်စကိုင်းကျေးရွာအတွက် မြစိမ်းရောင်ရန်ပုံငွေပေးအပ်

ကံမ ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တောင်စကိုင်းကျေးရွာအတွက် မြစိမ်းရောင်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ပေးအပ်ပွဲအခမ်းအနားကို ကံမမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနခန်းမ၌ ဇန်နဝါရီ ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တက်ရောက်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၌ စလင်းမြို့နယ်၊ မင်းလှမြို့နယ်၊ သရက်မြို့နယ်နှင့် ကံမမြို့နယ်များအတွင်းရှိ ကျေးရွာ ၈၃ ရွာအတွက် တစ်ရွာလျှင် အရင်းမပျောက် မတည်ငွေကျပ်သိန်း ၃၀၀ အသုံးပြုကာ မြစိမ်းရောင်စီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ်အတွင်း ငွေကျပ်သန်း ၂၄၉၀ အသုံးပြုမတည်ဆောင်ရွက်လျက်ရှိသည်။

ဇေယျာတု(မကွေး)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ဥက္ကလာပမြို့နယ်၊ မြို့နယ်တရားသူကြီးရုံး

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၈

၁။ ဦးမောင်ကြည် နှင့် ၁။ ဦးစိန်ဝင်း
၂။ ဦးဝင်းမြင့် ၂။ ဒေါ်ခင်သိန်းဦး
တရားလိုများ **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၀)လမ်း၊ အမှတ်(၃၈၂)နေ ဦးစိန်ဝင်း၊ ဒေါ်ခင်သိန်းဦး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလိုများဖြစ်သော ဦးမောင်ကြည်၊ ဦးဝင်းမြင့်တို့က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၂၉ရက် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မောင်ဆွေ)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

I.M.E Construction Co.,Ltd.

(1) Chief Engineer (Civil) ကျား/မ (၁)ဦး

- လုပ်ငန်းအတွေ့အကြုံနှစ် (၂၅)နှစ်ရှိသူဖြစ်ရမည်။ အထပ်မြင့်အဆောက်အအုံ အတွေ့အကြုံရှိရမည်။ Project Management အား ပိုင်နိုင်စွာလုပ်ကိုင်နိုင်ရမည်။

(2) Senior Engineer (Civil) ကျား/မ (၄)ဦး

- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၆)နှစ်အထက်ရှိရမည်။ Archi နှင့် Structure Drawing များအား သေချာစွာစစ်ဆေးနိုင်ပြီး လုပ်ငန်း Schedule အတိုင်း ပြီးမြောက်အောင် စီမံခန့်ခွဲနိုင်မှုရှိရမည်။ Estimate တွက်နိုင်သူ၊ နယ်သွားနိုင်သူ ဦးစားပေးမည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၆၄၂၀၆ Suzuki Revo 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဖြူဖြူနှင်း ၁၄/ငဆန(နိုင်)၀၀၆၅၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

မိဘအမည်မှန်

မြိတ်မြို့၊ ကန်ဖျား အလကကျောင်း(ခွဲ)၊ တတိယတန်းမှ မောင်ဝေမင်းခန့်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးနေလင်းရှိန်-ဒေါ်ခင်ဆွေဦးဖြစ်ပါကြောင်း။ **ဦးနေလင်းရှိန် ၆/ထဝန(နိုင်)၀၈၄၁၈၇၊ ဒေါ်ခင်ဆွေဦး ၆/မအရ(နိုင်)၁၀၀၅၀၁**

မွေးသက္ကရာဇ်အမှန်

ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဖလပ်ရပ်ကွက်နေ ဦးကျော်သိန်း၏သမီး မစန္ဒာထွေး ၁၀/ပမန(နိုင်)၁၉၅၄၈၄ ၏ မွေးသက္ကရာဇ်မှာ အိမ်ထောင်စုစာရင်းအရ ၁၇-၈-၁၉၉၃ ဖြစ်ပါကြောင်း။

မစန္ဒာထွေး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဖားဆောင်းမြို့နယ်၊ မော်ချီးကျေးရွာ၊ ယူကော်ခိုရပ်ကွက်၊ (ဦးတင်မြင့်)-ဒေါ်သန်းနုတို့၏သား မောင်စိုးညွှန့် ၂/ဖဆန(နိုင်)၀၁၂၁၄၃ သည် မိခင်အား ငဲ့ကွက်မှုမရှိခြင်း၊ ဂုဏ်သိက္ခာကျဆင်းအောင်ပြုမူခြင်း၊ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ပြောဆိုဆုံးမမှုကို လိုက်နာမှုမရှိသည့်အပြင် မိမိဆန္ဒအတိုင်း လုပ်ချင်ရာပြုလုပ်သွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှစ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန်းနု ၂/ဖဆန(နိုင်)၀၄၃၁၆၂

ပြည်တွင်းသတင်း

သတင်းတိုများ

ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးပေး

လောက်ကိုင်

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် မော်ထိုက်မြို့နယ်ခွဲတွင် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ အစုလိုက်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၉ ရက် က ကျင်းပခဲ့သည်။ အဆိုပါလုပ်ငန်းတွင် မြို့နယ်ဆရာဝန် ဒေါက်တာငြိမ်းချမ်းအောင် ဦးဆောင်လျက် အသက် ၅ နှစ်မှ ၁၅ နှစ်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၅ ဦးကို ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ကုန်းကြမ်းမြို့နယ်တွင်လည်း ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇီးဖြူပင် အခြေခံပညာအထက်တန်းကျောင်းတွင် ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့က ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးစုပေါင်းထိုးနှံခြင်းကို ဇီးဖြူပင်အထက်တန်းကျောင်းရှိ အသက် ၅ နှစ်မှ ၁၅ နှစ်အရွယ် ကျောင်းသား ကျောင်းသူများအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

အမ်း

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီက စတင်၍ အမ်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကော်မတီဝင်များ ပူးပေါင်းပါဝင်လျက် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံပေးခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းမောင်(အမ်း)**

ပေါင်

သထုံခရိုင် ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်တွင် Unicef နှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၁ နာရီက ကဒုံစီးရပ်ကွက် အမက ကဒုံစီးကျောင်း၌ ဆောင်ရွက်ခဲ့သည်။ **စိုးစိုးအေး(iprd)**

နောင်တရား

နိုင်ငံတစ်ဝန်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၉ ရက် နံနက်က နောင်တရားမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နောင်တရားတိုက်နယ်ဆေးရုံမှ ဒေါက်တာနှင်းလွင်လွင်ဦးက အသက် ကိုးလမှ ၁၅ နှစ်အထိ ကလေးများအားလုံးကို ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံရေးအတွက် မိဘပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် ရှင်းလင်းပြောကြားပြီး အသက် ကိုးလမှ ၁၅ နှစ်အထိ ကျောင်းသား ကျောင်းသူ ၁၁၅၃ ဦးကို ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ပြီး နောင်တရားမြို့အတွင်း ကျန်ရှိနေသော အထကခွဲကျောင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆုမွန်(iprd)**

လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းပြုပြင်မောင်းနှင်မှု သင်တန်းဖွင့်လှစ်

ဖျာပုံ ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် သာယာဝဲကျေးရွာတွင် သာယာဝဲ၊ ဆူးကနန်း၊ လတာကြီး၊ အရှေ့ဆင်ကူးကျေးရွာတို့မှ တောင်သူများအတွက် လယ်ယာသုံးစက်ကိရိယာများ ထိန်းသိမ်းပြုပြင် မောင်းနှင်မှုသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ကျိုက်လတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး ဖျာပုံ ခရိုင် စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလယ်ယာကူးပြောင်းရေးတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူသင်တန်းသား ၃၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၂ ရက် ကြာမြင့်မည်ဖြစ်သည်။

ယခုကဲ့သို့ သင်တန်း လာရောက်ဖွင့်လှစ်ပေးခြင်းကြောင့် တောင်သူလယ်သမားများအနေဖြင့် လယ်ယာသုံး စက်ကိရိယာများကို ကျွမ်းကျင်စွာထိန်းသိမ်းပြုပြင် မောင်းနှင်နိုင်မည်ဖြစ်ပြီး လက်မှုလယ်ယာမှ စက်မှုလက်ယာသို့ ကူးပြောင်းနေချိန်ကာလမှာ များစွာအကျိုးရှိကြောင်း သင်တန်းသားတစ်ဦးက ပြောသည်။ **(ခရိုင် ပြန်/ဆက်)**

ချင်းတွင်းမြစ်အထက်ပိုင်း ရွှေမျှောလုပ်ငန်းများ ဒေသထွက်ချက်ဆီကို အသုံးပြုလာ

ကလေး ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ဟုမ္မလင်း နောင်ပိုအောင်နန့်တောဒေသမှ ရွှေမျှောလုပ်ကိုင်သူများအနေဖြင့် ဆီချောဖြစ်သော ပြည်ပဒီဇယ်ဆီများထက် ဆီသားထူပြီး စက်မောင်းခံသော ဒေသထွက်ချက်ဆီများကိုသာ ဝယ်ယူအသုံးပြုမှုများလာကြောင်း သိရသည်။

"မော်တွေဆိုတာက စက်ပစ္စည်းတွေနဲ့ ပတ်သက်ရင် အကြမ်းခံ ရေစိမ်ခံတွေပဲ သုံးတာများတယ်။ ပျက်ရင်လည်းပစ်ထားလိုက်တော့တာ ပြန်ပြီးပြင်တယ်ဆိုတာ ရှားတယ်။ စပယ်ယာပစ္စည်းဆိုတာကလည်း တောထဲမှာဆိုတော့ မရှိဘူးလေ။ ပြန်ပြင်နေဖို့ အချိန်လည်းမရှိဘူး။ ဆီဆိုရင်လည်း ဒေသတွင်း ရေနံမော်တွေကနေထွက်တဲ့ ချက်ဆီကိုပဲ သုံးတယ်။ လွယ်လွယ်လည်းရတယ်။ ဈေးကလည်း ချိုတယ်။ စက်မောင်းလည်းခံတယ်"ဟု နန့်တောကျေးရွာမှ ရွှေမျှောလုပ်ကိုင်သူ ဦးအောင်ကိုက ပြောသည်။

"ရေနံစိမ်းတွေက ဂန့်ဂေါနဲ့ ပုလဲနယ်စပ် ခင်အေးရေနံမော်က ထွက်တယ်။ ကလေးနယ်မှာဆိုရင် ဒိုးနွယ်ရေနံမော်၊ ပေါက်တောရေနံမော်၊ ဒိုးကလေးရေနံမော်မှာ ထွက်တယ်။ မကွေးတိုင်းဒေသကြီးမှာဆိုရင် ပိတောက်၊ ဆူးဝင်း၊ ကျောက်ခွက် ရေနံမော်တွေက ထွက်တယ်၊ ရေနံစိမ်းဈေးနှုန်းတွေကတော့ ဒေသတစ်ခုနှင့် တစ်ခု မတူပါဘူး။ တစ်ပီပါကို ငွေကျပ်ရှစ်သောင်းခွဲကနေ တစ်သိန်းနှစ်သောင်း ဈေးအထိရှိတယ်။ ရေနံစိမ်းထွက်ရှိမှုအပေါ် မူတည်ပါတယ်"ဟု ကလေးဒေသ ရေနံစိမ်းကုမ္ပဏီတစ်ခုက ပြောသည်။ **သျှင်နေမင်း**

မြစ်ငယ်၌ ရထားရဲ မွမ်းမံသင်တန်းဖွင့်

မြစ်ငယ် ဇန်နဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရထားရဲတပ်ဖွဲ့ အမှတ်(၆) တပ်ခွဲ မြစ်ငယ် မွမ်းမံသင်တန်းခန်းမ၌ တိုက်ပွဲဝင် မွမ်းမံသင်တန်းအမှတ်စဉ်(၂၅/၂၀၁၅)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားသို့ ရထားရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ခင်မောင်ဝင်းက တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ရထားရဲတပ်ဖွဲ့ တာဝန်ရှိသူများနှင့် အခြားအဆင့်သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

သထုံ ဇန်နဝါရီ ၂၂

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကျေးလက်ပြည်သူများ အသိပညာဗဟုသုတပိုမိုမြင့်မားစေရန်အတွက် ဇန်နဝါရီ ၂၀ ရက်က ဇရစ်ချောင်ကျေးရွာ လဝန်းပညာစာကြည့်တိုက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့တွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည့်သူ့ဆက်ဆံရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သူဇာအောင်က ကျေးလက်စာကြည့်တိုက်များ ရှင်သန်ရေးအတွက် သတ်မှတ်စံ ငါးချက်၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် စာဖတ်ရှိန်မြင့်တင်ရေး ကိစ္စရပ်များကို ရှင်းလင်းဟောပြောပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က ကျေးလက်စာကြည့်တိုက် ရှင်သန်ရေးအတွက် ရပ်မိရပ်ဖများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
မြေတိုင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါ ရုံးသုံးစာရေးကိရိယာများနှင့် Computer သုံး Toner/Cartidge ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	ရုံးသုံးစာရေးကိရိယာများ	(၄၂) မျိုး
(ခ)	Computer သုံး Toner/Cartidge ပစ္စည်းများ	(၆) မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို ၆-၂-၂၀၁၅ရက် (သောကြာနေ့) ညနေ ၁၅:၀၀နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ဝယ်ယူမည့်ပစ္စည်းအမျိုးအမည် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူမှုစိစစ်ရေးအဖွဲ့
မြေတိုင်းဦးစီးဌာန
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၃၄၃၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် ကံမမြို့၊ အမှတ်(၃)ရပ်ကွက် ကမ်းပြိုကာကွယ်ရေး၊ ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်း နံရံ ၂၅၀ပေ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါလျှောက်လွှာရယူမည့်နေရာ - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
နှင့်စိစစ်ရွေးချယ်မည့်နေရာ - မကွေးတိုင်းဒေသကြီးရုံး၊ ကင်းလမ်း၊ ရွှေညောင်(၂)ရပ်ကွက်၊ မကွေးမြို့
တင်ဒါလျှောက်လွှာယူရမည့်ရက် - ၂၃-၁-၂၀၁၅ ရက်မှ ၂၉-၁-၂၀၁၅ ရက်အထိ
ရုံးချိန်အတွင်းတင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် - ၂-၂-၂၀၁၅ ရက် နံနက် ၁၀:၀၀ နာရီ

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၈၃၉၀ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အကောက်ခွန်ဦးစီးဌာန
ဈေးပြိုင်စနစ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာန၊ Mobile Team (2) တို့မှ ဖမ်းဆီးပြီး ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်လေလံဆွဲဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) **ပစ္စည်းအမျိုးအမည်** - လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဂတ်စ်အိုးများနှင့် မော်တော်ယာဉ်သုံးအပိုပစ္စည်းများ။
(ခ) **နေ့ရက်/အချိန်** - ၃-၂-၂၀၁၅ ရက်၊ ၁၃:၀၀ နာရီ
(ဂ) **နေရာ** - အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း (ယခင်မြန်မာ့သစ်လုပ်ငန်းပင်မပစ္စည်းဌာနဝင်း)အတွင်းရှိထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ
(ဃ) **လေလံပုံစံရောင်းချခြင်း** - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းများ) တစ်စုံလျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ၂၉-၁-၂၀၁၅ရက်၊ ၃၀-၁-၂၀၁၅ရက်နှင့် ၂-၂-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများ၊ လေလံအတွဲစာရင်းနှင့် လေလံစည်းကမ်းချက်ဝယ်ယူလိုသူများသည် အကောက်ခွန်(ကုန်လှောင်ရုံ) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း(ယခင်မြန်မာ့သစ်လုပ်ငန်းပင်မပစ္စည်းဌာနဝင်း)အတွင်းရှိ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲသို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

အတွင်းရေးမှူး
လေလံတင်ရောင်းချရေးအဖွဲ့
အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၁ယ/၈၄၄၀၃ Suzuki Viva 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထိုက် ၁၄/ပသရ(နိုင်)၀၀၀၄၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

ရိက္ခာဆန်ဝယ်ယူရေး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်/အလုပ်စခန်းများရှိ အကျဉ်းသား/အလုပ်ရှင်များအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သည့် ရိက္ခာဆန်(၁၇၉၈၉)အိတ်အား ဝယ်ယူရန်ရှိပါသည်။

၂။ အိတ်ဖွင့်တင်ဒါတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။ တင်ဒါပေးသွင်းရမည့် အသေးစိတ်အချက်အလက်များအား အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၃၂၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၃-၁-၂၀၁၅ ရက်၊ ၀၉:၀၀ နာရီ
တင်ဒါပုံစံအရောင်းပိတ်ရက် - ၃-၂-၂၀၁၅ ရက်၊ ၁၆:၃၀ နာရီ
တင်ဒါဖွင့်မည့်ရက် - ၄-၂-၂၀၁၅ ရက်၊ ၀၉:၀၀ နာရီ

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

ပြည်တွင်းသတင်း

လှိုင်သာယာ ဒဂုံ-ဧရာ ပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းဝင်း ဖော်ဆောင်နေသော ပွဲရုံဝင်း နှစ်အနည်းငယ်အတွင်း ပေါ်ထွန်းလာနိုင်

ဇန်နဝါရီ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြကြေညာခဲ့သော လှိုင်သာယာ ဒဂုံ-ဧရာ ပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းမှ ပေ(၄၀×၆၀) ပွဲရုံမြေကွက်များကို ဝယ်ယူခွင့်ပြုရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်လွှာသွင်းထားသူများနှင့်ပွဲရုံလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားသူမည်သူမဆို မြို့တော်ခန်းမ၌ လေလံပွဲကျင်းပမည်ဆိုသော အသိပညာပေးကြေညာချက်အရ စိတ်ပါဝင်စားသူများ ယင်းနေရာသို့ ကိုယ်တိုင်သွားရောက်ကြည့်ရှုကြရာမှ တွေ့မြင်ခဲ့ရမှုကို ပြန်လည်ပြောကြားရာတွင် ရန်ကုန်မြို့ရှိ အကြီးဆုံးဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းရှိ ကုန်စည်လုပ်ငန်းများပြီးလျှင် ဒုတိယအကြီးဆုံးကုန်စည်ရောင်းဝယ်ဖောက်ကားရာပွဲရုံဝင်းဖြစ်နိုင်သည်ဟု သိရသည်။

လေလံစည်းကမ်းပါ စည်းကမ်းချက်အရ လေလံဆွဲဝယ်ယူခွင့်ရရှိသူ၏အမည်ဖြင့် မြေချပါမစ်ကို ၂၅ နှစ်သက်တမ်းမြေငှားဂရန် ထုတ်ပေးမည်ဖြစ်ကြောင်း၊ မြေကွက်လပ်ဝယ်ယူပြီးနောက် ခြံစည်းရိုးကာရံကာလ၊ ပွဲရုံအဆောက်အအုံ တည်ဆောက်ရန် အချိန်ကာလတို့ကို မြို့တော်စည်ပင်က ညွှန်ကြားသွားမည်ဖြစ်ကြောင်း၊ အမြင့်ပေ ၅၀ အထက်မပိုသော လေးထပ်အထိသာ သက်ဆိုင်ရာမှ ညွှန်ကြားသည့်အတိုင်း ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ ဓာတ်ဆီ၊ ဒီဇယ်၊ အင်ဂျင်ဝိုင်၊ ဘက်ထရီ၊ ဓာတ်ငွေ့နှင့် ဓာတ်ငွေ့ရည်၊ ပရဆေးများ သိုလှောင်ရောင်းချခြင်း၊ ကာစီနို လောင်းကစားအမျိုးမျိုး၊ KTV လုပ်ငန်းများ၊ Game ဆိုင်လုပ်ငန်းများ၊ အနှိပ်ခန်းများ၊ ရေလုပ်ငန်းနှင့် ဆက်စပ်သည့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းများ၊ သားရေလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို လုံးဝ(လုံးဝ) ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရန်နှင့် အခြားသော ပွဲရုံလုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်ရန် ဖော်ပြထားသည်။ ရုံးခန်းအတွင်း ချိတ်ဆွဲထားသော ကွင်းမြေပုံ၌ လေလံစည်းကမ်းချက်တွင် ပူးတွဲဖော်ပြသောမြေပုံများ၊ လမ်းများအပြင် ကျောင်းကုန်း၊ မြန်အောင်၊ ဇလွန်၊ အိမ်မဲ၊ လမ်းသွယ်များပါ မြင်တွေ့ခဲ့ရသည်။ ပွဲရုံဝင်းအတွင်း အကျယ်အဝန်းမှာ မြေဧက ၉၀ ကျော်ရှိပြီး မြေကွက်ပေါင်း ၇၀၀ ခန့် ရှိကြောင်း၊ အဓိကလမ်းမကြီးဖြစ်သော ဒဂုံ-ဧရာလမ်းမကြီးနှင့် လမ်းဘေးဓာတ်တိုင်များ စိုက်ထူထားပြီဖြစ်ကြောင်း၊ လမ်းသွယ်အချို့ ကွန်ကရစ်လမ်းခင်းပြီးနေသည်ကို မြင်တွေ့ခဲ့ရကြောင်း သွားရောက်ကြည့်ရှုခဲ့သူတစ်ဦးဖြစ်သည့် လမ်းမတော်မြို့နယ်နေ ဒေါ်ယဉ်ယဉ်က ပြောသည်။

ပွဲရုံမြေကွက်ရှေ့တွင် ယာဉ်ရပ်နားရန် ပေ ၅၀ အကျယ်ရှိပြီး လမ်းသားအကျယ်မှာ ၂၄ ပေရှိရာ လမ်းသွယ်အတွင်း တစ်ဖက်တစ်ချက်ရှိ တိုက်ခန်းမြေကွက် အကျယ်မှာ ၁၂၄ ပေရှိသည်ဟု သိရသည်။

ယခုရက်ပိုင်းကျင်းပမည့် ပွဲရုံမြေကွက် ၁၀၀ လေလံတင်ရောင်းချပြီးနောက် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ကျန်မြေကွက်များအပေါ် စီမံခန့်ခွဲမှုများ ဆက်တိုက်ပေါ်ထွက်လာနိုင်ရာ နှစ်အနည်းငယ်အတွင်း ရန်ကုန်မြို့အဝင်တွင် တံတားအသုံးပြုပေးနေရသော လှိုင်မြစ်ဖြတ်တံတားများကို ဖြတ်ကျော်ရန် မလိုတော့သည့် မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ပြည်နယ် တောင်ပိုင်းဒေသများနှင့် ကူးသန်းရောင်းဝယ်ဖောက်ကားမည့် ကုန်စည်ပွဲရုံဝင်းအသစ် ဖွံ့ဖြိုးပေါ်ပေါက်လာနိုင်ရာ ရန်ကုန်မြို့တွင်းအပါအဝင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း တွေ့ကြုံနေရသော ယာဉ်ပိတ်ဆို့မှု၊ တိုက်ခန်းတန်ဖိုးနှင့် ငှားရမ်းခမြင့်တက်နေမှုများကိုပါ အထိုက်အလျောက် လျော့ကျသွားနိုင်မည်ဟု လှိုင်သာယာ ဒဂုံ-ဧရာ ပွဲရုံမြေကွက်များ လေလံတင်ရောင်းချပွဲအတွက် မြေပြင်အနေအထား သွားရောက်ကြည့်ရှုခဲ့သူအချို့နှင့် လက်ရှိဘုရင့်နောင်ပွဲရုံဝင်းအတွင်း လုပ်ငန်းလုပ်ကိုင်သူအချို့၏ ပြောကြားချက်များကို ရေးသားဖော်ပြလိုက်ရပါသည်။ ။

ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်း

ပဲခူး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် ပဲခူးခရိုင်၊ မြို့နယ်၊ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမောင်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ နိုင်ငံတကာမှ အသိအမှတ်ပြုပြီး သိက္ခာရှိသော၊ ပွင့်လင်းမြင်သာ၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် တက်ရောက်လာသော နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးကျော်စိုးက မဲဆန္ဒရှင်စာရင်း တိကျမှန်ကန် မှုရှိစေရေးနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အဓိကတာဝန်ယူဆောင်ရွက်ရသော သက်ဆိုင်သူများအနေဖြင့် ကဏ္ဍအသီးသီးတွင် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရန် ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင် ဦးဇော်လင်းမောင်(တိုင်းဒေသကြီးဥပဒေအရာရှိ)က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ၎င်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်
နည်းပြနှင့် ဒုတိယကြီးကြပ်ရေးမှူး(သင်တန်း)ရာထူးနေရာများအတွက် အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်ခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ခန့်ထားရန် နည်းပြ၊ ဒုတိယကြီးကြပ်ရေးမှူး (သင်တန်း)ရာထူးခနစ်နေရာအတွက် အလုပ်လျှောက်ထားလာသူများအနက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသော အောက်ပါပုဂ္ဂိုလ်များအား အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်ပြုလိုက်သည်-

(၁) မမြင့်သီဂီ ၅/ကဘလ(နိုင်)၁၇၄၃၂၇	(၁၁) မစုမြတ်မင်း ၇/ရတန(နိုင်)၁၁၀၈၃၆	(၂၁) မခင်ခင်သောင်း ၅/ဟမလ(နိုင်)၀၇၁၉၅၁
(၂) မတင်ထူးထူးလွင် ၅/ခဥတ(နိုင်)၀၆၉၆၁၉	(၁၂) မသဲနဖွေး ၅/စကန(နိုင်)၂၂၁၂၇၅	(၂၂) မမာမာစန်း ၅/ကဘလ(နိုင်)၁၅၀၁၈၅
(၃) မအေးမွန်မွန်စံ ၅/ခဥတ(နိုင်)၀၇၃၅၁၉	(၁၃) မသင်းနုမွန် ၅/ဝလန(နိုင်)၁၃၈၁၈၁	(၂၃) မလင်းကြူ ၅/ဝသန(နိုင်)၀၅၀၈၁၉
(၄) မတင်နီလာအောင် ၉/မတရ(နိုင်)၁၄၇၂၅၈	(၁၄) မထိုက်ထိုက်ထွန်း ၈/ပခက(နိုင်)၂၄၈၀၈၃	(၂၄) မဝေဝေထွန်း ၉/မခန(နိုင်)၂၀၂၆၃၄
(၅) မမြစုလှိုင် ၅/မမန(နိုင်)၀၈၁၀၀၅	(၁၅) မဇင်မာဝင်း ၈/ပခက(နိုင်)၂၄၈၀၇၂	(၂၅) မဖြိုးသဉ္ဇာခင် ၅/စကန(နိုင်)၂၆၂၃၉၄
(၆) မဖြူဖြူသန့် ၅/စကန(နိုင်)၂၁၆၀၁၀	(၁၆) မဇင်မာဦး ၉/ပခက(နိုင်)၂၄၄၆၆၆	(၂၆) မအေးမြတ်စိုး ၅/စကန(နိုင်)၂၂၂၃၉၉
(၇) မသင်းသင်းယုထွန်း ၅/ရဥန(နိုင်)၀၈၆၅၆၇	(၁၇) မကေခိုင်ဦး ၅/မရန(နိုင်)၂၂၄၅၄၆	(၂၇) မဝါဝါဌေး ၅/စကန(နိုင်)၂၃၉၆၂၇
(၈) မမေသဇင်မြင့် ၅/မမတ(နိုင်)၀၆၉၃၉၉	(၁၈) မောင်ကျော်ဇင်ဝင်း ၅/မရန(နိုင်)၂၀၉၈၆၀	(၂၈) မောင်ဝင်းကို ၅/ရဥန(နိုင်)၀၇၂၃၀၄
(၉) မအိသန္တာ ၁၄/အမန(နိုင်)၁၂၁၅၃၃	(၁၉) မစန်းယုနိုင် ၅/ကဘလ(နိုင်)၁၆၆၆၂၇	(၂၉) မဇင်မာထွန်း ၅/စကန(နိုင်)၂၀၂၇၃၉
(၁၀) မတင်နွယ်ဝင်း ၇/ရတရ(နိုင်)၁၃၈၉၄၈	(၂၀) မချစ်စုစံ ၅/ခဥန(နိုင်)၁၀၃၆၃၂	

၂။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ ဘွဲ့လက်မှတ်မူရင်းနှင့် အခြေခံပညာအထက်တန်းအောင်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်းများ ယူဆောင်လာရမည်။

၃။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို ၂၉-၁-၂၀၁၅ရက်နှင့် ၃၀-၁-၂၀၁၅ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမှုများကို တစ်ဆက်တည်းကျင်းပမည်ဖြစ်၍ ၂၇-၁-၂၀၁၅ရက်တွင် တက္ကသိုလ်သို့ ရောက်ရှိသတင်းပို့ရမည်ဖြစ်သည်။

၄။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဖုန်း-၀၉-၆၄၆၃၅၃၉သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တိုက်ခန်းရောင်းရန်ရှိသည် (ပွဲစားမလို)

အိပ်ခန်း(၂)၊ ပါကေး၊ ကြွေပြား၊ သံပန်းဆန်းရိုက်၊ ဘိုထိုင်၊ ရေမီးစုံပါသော တိုက်ခန်းများ
၁။ (၂၀×၅၀)ပေ၊ စတုတ္ထထပ်၊ ပြင်ပြီးအသင့်နေ စမ်းချောင်းမြို့နယ် (လမ်းမ)- ၈၉၅သိန်း
၂။ (၁၅×၆၀)ပေ၊ စတုတ္ထထပ်၊ ပြင်ပြီးအသင့်နေ စမ်းချောင်းမြို့နယ်(လမ်းမ)- ၆၉၀သိန်း
၃။ (၁၃½×၆၀)ပေ၊ ဆဋ္ဌမထပ်၊ ပြင်ပြီးအသင့်နေ စမ်းချောင်းမြို့နယ်(လမ်းမ)- ၅၈၀သိန်း
(ဝယ်မည့်သူသာဆက်ရန်) ဖုန်း-၀၉-၃၁၉၀၇၁၉၉၊ ၀၉-၄၂၀၁၂၈၈၇၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဝယ/၈၈၀၁၄ JLM 125 ယာဉ်လက်ဝယ်ရှိသူ Thet Htar Zin Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)



ပြည်တွင်းသတင်း

ကံမမြို့နယ်၌ လူကုန်ကူးသူအားအရေးယူ

ကံမ ဇန်နဝါရီ ၂၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် သက္ကယ်မြောင်ကျေးရွာအုပ်စု ပေပင်ကျေးရွာနေ ဒေါ်မြင့်မြင့်စန်း(၃၆ နှစ်)နှင့် သမီးဖြစ်သူမမော်မော်ခိုင်တို့အား ကံမမြို့ အမှတ်(၄)ရပ်ကွက်နေ ဒေါ်စိန်မြ (၅၈ နှစ်)က ရန်ကုန်မြို့တွင် ကလေးထိန်းရန်နှင့် ဈေးရောင်းရန်အလုပ်ပေးမည်ဖြစ်ကြောင်း၊ တစ်လလျှင် ငွေကျပ် ၅၀၀၀၀ ပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးသဖြင့် ၂၀၁၄ ခုနှစ် ဇူလိုင် ၂၉ ရက်က ဒေါ်မြင့်မြင့်စန်းသည် သမီးဖြစ်သူ မမော်မော်ခိုင်အား ဒေါ်စိန်မြ၏နေအိမ်သို့ပို့ဆောင်ခဲ့သည်။ ဒေါ်စိန်မြက မမော်မော်ခိုင်အား ၎င်း၏သမီးဖြစ်သူ မနွယ်နွယ်(၃၁ နှစ်)နှင့်အတူ ထည့်လိုက်ပြီးနောက် မနွယ်နွယ်က မမော်မော်ခိုင်အား တရုတ်နိုင်ငံ ကြယ်ခေါင်မြို့သို့ခေါ်ဆောင်၍ ၎င်း၏အနှိပ်ခန်းတွင် လုပ်ကိုင်စေခဲ့သည်။

ရန်ကုန်မြို့တွင် ကလေးထိန်း၊ ဈေးရောင်းရမည်ပြောပြီး တရုတ်နိုင်ငံ ကြယ်ခေါင်မြို့ရှိ အနှိပ်ခန်းတွင်စေခိုင်းသူ ဒေါ်စိန်မြနှင့် မနွယ်နွယ်တို့အပေါ် အရေးယူပေးရန် မမော်မော်ခိုင်က တိုင်တန်းသဖြင့် ကံမမြို့မရဲစခန်းက ဇန်နဝါရီ ၁၉ ရက်က အမှုဖွင့်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျဝင်း(iprd)

ကျေးရွာများ မီးလင်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းဆွေးနွေး

လားရှိုး ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်းရှိ ဆုံကွယ်ကျေးရွာနှင့် ဟက်ကာကျေးရွာများမှ ဒေသခံပြည်သူများအား ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က ဇန်နဝါရီ ၁၈ ရက်တွင် ကွင်းဆင်းတွေ့ဆုံ၍ လျှပ်စစ်မီးရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးသည် လားရှိုးမြို့ ဆုံကွယ်ကျေးရွာဓမ္မာရုံ၌ ဆုံကွယ်ကျေးရွာပြည်သူများနှင့် တွေ့ဆုံရာ ကျေးရွာအုပ်ချုပ်ရေးမှူးက မိမိတို့ကျေးရွာသည် လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း၊ မူလတန်းလွန်ကျောင်းတွင် အလယ်တန်းပြဆရာမနှစ်ဦး လစ်လပ်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအတွက် စာသင်ခုံ အစုံ ၄၀ လိုအပ်နေကြောင်း တို့ကိုတင်ပြပြီး ဆုံကွယ်အုပ်စုမှ ကောင်းအိုင်နှင့် မန်ကုန်းကျေးရွာများ လျှပ်စစ်မီးရရေးအတွက် ဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို တင်ပြခဲ့သည်။ ကျေးရွာရပ်မိရပ်ဖတစ်ဦးကလည်း ရွာမှ ကျောင်းသား ကျောင်းသူများ ကျောင်းသို့သွားသောလမ်းနှင့် ဘုန်းတော်ကြီးကျောင်းသို့သွားသောလမ်းများမှာလည်း ပျက်စီးနေကြောင်း လမ်းအခြေအနေများကို တင်ပြသည်။

ကောင်းအိုင်နှင့် မန်ကုန်းကျေးရွာတို့တွင် လျှပ်စစ်မီးရရှိစေရေးအတွက် ကျေးရွာ၏ထည့်ဝင်ကုန်ကျငွေဖြင့် မလောက်ငသောကြောင့် ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးက လိုအပ်ချက်များကို ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။ ထို့နောက် ဆုံကွယ်၊ နားမွန်း၊ ဟတ်ကာ၊ ကောင်းအိုင်နှင့် မန်ကုန်းကျေးရွာများမှ ဒေသခံများအတွက် ရှမ်းအမျိုးသမီးဝတ်စုံများကို အေးရှားဝေါလ်ကုမ္ပဏီက တစ်ရွာလျှင်အစုံ ၂၀ နှုန်းဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အချိန်အခါမဟုတ်မိုးကြောင့် သီးနှံအထွက်နှုန်းလျော့မည်ကို စိုးရိမ်နေ

ရေစကြို ဇန်နဝါရီ ၂၂

ရေစကြိုမြို့နယ်အတွင်း ဇန်နဝါရီ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ရွာသွန်းခဲ့သော အချိန်အခါမဟုတ်မိုးကြောင့် စိုက်ပျိုးထားသော ဆောင်းသီးနှံအချို့ ပျက်စီးဆုံးရှုံးမည့်အရေးနှင့် သီးနှံအထွက်နှုန်း လျော့နည်းမည့်အရေး တောင်သူများ စိုးရိမ်နေကြကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက နှစ်စဉ် ဆောင်းသီးနှံမျိုးစုံ စိုက်ပျိုးကြပါတယ်။ အခုလို သီးနှံတွေ ဖူးပွင့်နေချိန်မှာ ဇန်နဝါရီ ၁၆ ရက်နဲ့ ၁၇ ရက်မှာ မိုးကတဖွဲဖွဲရွာခဲ့ပြီး မိုးမရွာခင် သုံးလေးရက်နဲ့ မိုးရွာပြီး သုံးလေးရက်မှာလည်း မိုးအုံ့နေတာကြောင့် ရောဂါပိုးတွေ ကျရောက်ပြီး သီးနှံတွေ ပျက်စီးမှာကို စိုးရိမ်နေကြရတယ်။ အထူးသဖြင့် မြေပဲနဲ့ ကုလားပဲ စိုက်ပြီးချိန်မှာ မိုးတစ်ကြိမ် မိခဲ့တာရယ်၊ အခုမိုးရွာတာရယ်ကြောင့် အထွက်နှုန်းလျော့မှာ စိုးရိမ်နေတယ်။ ဒီနှစ်စိုက်ပျိုးရတာ ထွန်စရိတ်နဲ့ အလုပ်သမားစရိတ်တွေက အရင်နှစ်တွေကထက်ကြီးသလို သွင်းအားစုဈေးတွေက တက်တော့ အရင်းအနှီးများတယ်။ ဒါကြောင့် စိုးရိမ်မိတာပါ" ဟု ရွှေကျောင်းကျေးရွာမှ မြေပဲနှင့် ကုလားပဲ စိုက်ပျိုးထားပြီး မိုးဒဏ်ခံခဲ့ရသော တောင်သူတစ်ဦးက ပြောသည်။

ရွှေကျောင်းကျေးရွာမှ ဆောင်းသီးနှံစိုက်ခင်းတစ်ခု

ရေစကြိုမြို့နယ်တွင် နှစ်စဉ် ဆောင်းသီးနှံအဖြစ် မြေပဲ၊ နှမ်း၊ ကုလားပဲ၊ မတ်ပဲ၊ ပဲလွမ်း၊ ပဲကြီး၊ ပဲနီပြား၊ ထောပတ်ပဲ၊ ပဲစာဥ၊ ပဲပုပ်၊ စွန်တာနီ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစသည့် သီးနှံများကို စိုက်ပျိုးကြပြီး ဇန်နဝါရီလသည် ဆောင်းသီးနှံများ စတင်ပွင့်ဖူးချိန်ဖြစ်သည်။

ရေစကြိုမြို့နယ်အတွင်း ဆောင်းမြေပဲ ဧက ၁၅၀၀၀ ကျော်၊ နှမ်း ဧက ၈၀၀၀ ကျော်၊ ပဲပုပ်ဧက ၂၀၀၀ ကျော်၊ ကုလားပဲ ဧက ၂၀၀၀၀ ကျော်၊ ပဲလွမ်းဧက ၃၀၀၀ ကျော်၊ ပဲကြီး ဧက ၁၀၀၀ ကျော်၊ မတ်ပဲ ဧက ၂၀၀၀ ကျော်၊ ကြက်သွန်နီ ဧက ၇၀၀၀ ကျော်၊ ကြက်သွန်ဖြူဧက ၁၀၀ ကျော် စိုက်ပျိုးထားကြောင်း၊ ဇန်နဝါရီလတွင် အချိန်အခါမဟုတ်မိုး ရွာသွန်းမှုကြောင့် ဒေသအချို့တွင် သီးနှံပျက်စီးမှုနှင့် အထွက်နှုန်းလျော့နည်းမှုများဖြစ်နိုင်ကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းအောင်လက်မှတ်နှင့် ဆုပေးပွဲကျင်းပ

သပိတ်ကျင်း ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၌ နွေရာသီအားလပ်ရက်တွင် ရပ်ကွက်အတွင်းရှိ လူငယ်များ ကျောင်းသားကျောင်းသူများ အချိန်ကို အကျိုးရှိစွာအသုံးပြုနိုင်ရန်၊ ယဉ်ကျေးလိမ္မာသည့် သားကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ လူငယ်များ ဘာသာရေးဆိုင်ရာ ဗဟုသုတများ တိုးတက်များပြားလာစေရန်နှင့် မိမိတို့ကိုးကွယ်သည့် ဘာသာရေးကိုအလေးထားပြီး ထွန်းကားပြန့်ပွားလာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော ၂၀၁၄-၂၀၁၅ ခုနှစ် (၃)ကြိမ်မြောက် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းအောင်လက်မှတ်နှင့်ဆုပေးပွဲကို အောင်မြင်သာကျောင်းတိုက်တွင် ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည်။

အောင်လက်မှတ်နှင့် ဆုပေးပွဲတွင် အောင်မြင်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းဟောကြားသည်။ ထို့နောက် အလှူရှင် ဆိပ်ကမ်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးညီညီမြင့်မိသားစုနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းသည့် ဗလာစာအုပ်၊ ခဲတံ၊ လွယ်အိတ်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာတမ်းပါ တီရှပ်အင်္ကျီများကို သင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများနှင့် သင်တန်းတက်ရောက်သူ ၂၀၅ ဦးအား ပေးအပ်လှူဒါန်းခဲ့ပြီး ကျောင်းတိုက်ဆရာတော်က သင်တန်းဆင်းအောင်လက်မှတ်များကို ကျောင်းသား တစ်ဦးချင်းထံ ပေးအပ်ခဲ့ကာ ဆရာတော်နှင့် အလှူရှင်များ၊ ကျောင်းသားကျောင်းသူများက အမှတ်တရဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးမှ ကာလကြာရှည်စွာအသုံးပြုပြီး ဆက်လက်သုံးစွဲ၍မရတော့သည့် စက်ပစ္စည်းအဟောင်း (၂၅)မျိုးဖြစ်သော (1) Single Slice CT Machine 1 လုံး၊ (2) Portable X-ray 20MA 3 လုံး၊ (3) Ultrosound (2D) 5 လုံး၊ (4) Gamme Muvek MB9 100 1 လုံး၊ (5) Probe Renogram 1 လုံး၊ (6) Portable OT light 1 လုံး၊ (7) Autoclave 1 လုံး၊ (8) Dental Xray 1 လုံး၊ (9) High Vaccum Pump 1 လုံး၊ (10) Dental Chair 1 လုံး၊ (11) မီးပူတိုက်စက် 1 လုံး၊ (12) အဝတ်လျှော်အခြောက်ခံစက် 1 လုံး၊ (13) Anaesthetic Machine 1 လုံး၊ (14) Celing Lamp 1 လုံး၊ (15) Incubator 1 လုံး၊ (16) Transformer Box 4 လုံးအား မျက်မြင်အခြေအနေတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဈေးနှုန်းအဆိုပြုပုံစံများကို ဤကြော်ငြာပါသည့် ရက်မှစတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ **အိတ်ဖွင့်လေလံပိတ်ရက်** -၂-၂-၂၀၁၅ရက် (တနင်္လာနေ့)

၃။ အသေးစိတ်အချက်အလက်များနှင့် ဈေးနှုန်းအဆိုပြုပုံစံအား မြောက်ဥက္ကလာပဆေးရုံကြီးရုံးခန်း ဖုန်း-၀၁-၉၆၉၀၂၉၅သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။

အိတ်ဖွင့်လေလံရောင်းချရေးကော်မတီ၊ မြောက်ဥက္ကလာပဆေးရုံကြီး

ပြည်ထဲရေးဝန်ကြီးဌာန
မကွေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန
ရိက္ခာဆန်ဝယ်ယူရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော ရိက္ခာဆန်များအား အရည်အသွေးသတ်မှတ်ထားသည့် ဧည့်မထ/ငစိန်(၂၅%)ဆန်များကို ဦးစားပေး၍ မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က)	သရက်အကျဉ်းထောင်	၂၁၄၇ အိတ်
(ခ)	ပခုက္ကူအကျဉ်းထောင်	၁၂၈၉ အိတ်
(ဂ)	ကိုးပင်သာစည်စခန်း	၁၃၀၈ အိတ်
	စုစုပေါင်း	၄၇၄၄ အိတ်

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၄-၂-၂၀၁၅ ရက် ၁၂:၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ **တင်ဒါဖွင့်လှစ်မည့်အချိန်မှာ** ၄-၂-၂၀၁၅ ရက် ၁၄:၀၀နာရီဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၃-၂၅၀၁၆၊ ၀၆၃-၂၈၃၈၆၊ ၀၆၃-၂၈၃၈၇၊ ၀၆၃-၂၈၃၈၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
မကွေးတိုင်းဒေသကြီး၊ အကျဉ်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါ လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန၊ စမ်းသပ်စက်ရုံစု (မှော်ဘီ)မှ စက်ပစ္စည်းဟောင်းများ ၂၃မျိုးနှင့် အဆောက်အအုံပျက် လေးလုံး စုစုပေါင်း 1 Lot.အားအိတ်ဖွင့်တင်ဒါဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ပစ္စည်းကြည့်ရမည့်နေရာ** - စမ်းသပ်စက်ရုံစု(မှော်ဘီ)စက်ရုံဝင်း၊ မိုင်တိုင်အမှတ်၂၂/၅(ရန်ကုန်-ပြည်ကားလမ်း) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့် နေရာ၊အချိန်နှင့်နေ့ရက်** - မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ အမှတ် ၆၊ကမ္ဘာအေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်(ရုံးချိန်အတွင်း) ၂၀-၁-၂၀၁၅ရက်

(ဂ) **တင်ဒါပေးသွင်းရမည့် နောက်ဆုံးရက်၊ အချိန် နေရာ** - မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ အမှတ် ၆၊ ကမ္ဘာအေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်(ရုံးချိန်အတွင်း) ၂၀-၂-၂၀၁၅ရက်

၂။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ ပုံစံတစ်စုံအား ကျပ်၁၀၀၀၀ (ကျပ် တစ်သောင်းတိတိ)ဖြင့် ဝယ်ယူတင်သွင်းနိုင်ပြီး အိတ်ဖွင့်တင်ဒါဈေးပြိုင် လေလံရောင်းချခြင်းကိစ္စနှင့် ပတ်သက်သောအသေးစိတ် အချက်အလက်များကို စက်ရုံမှူး၊ စမ်းသပ်စက်ရုံစု(မှော်ဘီ)၊ ဖုန်း-၀၁-၆၀၀၀၄၂၊ ၀၁-၆၀၀၀၄၆ သို့ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၉၂၇/က၊ မြေကွက်တည်နေရာအမှတ် ၉၂၇/က၊ ရတနာပုံ ၇လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးမောင်နိုင်ဦး) အမည်ပေါက် ပိုင်ဆိုင်သော နှစ် ၆၀ ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဦးဗိုလ်ရဲကျော်မော်မှ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၈၀ ဖြင့်ဦးမောင်နိုင်ဦးအား ပဋိညာဉ်အတိုင်းမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၆၈ အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၉၂၁/ခ)၊ မြေကွက်တည်နေရာအမှတ် (၉၂၁/ခ)၊ ရတနာပုံ (၇)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးမောင်မောင်လွင်) အမည်ပေါက် ပိုင်ဆိုင်သော နှစ် ၆၀ ဂရန်မြေအား သာကေတမြို့နယ် တရားရုံး၌ ဦးဗိုလ်ရဲကျော်မော်မှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် (၇၆)ဖြင့် ဦးမောင်မောင်လွင်အား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် (၆၂) အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇ မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါး

ပျော်ရွှင်ဆင်နွှဲ ငါးဖမ်းပွဲ

ကိုရွှေငါး(ခနုဖြူ)

မြစ်ချောင်းအင်းအိုင်ပေါများသော မြန်မာနိုင်ငံ၌ တံငါလုပ်ငန်း၊ ရေလုပ်ငန်းများကို လုပ်ကိုင်ကြသူ အများအပြားရှိသည်။ ငါးဖမ်းကြရာတွင် ဒေသအလိုက် နည်းအမျိုးမျိုးရှိသည့်အနက် တန်းပိုက်ဖြင့် အပြိုင်အဆိုင် ငါးဖမ်းခြင်းသည် ရေလုပ်သားများစုပေါင်းပြီး ပျော်ရွှင်စွာ ငါးဖမ်းနည်းတစ်ခု ဖြစ်သည်။

တန်းပိုက်ဖြင့် ငါးဖမ်းခြင်းကို ဧရာဝတီတိုင်းဒေသကြီးတွင် ထုံးချိန်းပွဲ၊ မကွေးတိုင်းဒေသကြီးတွင် ထောင့်ချပွဲဟု ခေါ်ကြသည်။ ဒေသအလိုက် အခေါ်အဝေါ် ကွဲပြားကြသော်လည်း လှေတစ်စီး၊ တန်းပိုက်တစ်စုံဖြင့် စုပေါင်းငါးဖမ်းကြခြင်းမှာ အတူတူပင်ဖြစ်သည်။ ရေလုပ်သားအများ စုပေါင်းဆောင်ရွက်ခြင်း၊ အပြိုင်အဆိုင် ငါးဖမ်းခြင်း၊ ပျော်ပျော်ရွှင်ရွှင် ငါးဖမ်းခြင်းဖြင့် ရေလုပ်သားငယ်တို့၏ စည်းလုံးညီညွတ်ခြင်း၊ ပေါင်းစည်းခြင်းကို ပြသသော ငါးဖမ်းပွဲ ဖြစ်သည်။

ငါးဖမ်းပွဲမတိုင်မီတွင် မြစ်များ၊ ချောင်းများအတွင်းရှိ ဂရန်အင်းနှင့် တင်ဒါငါးဖမ်းကွက်များတွင် မြစ်ရေ၊ ချောင်းရေကျချိန် အင်းလုံးပေါ်ပေါက်သည့်နေရာ၊ မြစ်ကျိုးအင်း၊ မြစ်ထောင့်၊ ရေသာကွက်များကို ယင်းလိပ်၊ ယင်းတားပိုက်များဖြင့် ကာရံပြီး ငါးများကို အစာကျွေးပြုစုထားကြသည်။ ထို့နောက် အနယ်နယ်အရပ်ရပ်မှ ရေလုပ်သားများကိုဖိတ်ကြားပြီး ရေလုပ်သားအများ စုပေါင်းပြီး ငါးဖမ်းကြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်မြို့နယ်မှ ရေနံချောင်းရွာနှင့် ခနောင်တိုရွာ၊ ညောင်တုန်းမြို့နယ်မှ စက္ကော့ကျေးရွာနှင့် ရွှေဒင်္ဂါးကျွန်းရွာ၊ ပန်းတနော်မြို့နယ်မှ ကဇွန်းတောရွာ၊ ခနုဖြူမြို့နယ်မှ ကျွန်းကလေးရွာ၊ ဇလွန်မြို့နယ်မှ ချောင်းကြီးရွာ၊ ဒေါင့်ကြီးရွာ၊ သဖန်းကုန်းရွာ၊ ကျုံရှလက်ပံဇင်ရွာနှင့် သက္ကယ်ကျွန်းရွာတို့တွင် စုပေါင်းငါးဖမ်းပွဲများ ကျင်းပလေ့ရှိကြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း စုပေါင်းငါးဖမ်းပွဲသည် အင်းများမှ ငါးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် Culture Based Capture Fisheries စနစ်တကျ ငါးမွေးမြူဖမ်းဆီးသည့် စနစ်ကောင်းတစ်ခု (Culture Based Capture Fisheries) လည်း ဖြစ်သည်။

အင်းကိုလေလံဆွဲဝယ်ရရှိသော အင်းသားကြီးသည် မြစ်ရေ၊ ချောင်းရေ တက်ချိန်မှစတင်ပြီး အင်းလုံးပေါ်ပေါက်မည့် နေရာ၊ ရေသာကွက်ပေါ်ပေါက်မည့်နေရာများကို ခန့်မှန်းပြီး ပဲဖတ်၊ နှမ်းဖတ်များကို မီးဖုတ်ကာ အခွေလိုက် အင်းလုံးကြမ်းပြင်တွင် နေရာအနှံ့ချထားလေ့ရှိကြသည်။ နီးစပ်ရာ ငါးလုပ်ငန်း သားဖောက်စခန်းများမှ ငါးမြစ်ချင်း၊ ငါးကြင်း စသည့်ငါးမျိုးများ ဝယ်ယူမျိုးစိုက်ထည့်ကြပြီး ဧရာဝတီမြစ်အတွင်းရှိ သဘာဝငါးမျိုးများဖြစ်သော ငါးကြင်း၊ ငါးဟင်းငံ၊ ငါးမြင်းရင်း၊ ငါးတန်၊ ငါးကြောင်းနှင့် ငါးငယ်များကို အစာကျွေးပြုစုထားကြသည်။ အင်းသားကြီးများသည် မြစ်ရေကျချိန်တွင် မြစ်ထောင့်များကို အထက်အောက် ယင်းတားပိုက်ဖြင့် ကာရံပြီး ငါးများကြီးထွားလာစေရန် အစာခြင်း၊ အစာတိုင်များဖြင့် ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်များကို နံနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ် အစာကျွေးပြုစုစောင့်ရှောက်လေ့ရှိကြသည်။

ထို့နောက် စုပေါင်းငါးဖမ်းပွဲမကျင်းပမီ ၁၅ ရက်ခန့်ကြိုတင်၍ အနယ်နယ်အရပ်ရပ်ရှိ ရေလုပ်သားခေါင်းဆောင်များထံ မိမိအင်းအတွင်း ငါးကြီးငါးကောင်းများ ပေါများကြောင်း ဖိတ်စာဖြင့် ဖိတ်ကြားခြင်း၊ အသံချဲ့စက်ဖြင့် ကြေညာခြင်းများ ပြုလုပ်လေ့ရှိသည်။

စုပေါင်းငါးဖမ်းပွဲကျင်းပမည့်နေ့ နံနက်ပိုင်းတွင် ရေလုပ်သားအများစု ရောက်ရှိလာကြ၍ အင်းအတွင်း ငါးပေါများမှုအခြေအနေကို လေ့လာပြီး အင်းသားကြီးနှင့် တွေ့ဆုံကာ ငါးဖမ်းရမည့် စည်းကမ်းချက်များ၊ ငါးဖမ်းရမည့် အကွာအဝေး (မဲတိုင်အကွာအဝေး)၊ ငါးဖမ်းခွင့်ရမည့်ရက်၊ ငါးဖမ်းခွင့်ဈေးနှုန်းများကို (ရေလုပ်သားတို့၏ အခေါ်အဝေါ်)မဲရုံတွင် ညှိနှိုင်းဆွေးနွေးပြီး သဘောတူပါက ငါးဖမ်းမည့် ရေလုပ်သား၊ လှေစာရင်းကို ပေးသွင်းရသည်။

ညနေ ၄ နာရီတွင် စာရင်းပိတ်ပြီး မိမိငါးဖမ်းရမည့် မဲတိုင်နေရာကို မဲနှိုက်၍ မိမိမဲတိုင်နံပါတ်ရှိရာနေရာသို့ အသာအယာ လှေလှော်ခတ်ပြီး စည်းကမ်းရှိစွာ သွားလာရသည်။ မဲတိုင်အကွာအဝေးကို အတောင် ၂၀ သို့မဟုတ် ၂၅ တောင် သတ်မှတ်လေ့ရှိကြသည်။ ရေနက်အိုးကောင်းပြီး မြစ်ထောင့်ကျယ်ပါက တစ်နေ့လျှင် လှေအစင်း ၁၅၀မှ ၂၀၀ အထိ ခွင့်ပြုလေ့ရှိသည်။ မဲတိုင်များသို့ ရေလုပ်သားများရောက်ရှိပါက ညနေ ၅ နာရီခန့်တွင် အသံချဲ့စက်မှ အိုးစည်သီချင်း စတင်ဖွင့်လျှင် ဖွင့်ချင်း မိမိမဲတိုင်မှ ငါးဖမ်းလှေများ စတင်ထွက်ခွာကာ တန်းပိုက်များကို အခြားတစ်ဖက်ကမ်းသို့ သူ့ထက်ငါ အပြိုင်အဆိုင် ရေထဲသို့ ငါးဖမ်းပိုက်ချပြီး ငါးဖမ်းကြသည်။ (ယခင်က သေနတ်သုံးချက်ဖောက်ခြင်း၊ မဂ်လာမောင်းတီးခြင်း၊ ကွဲချိုများမှုတ်ခြင်း၊ ခရာမှုတ်ခြင်း၊ အမှတ်အသားပြအလံများ ဝှေ့ယမ်းခြင်းတို့ကိုပါ ပြုလုပ်လေ့ရှိသည်။)

> အင်းများမှ ငါးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စနစ်ကောင်းတစ်ခုလည်းဖြစ် . . .

စုပေါင်းငါးဖမ်းပွဲတွင် ငါးကြင်း၊ ငါးဟင်းငံ၊ ငါးပတ်၊ ငါးကြောင်း၊ ငါးမြစ်ချင်း၊ ငါးမြင်းရင်း၊ ပုစွန်တုပ်၊ ငါးဖယ် အစရှိသော နိုင်ငံခြားဈေးကွက်ဝင် ငါးကြီးငါးကောင်းများ ရလေ့ရှိကြသည်။ ငါးဖမ်းပွဲတွင် ငါးဒိုင်များကလည်း ဖမ်းဆီးရမိသောငါးများကို ဝယ်ယူရန် လာရောက်စောင့်ဆိုင်းနေကြသည်။ ရေလုပ်သားများသည် ဖမ်းဆီးရရှိသော ငါးကြီး ငါးကောင်းများကို ငါးဒိုင်များထံသို့ ချက်ချင်းရောင်းချပြီး ဝင်ငွေကောင်းသောကြောင့် ထိုအချိန်တွင် ရေလုပ်သား မိသားစုများ ပျော်ရွှင်နေကြသည်ကို မြင်တွေ့ရလေ့ရှိသည်။

ငါးဖမ်းပိုက်တွင် တွယ်ငြိကာ လူးလွန့်ရုန်းကန်နေသော ငါးကြီးများ၊ ရေလုပ်သားများ၊ ငါးဒိုင်များ၊ ငါးလာရောက်ဝယ်ယူသူများ၊ လာရောက်ကြည့်ရှုသူများဖြင့် စုပေါင်းငါးဖမ်းပွဲဆင်နွှဲချိန် နေဝင်ဆည်းဆာသည် စိတ်ဝင်စားဖွယ် မြင်ကွင်းတစ်ခုအဖြစ် အသက်ဝင်လျက်ရှိနေပါတော့သည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပိတောက်ရိပ်မွန်၊ နှစ်ခန်းတွဲလေးထပ်တိုက်၊ အဆောက်အအုံအမှတ် Q၊ အခန်းအမှတ် ၄၊ နေအိမ်တိုက်ခန်းနှင့် တွယ်ကပ်တပ်ဆင်ထားသည့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမွေဆက်ခံခွင့်ရှိပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောပြဝန်ခံ၍ ရောင်းချသူ ဒေါ်ရီရီမျိုး ၁၂/အစန(နိုင်)၁၂၂၉၇နှင့် ဒေါ်သိန်းသိန်းလွင် DI-၀၁၇၃၄၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါနေအိမ်တိုက်ခန်းနှင့်ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသောတရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မျိုးညွန့်(စဥ်-၂၂၀၀၆)
အထက်တန်းရှေ့နေ
အမှတ် ၃၅၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၅၁၃၇၇၃

ဇနီးအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း

ကျွန်တော်၏ဇနီး မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ကျိုက်ဖနဲနယ်မြေ၊ သုတလမ်း၊ အမှတ် (၄၄/အေ)နေ ဦးတင်ဖေ၏သမီး ဒေါ်သီသီအေး ၁၀/မလမ(နိုင်)၁၆၁၁၄၁ နှင့် ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မောင်အောင်သန်း ၁၀/မလမ(နိုင်)၁၄၄၃၆၉

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော် တပ်ကုန်းရှိ)
8 Camera OB Van Cargarage
တည်ဆောက်မည့်လုပ်ငန်းဆောင်ရွက်ရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (နေပြည်တော်၊ တပ်ကုန်း)ရှိ ဝင်းအတွင်းတွင် 8 Camera OB Van Cargarage (60' x 40' x 20)Size အား တည်ဆောက်မည့်လုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများကို ပြည်တွင်းသုံး ငွေ(ကျပ်)ဖြင့် တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) 8 Camera OB Van Cargarage (60' x 40 'x 20) Size
(ခ) Air Con System ပါဝင်ရမည်။
(ဂ) မီးလုပ်ငန်း၊ ရေလုပ်ငန်းပါဝင်ရမည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၁-၁-၂၀၁၅ ရက်မှ ၃၀-၁-၂၀၁၅ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၆-၂-၂၀၁၅ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၃၇၇

ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အထက (ကော့ခမယ်)၊ အဋ္ဌမတန်း(C)မှ မောင်မြတ်မင်းသူ၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ဖြစ်ပါကြောင်း။

ဦးမြင့်လွင် ၁၄/မမက(နိုင်)၁၂၉၇၈၆

ခင်ပွန်းအဖြစ်မသက်ဆိုင်ပါကြောင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဦးစိုးလွင်၏သမီး ဒေါ်ညိုညိုလွင် ၁၄/ပသန(နိုင်)၀၄၁၃၈၄ နှင့် ၎င်း၏ခင်ပွန်း ဦးချုမင်း၏သား ဦးမြင့်ဌေး(ခ)ဦးခင်ဌေး ၁၄/မမန(နိုင်)၁၄၂၉၅၁ အမှတ် ၁၇၊ အောင်ချမ်းသာ (၂)လမ်း၊ ၈ရပ်ကွက်၊ မြောင်းမြမြို့တို့သည် လွန်ခဲ့သည့် (၇) နှစ်ခွဲခန့်မှစ၍ လင်ခန်း၊မယားခန်း လုံးဝအဆက်အသွယ် မရှိတော့ပါ။ဦးမြင့်ဌေး(ခ)ဦးခင်ဌေး အနေဖြင့် ကျွန်ုပ်၏အမှုသည်နှင့်သားဖြစ်သူတို့အားလည်း ပေးကမ်းထောက်ပံ့မှု မရှိသည်မှာ (၇)နှစ်ခွဲခန့်ရှိပြီ ဖြစ်ပါသည်။ကျွန်ုပ်၏အမှုသည်က ဦးမြင့်ဌေး(ခ)ဦးခင်ဌေးအား ခင်ပွန်းအဖြစ် စွန့်လွှတ်လိုက်ပြီဖြစ်၍ ဦးမြင့်ဌေး(ခ)ဦးခင်ဌေး သည် ကျွန်ုပ်အမှုသည်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း သိစေအပ်ပါသည်။

ဦးမြင့်ဌေး(ခ)ဦးခင်ဌေးအနေဖြင့် ကျွန်ုပ်၏အမှုသည်အား စိတ်အနှောင့်အယှက်ဖြစ်အောင် မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးမြင့်ဌေး(ခ)ဦးခင်ဌေးနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ညိုညိုလွင်၏ ညွှန်ကြားချက်အရ-
ဦးမြင့်ဆွေ LL.B(Advocate)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၉၅)
၁၂၇၊ တပင်ရွှေထီးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့

မည်သို့မျှမသက်ဆိုင်ကြောင်း

မောင်လေးမြင့်(ဘ)ဦးမြင့်ဆွေ ၁၂/စခန(နိုင်)၀၅၅၇၇၂ သည် ခွင့်မလွှတ်နိုင်သောကိစ္စများကို အကြိမ်ကြိမ်ကျူးလွန်ပြီး မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ၎င်းနှင့်မည်သို့မျှ မသက်ဆိုင်ပါကြောင်း။ ၎င်းကျူးလွန်ခဲ့သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဦးဥာဏ်မြင့်-ဒေါ်တင်တင်ဝင်း

တရားမဝင်တင်သွင်းလာသော ဘီယာနှင့် ရေသန့်ဘူးများ သိမ်းဆည်းရမိ

ကျိုင်းတုံ ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့မှ ကျိုင်းတုံသို့မောင်းနှင်လာသော Canter အမျိုးအစားနှင့် Isuzu Mini Bus အမျိုးအစား မော်တော်ယာဉ်နှစ်စီးပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ဘီယာများနှင့် FDA ထောက်ခံချက်မရှိသော ရေသန့်ဘူးများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၆ သိန်းကျော်ဖိုး သိမ်းဆည်းရမိကြောင်း တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့(ကျိုင်းတုံ)မှ သိရသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ (ကျိုင်းတုံ) မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းမောင် ဦးစီးသော Mobile Team အဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် ညနေက ကျိုင်းတုံမြို့နယ် နောင်ဖာကျေးရွာထိပ်တွင် တရားမဝင်ကုန်သွယ်မှုပြုသော ယာဉ်များကို စောင့်ဆိုင်းရှာဖွေစဉ် ည ၇ နာရီ ၄၅ မိနစ်တွင် မိုင်းယန်းမှ ကျိုင်းတုံသို့မောင်းနှင်လာသော Canter အမျိုးအစား ယာဉ်ပေါ်တွင် King Star Beer အမျိုးအစားတစ်ဖာလျှင် ၁၂ ပုလင်းပါ ၅၇၂ ဖာ၊ ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၂၀ ငါးသောင်းကျော်ဖိုးကို စစ်ဆေးတွေ့ရှိခဲ့ပြီး Isuzu Mini Bus အမျိုးအစား ခရီးသည်တင်ယာဉ်ကို စစ်ဆေးရာ FDA (အစားအသောက်နှင့် ဆေးဝါးကွတ်ကဲရေးဌာန)၏ ထောက်ခံချက်မပါရှိသော ရေသန့်ဘူး တစ်ဖာလျှင် ၂၄ ဘူးပါ ၂၄၀၊ ခန့်မှန်းတန်ဖိုး ငါးသိန်းခုနစ်သောင်း ကျော်ဖိုးကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ပြီး ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရ သည်။ **မောင်မောင်နိုင်(iprd)**

မြို့နယ်တိုင်းရင်းဆေးကုဌာနသစ်ကြောင့် ဝေဒနာရှင်များအား ပိုမိုကုသနိုင်မည်

ဇီးကုန်း ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက်အတွင်း ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ နိုင်ငံတော်ခွင့်ပြုငွေကျပ် သိန်း ၂၀၀ ဖြင့် မြေအကျယ်ပေ ၆၀ နှင့် ပေ ၈၀ ကျယ်ဝန်းသော မြေကွက်လပ်၌ မြို့နယ်အဆင့် တိုင်းရင်းဆေးကုဌာနကိုတည်ဆောက်ရာ ယခုအခါ ပြီးစီးနေပြီဖြစ်သည်။

ပင်မအဆောက်အအုံအပြင် ဝန်ထမ်းအိမ်ရာကို ဆက်လက်တည်ဆောက်ရန် ပြင်ဆင်လျက်ရှိသည်။ ထိုကဲ့သို့ ကိုယ်ပိုင်မြေနေရာဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကို ဆောင်ရွက်ခွင့်ရရှိတော့မည်ဖြစ်ခြင်းကြောင့် ပိုမိုဆေးကုသခြင်းဖြင့် ဝေဒနာရှင်များအား ကုသပေးနိုင်မည်ဖြစ်ကြောင်း တိုင်းရင်းဆေးကုဌာနဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ မြန်မာတိုင်းရင်းသမားတော် သိပ္ပံဦးမင်းလွင်က ပြောကြားသည်။ **ကိုသက်(ဇီးကုန်း)**

မြစိမ်းရောင်ကော်မတီဝင်များအား သင်တန်းပို့ချ

သပိတ်ကျင်း ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာများအနက် ရေညာဦးကျေးရွာအုပ်စုမှ ရေညာဦးကျေးရွာအား မြစိမ်းရောင်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များအား မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက်သည့် စီမံကိန်းရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းမင်းနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တွင် သင်တန်းပို့ချခဲ့သည်။

ရေညာဦးကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း စတင်ဆောင်ရွက်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီကို ဇန်နဝါရီ ၉ ရက်က မဲစနစ်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီဝင်များအား စီမံကိန်းဆိုင်ရာများ သင်တန်းပို့ချခြင်းဖြစ်သည်။ ရေညာဦးကျေးရွာသည် မန္တလေး-မိုးကုတ်လမ်းမကြီးဘေး ၂ မိုင်ခန့်အကွာတွင်ရှိပြီး သပိတ်ကျင်းမြို့နှင့် ၃၂ မိုင်ခန့် ကွာဝေးသည်။ ဒေသခံအများစုမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြပြီး မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ရန် ငွေကျပ် သိန်း ၃၀၀ ရရှိသဖြင့် ရင်းနှီးငွေများ ရရှိနိုင်တော့မည်ဖြစ်သည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

ဘွဲ့ရလူငယ်များအတွက် လုပ်ငန်းခွင်ကြိုသင်တန်းဖွင့်

ဇီးကုန်း ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့တွင် ဘွဲ့ရလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေမည့် လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် နေကြယ်ဦးကုမ္ပဏီများအုပ်စု ပရဟိတလုပ်ငန်းက ဇန်နဝါရီ ၂၀ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် နေကြယ်ဦးကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ သင်တန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး သင်တန်းတွင် လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဘာသာရပ်များကို ရန်ကုန်မြို့မှ ပါမောက္ခဆရာကြီး ဆရာမကြီးများက လာရောက် ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော်ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ (၇၇) တောရတပ်ဦးကျောင်းတိုက်၏ပဓာနနာယက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏နာယက ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အောင်ဆန်းဆရာတော်ထေရ်ရှင်မြတ်အား Naresuan University မှ ဂုဏ်ထူးဆောင် (Doctor of Philosophy) ဘွဲ့တံဆိပ်ဆက်ကပ်ပူဇော်ခံရခြင်းအတွက် အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ(၇၇) အကျိုးဆောင်အဖွဲ့၊ အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၊ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ၁၃၇၆ ခုနှစ် တပို့တွဲလဆန်း ၆ရက်၊ ၂၅-၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့)နံနက် ၀၈း၀၀ နာရီအောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ(၇၇) တောရတပ်ဦးကျောင်းတိုက်ကြီးတွင် ဂုဏ်ပြုပူဇော်မည်ဖြစ်ပါ၍ ကြည်ညိုနိုင်ပါရန်တပည့်ဒါယကာ၊ ဒါယိကာမများကို လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဂုဏ်ပြုပူဇော်ပွဲကျင်းပရေးအကျိုးဆောင်အဖွဲ့
ဖုန်း-၀၁-၆၄၅၇၉၇၊ ၀၉-၅၁၃၃၁၀၂၊ ၀၉-၅၁၅၉၁၄၄၊ ၀၉-၈၆၂၆၅၂၂

အမည်ဖြည့်စွက်ခြင်း

မော်လမြိုင်မြို့နယ်၊ မုပွန်ရပ်ကွက်နေ ဦးရွှေမန်းမောင်၏သား မောင်ပေါ်ဦးမောင် ၁၀/မလမ(နိုင်)၂၂၄၃၆၃အား မောင်ပေါ်ဦးမောင်(ခ)မောင်ပြည့်စုံအောင်ဟု ထပ်မံဖြည့်စွက်ခေါ်ပါရန်။

မောင်ပေါ်ဦးမောင်(ခ)မောင်ပြည့်စုံအောင်

ဒေါ်ခင်မိမိကြီး(ခ)တီချယ်ကြီး ၁၂/စခန(နိုင်)၀၁၀၉၇၁ အမှတ် ၆၀၊ မြေညီထပ်၊ ၉၄ လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ သိစေရန်

ဒေါ်ခင်မိမိကြီး(ခ)တီချယ်ကြီးသည် ဦးညွန့်လွင်(ခ)ဦးမောင်မောင်နှင့် ဦးညွန့်လွင်၏သား ဦးမင်းထွဋ်လွင်တို့အမည်ဖြင့်ရှိသည့် ချက်စီနံပါတ် V 46-4401257 ခိုပြာရောင်မော်တော်ယာဉ်အား တန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀/- (ကျပ်သိန်းနှစ်ရာ့လေးဆယ်တိတိ)ဖြင့်လည်းကောင်း၊ ချက်စီနံပါတ် V 460 WJ001100 ရွှေအိုရောင်မော်တော်ယာဉ်အား တန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀/- (ကျပ်နှစ်ရာသုံးဆယ့်ငါးသိန်းတိတိ)ဖြင့်လည်းကောင်း၊ ချက်စီနံပါတ် V 46-4314362 BLUE/ GRAY မော်တော်ယာဉ်အား တန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ရာ့သုံးဆယ်တိတိ) ဖြင့်လည်းကောင်း၊ ချက်စီနံပါတ် KZN 185-0014211 အစိမ်းရောင်ဆာ့ဖ်မော်တော်ယာဉ်အား တန်ဖိုး ငွေကျပ် ၂၂၀၀၀၀၀၀/-(ကျပ်သိန်းနှစ်ရာ့နှစ်ဆယ်တိတိ)ဖြင့်လည်းကောင်း လွှဲပြောင်းရောင်းချပေးမည်ဟု ယုံကြည်အောင်ပြောဆိုခဲ့သဖြင့် ဦးညွန့်လွင်မှ ဒေါ်ခင်မိမိကြီး(ခ)တီချယ်ကြီးကို ယုံကြည်ပြီး ဖော်ပြပါမော်တော်ယာဉ်လေးစီးကို ၂၀၁၃ ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင်ပေးအပ်ခဲ့သဖြင့် ဒေါ်ခင်မိမိကြီး(ခ)တီချယ်ကြီးမှ ရယူသွားခဲ့ကြောင်း သိရှိရပါသည်။

ဒေါ်ခင်မိမိကြီး(ခ)တီချယ်ကြီးသည် ဦးညွန့်လွင်ထံမှ ရယူသွားခဲ့သည့် မော်တော်ယာဉ်လေးစီးအား လွှဲပြောင်းရောင်းချလိုက်ပြီးဖြစ်သော်လည်း ချက်စီနံပါတ် V 46- 4314362 BLUE/ GRAY မော်တော်ယာဉ်အတွက် ငွေကျပ် ၈၀၀၀၀၀၀/-(ကျပ်သိန်းရှစ်ဆယ်တိတိ)ကိုသာ ပေးသွင်းပြီး ထိုမော်တော်ယာဉ်၏ ကျန်ငွေကျပ် ၁၅၀၀၀၀၀၀/- (ကျပ်သိန်းတစ်ရာငါးဆယ်တိတိ)ကိုသော်လည်းကောင်း၊ ကျန်မော်တော်ယာဉ်သုံးစီးအတွက် ငွေကျပ် ၆၉၅၀၀၀၀၀/- (ကျပ်ခြောက်ရာကိုးဆယ့်ငါးသိန်းတိတိ)ကိုသော်လည်းကောင်း ယခုတိုင် ဦးညွန့်လွင်ထံသို့ ပေးချေခြင်းမရှိသေးဘဲ ရှောင်တိမ်းလျက်ရှိနေကြောင်း သိရှိရပါသည်။

ထို့ကြောင့် ဒေါ်ခင်မိမိကြီး(ခ)တီချယ်ကြီးမှ ဦးညွန့်လွင်ထံသို့ ပေးချေရမည့် ငွေကျပ် စုစုပေါင်း ၈၄၅၀၀၀၀၀/-(ကျပ်ရှစ်ရာလေးဆယ့်ငါးသိန်းတိတိ)ကို ၂၅-၁-၂၀၁၅ရက် နောက်ဆုံးထား၍ အပြေအကျေပေးအပ်ပါရန်တောင်းဆိုလိုက်ပါသည်။ အဆိုပါငွေများကို ဒေါ်ခင်မိမိကြီး (ခ)တီချယ်ကြီးမှ ပေးအပ်ခြင်းမပြုပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးညွန့်လွင်(ခ)ဦးမောင်မောင်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းထိုက် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၇)
အမှတ် ၅၈/၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၂၈၁၆၁

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁ ထူပါရုံ၊ မြေကွက်အမှတ် ၁၂၈၂၊ မြေကွက်တည်နေရာအမှတ် ၁၂၈၂၊ ထူပါရုံ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးခင်ညို) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်ညို(ဖခင်)နှင့် ဒေါ်ခင်ကြည် (မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးကျော်မြင့် ၁၂/သကတ(နိုင်) ၀၉၃၅၀၇၊ (၂)ဦးမောင်သောင်း ၁၂/သကတ (နိုင်)၀၉၉၉၈၈၊ (၃)ဒေါ်သန်းသန်းအေး ၁၂/ သကတ(နိုင်)၀၉၃၉၉၄ တို့မှ သေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုဘုရားလမ်း၊ တိုက်အမှတ် ၁၄၊ နှစ်ခန်းတွဲ(ရှစ်)ထပ်တိုက် အဆောက်အအုံမှ (၁၆ပေ×၇၅ပေ) အကျယ်အဝန်းရှိ ပထမထပ်(ခြေရင်းခန်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင်(စဉ်-၅၇၇၃)	ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄)	ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)
ဒေါ်လွင်မာ(စဉ်-၈၉၀၉)	ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂)	ဒေါ်ဆုမွန်ထက်(စဉ်-၄၁၆၀၁)

တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေများ**

အမှတ်-၅၅(ဒုတိယထပ်)၊ အခန်း ၇၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

[illegible]

ဆောင်းပါး

နှင်းမှုန်ဆင့်ဖျန်း မိုးပွင့်ပန်းနှင့် စိမ်းလန်းစိုပြေ(ပြည်) ကိုရီးယားမြေ

မြင်းမှုမောင်နိုင်မိုး

(ယမန်နေ့မှအဆက်)

"မုန်လာဥနှင့် ဘွားဘွား"

မုန်လာဥအဟုတ်လှအောင်လို့
ကျုပ်ကတော့ စိုက်ပျိုးမယ်။
စိုက်ပြီးရင် ကိုယ်တိုင်ရောင်း
ကောင်းလှပေ့ကွယ်။
ကိုရီးယား ဘွားဘွားရယ်
အားတကယ် ရှိနေတုန်း။
မန္တမ်းပါ ဇရာထောက်တိုင်ပဲ
ပန်းပမာ ကညာတစ်ယောက်လို
ဝမ်းမြောက်ရွှင်ပြုံး။ ။

Harim Poultry Processing Co.,Ltd. ၏ ကြက်သားကုန်ချောထုတ်လုပ်သောစက်ရုံကြီးကို သွားရောက်လေ့လာရသည်မှာလည်း တကယ်ပင်အမှတ်တရ ဖြစ်ပါသည်။ ရှေးဦးစွာ ကြက်ဥမှကြက်သားပေါက်ကလေးဖြစ်လာပုံ၊ ထိုမှအသားထုတ်လို့ရသည့်အရွယ်အထိ အဆင့်ဆင့်ရောက်ရှိသောပုံများကို ဗီဒီယိုမှတ်တမ်းဖြင့် ရှင်းလင်းပြသပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။ အရှင်လတ်လတ်ကြက်ကလေးများကို စက်ကိရိယာများဖြင့် တစ်ဆင့်စီဖြတ်သန်းရင်း မိနစ်ပိုင်းအတွင်း ကြက်ကြော်ဘဝရောက်ရပုံကို မျက်ဝါးထင်ထင်တွေ့မြင်ရသည်။

သေမင်း၏ ခံတွင်း၀ ကြက်သတ်စက်ကြီးထဲသို့ မဆင်းချင်ဘဲ အတင်းရုန်းကန်နေသော်လည်း မူးမိုက်စေသည့် ဆေးရည်များအဖျန်းခံရပြီး ရုန်းရင်းကန်ရင်းမှပင် သမင်းခံတွင်းကို တဖုတ်ဖုတ်ကျဆင်းနေကြရရှာတာမြင်တော့ ရင်ထဲ [illegible]

"သနားလှသည်ပဲ"

သေမင်းရဲ့ခံတွင်း၀
ဆင်းရတဲ့ ကြက်ကလေးတွေ။
အတောင်ပံတဖျတ်ဖျတ်
ခတ်ရင်းသာ ဘယ်လိုရုန်းသော်လည်း
ရုန်းကြရလေ၊
အသက်တွေ
တွက်ရေတော့ ခုနစ်သောင်းခွဲ။
နေ့တိုင်းသည်လိုလိုပဲ
စာဆိုမှာ မြင်မရဲပါဘု
ရင်ထဲမှာ တရားကျ
သနားလှသည်ပဲ။ ။

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ်(၅၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၂/ခ)၊ ပိတောက်ရွှေဝါလမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဦးခင်လှိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်လှိုင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အမာစိန် ၁၂/သကတ(နိုင်)၀၅၄၇၇၆ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၉၁၅၇/၂၀၁၄ ရသူ ဦးအေးမောင် ၁၂/သကတ(နိုင်)၁၁၉၆၉၃ မှ သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁ ထူပါရုံ၊ မြေကွက်အမှတ် ၉၄၉/ခ၊ မြေကွက်တည်နေရာအမှတ် ၉၄၉/ခ၊ ထူပါရုံ ၉ လမ်းအနောက်၊ ၁ရပ်ကွက်၊ သာကေတမြို့နယ်(ဦးဘိုမောင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘိုမောင်(ဖခင်/ယောက္ခထီး)၊ ဒေါ်သန်းကြည်(မိခင်/ယောက္ခမ)၊ သမီးဖြစ်သူ ဒေါ်ခင်ဌေး(ဇနီး)၊ သားများဖြစ်သော (၁) ဦးအေးလွင်၊ (၂) ဦးအေးကြူ၊ (၃) ဦးခင်မောင်ညွန့်(ခင်ပွန်း)တို့ အသီးသီး ကွယ်လွန်ကြသဖြင့် ကျန်သားသမီး၊ သမက်နှင့် ချွေးမတော်စပ်သူများဖြစ်သော (၁) ဦးတင်ရွှေ ၁၂/သကတ(နိုင်)၀၉၈၃၆၄၊ (၂) ဦးသိန်းလွင် ၁၂/သကတ(နိုင်)၀၅၀၈၀၅၊ (၃) ဦးခင်မောင်မြင့် ၁၂/သကတ(နိုင်)၁၀၇၅၈၄၊ (၄) ဒေါ်တင်တင်ထွေး ၁၂/သကတ(နိုင်)၀၅၀၀၅၅၊ (၅) ဦးလှမြင့် ၁၂/သကတ(နိုင်)၀၃၉၉၂၈၊ (၆) ဒေါ်မြင့်မြင့်ကြည် ၁၂/သကတ(နိုင်)၀၉၃၆၉၇၊ (၇) ဒေါ်ခင်ဌေးကြည် ၁၂/သကတ(နိုင်)၀၄၆၅၃၁၊ (၈) ဒေါ်သန်းသန်းမြင့် ၁၂/သကတ(နိုင်)၀၉၃၆၈၂တို့မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆ နောက်၊မြေကွက်အမှတ် ၇၃၃/ခ၊ မြေကွက်တည်နေရာအမှတ် ၇၃၃/ခ၊ ဝေဇယန္တာ ၁၇လမ်းအနောက်၊ ၆/ရပ်ကွက်၊ သာကေတမြို့နယ် ၁။ ဦးဝင်းကြိုင်၊ ၂။ ဒေါ်တင်တင်လှ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်တင်လှ(ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ခင်ပွန်း ဦးဝင်းကြိုင် ၁၂/သကတ(နိုင်)၀၉၆၅၄၀ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/သဘော်ကျင်း)၊ မြေကွက်အမှတ် (က/၂၃၈)၊ မြေကွက်တည်နေရာအမှတ် ၂၃၈၊ ၃လမ်း၊ (၁၄/သဘော်ကျင်း)ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြင့်သိန်း ၁၂/ဒပန(နိုင်)၀၂၁၅၀၆ အမည်ပေါက် နှစ်၆၀မြေအား အမည်ပေါက် ဦးမြင့်သိန်းထံမှ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၇၀၄၆/၁၄) ၂၁-၁၀-၂၀၁၄ ဖြင့်ရရှိသူ ဒေါ်အမာ ၁၂/ဒပန(နိုင်)၀၂၂၀၁၈ ထံမှ GP(၁၄၅၂/၁၄) ၁၅-၁-၁၄ ရရှိသူ ဦးကျော်သိန်း ၁၂/ပဇတ(နိုင်)၀၀၄၅၄၉ မှ ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာတို့တင်ပြ၍ ဂရန်မိတ္တူနှင့် အမည်ပြောင်းလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်(၁၀၉)၊ မြေကွက်တည်နေရာအမှတ် (၁၀၉)၊ (၄၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးညွန့်ဌေး ၁၄/ဝခမ(နိုင်)၀၉၆၀၃၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညွန့်ဌေး တရားရုံးကိုယ်စား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၅၅/၁၄ ၏ ၂၇-၁၀-၂၀၁၄ ရက်စွဲပါစီရင်ချက်၊ တရားမဇာရီမှုအမှတ် ၁၂၀/၁၄ ၏ တရားရုံးနေ့စဉ်မှတ်တမ်းအရ ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့ကို တင်ပြ၍ ဘီလစ်ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉ မှ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်အက်ဥပဒေပုဒ်မ-၁၇၃)
တောင်ကြီးခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၃
ကွယ်လွန်သူ ဦးဝင်းထွန်းနိုင်၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

ဒေါ်ခင်သန်းရွှေ — **လျှောက်သူ**

ကလောမြို့နယ်၊ တောင်လားကျေးရွာအုပ်စု၊ မြင်းဒိုက်ရွာနေ ဒေါ်ခင်သန်းရွှေက ကွယ်လွန်သူ ဦးဝင်းထွန်းနိုင်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ ကလောမြို့နယ် တောင်လားကျေးရွာအုပ်စု၊ မြင်းတိုက်ရွာနေ ၎င်းကွယ်လွန်သူ ဦးဝင်းထွန်းနိုင်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးဝင်းထွန်းနိုင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၁၆ရက် (၁၃၇၆ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ခင်သန်းရွှေ၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းကြွေ
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်အပိုင်း(၅)တိုးချဲ့၊ မြေကွက်အမှတ် (၁၄၂)၊ ဧရိယာ ၁ ဒသမ ၂၆ ဧကကို အမည်ပေါက် ဒေါ်ခင်အေးမြင့် ၁၂/ပဘတ(နိုင်)၀၁၅၁၀၅ထံမှ ဦးကျော်ဝင်း ၁၂/ပဘတ(နိုင်)၀၂၃၁၀၃က စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဦးကျော်ဝင်းမှ ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန





ကြော်ငြာ

(၄)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသန်းဌွေး(ခ)ဦးသန်းဌွေးအောင်

မန်နေးဂျင်းဒါရိုက်တာ၊ တက်သစ်ဝေကုမ္ပဏီ

အသက် (၅၄)နှစ်

ထာဝရကျေးဇူးရှင်ဖခင်ကြီး ဦးသန်းဌွေး (ခ) ဦးသန်းဌွေးအောင် မဖျော့်လင့်ဘဲ မိသားစုနှင့်ခွဲခွာခဲ့သည်မှာ ၂၂-၁-၂၀၁၅ရက်တွင် (၄)နှစ်ပြည့်ခဲ့ပါပြီ။ ဆပ်၍မကုန်နိုင်သော ကျေးဇူးတရားများကို အောက်မေ့သတိရလျက် ဖခင်ကြီး (၄)နှစ်ပြည့်အား ရည်စူး၍ သဒ္ဓမ္မရံသီရိပ်သာ(ရန်ကုန်)တွင် လစဉ်ဆွမ်းလှူဒါန်းခြင်း ဝေဘူဓမ္မရိပ်သာ (ကျောက်ဆည်) ဆွမ်းစားဆောင်ပြုပြင်ရန် လှူဒါန်းခြင်းကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။ မြင့်မြတ်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ-

ဇနီး သက်သက်ဌွေးနှင့် သားသမီးများ

---

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဒုတိယဗိုလ်မှူးကြီးမြင့်ဦး (ငြိမ်း) ကြည်း-၁၁၂၇၂

D.S.A အပတ်စဉ် (၉)

ကျေးဇူးရှင်ဖေဖေ ကွယ်လွန်ခဲ့သည်မှာ ၂၃-၁-၂၀၁၅ ရက်တွင် (၂)နှစ်ပြည့်ပြီ ဖြစ်သော်လည်း နေ့စဉ် လွမ်းဆွတ်သတိရနေဆဲပါ…

ဖေဖေ့ကိုရည်စူးပြီး ပြုလုပ်ပေးနေသော ကုသိုလ်ကောင်းမှုများအား ဖေဖေ အေးချမ်း မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ…

ချစ်ဇနီး ဒေါ်သန်းသန်းနှင့် ချစ်သမီးများ

သမီးကြီး - ဦးစောလင်းနိုင်ဝင်း-ဒေါ်ထားထားနု (ငယ်တာတာ)

သမီးလတ် - ဦးသိန်းသန်းထိုက်-ဒေါ်ဆွေဆွေနု (ငယ်တာတူး)

သမီးငယ် - ဒေါ်ခင်မိုးဖြူ (မွေးတုံး)

ချစ်မြေးများ

ဦးကျင်ဝှက်(ခ)ရှာကင်ဝှက်

အသက်(၈၃)နှစ်

ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ အိမ်ကြီးလမ်း၊ အမှတ်(၂၆)နေ (ဦးအတက်-ဒေါ်ဟင်)တို့၏သား၊ ဒေါ်ကြူကြူလှိုင် (ခ) ရှိုရှုတ်စု၏ခင်ပွန်း၊ ဒေါ်မေစီ-ဦးအောင်ကြီး၊ ဒေါ်မေရီ-ဦးကြည်ဝင်း၊ ဒေါ်မေရှင်-ဦးကိုကိုကြီး၊ Mrs.Kanae-ဦးထင်လင်း၊ ဦးမျိုးကိုကို-ဒေါ်နှင်းနှင်းထွေး၊ ဒေါ်မေသက်ထား-ဦးသက်ချိုတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ မြတ်ရတနာအိမ်ရာ စီမံကိန်း၊ မြေကွက်အမှတ် ၃၇၁၊ အကျယ်အဝန်း (၄၀'×၆၇'၆")နှင့် မြေကွက်အမှတ် ၃၇၂၊ အကျယ်အဝန်းပေ (၃၀'×၆၇'၆")ကို အမည်ပေါက် ဒေါ်ဇင်ဇင်မြင့် ၁၂/သလန(နိုင်)၀၉၆၇၈၇ထံမှ ဒေါ်အေးအေးမြင့် ၁၂/လမန (နိုင်)၀၁၈၂၃၅ က စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဒေါ်အေးအေးမြင့်အမည်ဖြင့် မြေငှားစာချုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှု အပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကြင်စော

အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေးနေ ဦးမျိုးညွန့်ရွှေ-ဒေါ်ခင်သီတာစော (ကောင်းစုံလျှပ်စစ်စတိုး) တို့၏ ချစ်လှစွာသော ဖခင်ဦးကြင်စောသည် ၁၈-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာညွန့်သန်း-ဒေါ်သင်းသင်းစိုး

မြင့်မြတ်တော်ဝင်ဆေးရုံ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးကြည်သောင်း

(ငွေထီးဆောက်လုပ်ရေး)

အသက် (၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးမြမောင်-ဒေါ်တင်မြင့်)တို့၏ဒုတိယသား၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ် ၉၅(ပထမထပ်ဝဲ)နေ ဒေါ်တင့်တင့်ဆွေ (ငွေထီးဆောက်လုပ်ရေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဦး (ဝိဇ္ဇာဂိမ်းဆိုင်)-ဒေါ်လှလှဝင်း၊ ဦးဇော်ဇော်မောင် (Parami Energ)-ဒေါ်နန္ဒာသောင်း (Unilever)၊ ဒေါက်တာလင်းဇော်မျိုး-ဒေါ်စပယ်အောင် (SE 2T Pte Ltd Singa-pore)တို့၏ဖခင်၊ ဦးတင်သန်းဦး (Shangrila)-ဒေါ်ဇင်ဖြူဝင်း၊ မောင်ကောင်းခန့်ကျော် (Eng Major)၊ မညီမီဦး (စ-နှစ် NMC)၊ မောင်ဖြိုးသီဟ၊ မနှင်းဖြူစင်အောင်တို့၏ဘိုးဘိုးကြီးသည် ၂၁-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၅ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

ဒေါ်အေးတုတ်

အသက် (၈၅)နှစ်

မကွေးမြို့၊ အမှတ် (၂၇)၊ ရန်မျိုးနိုင် (၃)လမ်းနေ ဒေါ်လှလှဝင်း၊ ဦးတင်အောင် (ဒုတိယညွှန်ကြားရေးမှူး နေပြည်တော်၊ အားကစားနှင့် ကာယ ပညာဦးစီးဌာန)-ဒေါ်သင်းသင်းလှ၊ စက်ဆရာ ဦးငယ်လေး-ဒေါ်ခင်သန့်ဇင် တို့၏မိခင် ဒေါ်အေးတုတ် အသက် (၈၅)နှစ်၏ ၁၉-၁-၂၀၁၅ရက် (တနင်္လာနေ့)တွင် သဂြိုဟ်ရာ၌ လိုက်ပါပို့ဆောင်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်အေး

အသက် (၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိ (၁)လမ်း၊ အမှတ် (၁၆၃)နေ ထာဝရအေးချမ်းကုမ္ပဏီလီမိတက်၊ မန်နေးဂျင်း ဒါရိုက်တာဦးမြင့်စိုး- ဒေါ်စန်းစန်းမြင့် Aye Chan Group (ရေယာဉ်လုပ်ငန်း) တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်အေးသည် ၁၈-၁-၂၀၁၅ ရက်တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MR KEN & FAMILY (TAIWAN) **ဦးခင်မော်**

MR KAO & FAMILY (TAIWAN) **(မြင့်မော်ထွန်းမိသားစု)**

CPC Lubricants

TUO (Myanmar) Co., Ltd.

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈-ယူ ၉)၊ မြေကွက်အမှတ် (၆၀)၊ မြေကွက်တည်နေရာအမှတ် (၆၀)၊ အောင်မေတ္တာလမ်း၊ (၄၈)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (ဒေါ်နွယ်နွယ်ဝင်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်နွယ်နွယ်ဝင်း တရားရှုံးကိုယ်စား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၃၅၇/၁၄ ၏ (၁၉-၉-၂၀၁၄)ရက်စွဲပါ စီရင်ချက် တရားမဇာရီမှုအမှတ် ၁၅၃/၁၄ နှင့် ဘိလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ ဘိလစ် ဒေါ်မင်းမင်းကြိုင် ၉/ခမစ(နိုင်)၀၀၄၆၂၁ မှ အမည်ပေါက်(တရားရှုံး)ကိုယ်စား အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဦးဟိန်းကျော်

အသက် (၆၈) နှစ်

ဆရာဦးဟိန်းကျော် (Halpin Group) သည် (၁၄-၁-၂၀၁၅) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

Halpin Group

ကျေးဇူးအထူးတင်ရှိပါကြောင်း

ဒေါ်နီနီယဉ် ထွေ/အုပ်(ငြိမ်း)

အသက် (၇၄)နှစ်

၁၆-၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားသော ဒေါ်နီနီယဉ်(ငြိမ်း) ထွေ/အုပ် အသက် (၇၄)နှစ်အား နာမကျန်းစဉ်မှစ၍ ရက်လည်ဆွမ်းကျွေးသည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ညောင်တုန်းမြို့နယ်အသင်းမှ အမှုဆောင်များနှင့် အသင်းသူ အသင်းသားများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ် ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊အမှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁	ကန်ထရိုက်တာဦးဘခင် LC -၁၇ ၁၂/မဂတ(နိုင်)၀၇၉၉၅၄ ဦးခင်မောင်သန်း ၁၂/မဂတ(နိုင်)၀၈၂၄၃၄ (မှ) ဦးရဲမြတ်သူ(ခ)နေဇင်အောင် MGDN -၀၇၂၆၅၀ (မှ)	ဒေါ်ရဇီးယားဘာနူ ၁၂/ပဘတ(နိုင်)၀၁၁၀၆၃	အမှတ်(၁၄၅)၊ ၆ လွှာ(ဘီ) (၂၉)လမ်း၊ ပန်းဘဲတန်းမြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၂၇၈

ဒေါ်အေးအေးမြင့်
[ကွယ်လွန်သူ ဦးကျင်ဝင်း(ခ)
ဦးကြည်ဝင်း၏တရားဝင်ကိုယ်စားလှယ်]
(၄င်း၏ကိုယ်စားလှယ်စာရသူ ဦးတင်စိန်)

နှင့်

၁။ မြမင်းမော်(ရင်းနှီးမြှုပ်နှံမှုအဖွဲ့) ကုမ္ပဏီလီမိတက် (၄င်း၏အုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာမျိုးအောင်)
၂။ ဒေါက်တာမျိုးအောင်
၃။ ဦးစံလင်း
၄။ ဒေါ်လှလှနွယ်

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၆၈၇တွင် ရရှိခဲ့သော ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းစာရင်းကို ၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံတင်ဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကတရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

<u>ပစ္စည်းစာရင်း</u>

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ ကမာရွတ်၊ မြေကွက်အမှတ် (၄၆/က) ဧရိယာ ၀ဒသမ ၀၅၄ ဧကရှိ မြေပိုင်မြေဟုခေါ်တွင်သော အမှတ် ၁၇၃၊ ၅၃ လမ်းသွယ်၊ သုခလမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်ရှိ မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀၀

<u>ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ</u>

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းချက် အချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီ၁၉ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်နှင်းဦး)

ခရိုင်တရားသူကြီး

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာကျော်ဖုန်းလှိုင် (B.V.Sc) (Yezin)

အသက် (၄၀)

မန်နေဂျာ ဒေါက်တာကျော်ဖုန်းလှိုင်(မော်လမြိုင်)သည် ၁၉-၁-၂၀၁၅ ရက် (တနင်္လာနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Myanmar C.P Livestock Co., Ltd.

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် ၁၅၈၊ မြေကွက်တည်နေရာအမှတ် ၄၂၊ ယုဝလမ်း၊ (ခ) ရပ်ကွက်၊ (ဦးဘီဂျိုက်နန်း)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် (ဦးဘီဂျိုက်နန်း) ကွယ်လွန်သဖြင့် ဒေါ်ရာချ်ကလီ ၁၂/သဃက(နိုင်)၁၄၁၇၀၃ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၂)၊ မြေကွက်အမှတ် (၁၄/ခ)၊ မြေကွက်တည်နေရာအမှတ် (၇၉၆)၊ ရတနာလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ် (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)အမည်ပေါက် အစိုးရမြေအား ဒေါ်စန်းရီ ၁၂/သဃက(နိုင်)၀၆၇၂၆၃ က အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

၁၉၉၃-၁၉၉၅ ခုနှစ် ရန်ကုန်တက္ကသိုလ် (မန္တလေးဆောင်) (ဒဂုံဆောင်) ဘူမိဗေဒကျောင်းသားဟောင်း ကိုကျော်ကျော်နိုင်သည် ၁၇-၁-၂၀၁၅ ရက်တွင် ဟသ်ာတမြို့၌ ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ လှူဒါန်းမှုအစုစု အတွက် ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

၁၉၉၃-၁၉၉၅ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်

ဘူမိဗေဒကျောင်းသားဟောင်းများ

အမည်ပြောင်း

ဦးအောင်နိုင် ၁၂/ရပသ(နိုင်)၀၂၁၄၀၆ ၏သား မောင်မင်းဆက်ပိုင် ၁၂/သဃက(နိုင်)၁၈၀၁၇၀ကို မောင်မင်းပိုင်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းပိုင်ဟိန်း

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်ဟန်-ဒေါ်မြမြသူတို့၏ဖခင်ကြီး ဦးကျော်မြင့်(ကြို့ပင်ကောက်) အသက်(၉၁)နှစ်သည် ၁၉-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်စိုး (ကျန်းမာရေးမှူး၊ ငြိမ်း)
အသက်(၈၅)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက် ၁၀၂နေ ဒေါ်စောညွန့်၏ခင်ပွန်း၊ ဒေါက်တာသန့်ဇင်(ပါမောက္ခ၊ သတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်)-ဒေါ်ခင်စန်းဖြူတို့၏ဖခင်သည် ၁၅-၁-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ(ဌာနမှူး)၊ ပါမောက္ခနှင့် ဆရာ/ဆရာမများ
သတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
Romanus ဦးပင့်ကို
တိုင်းမင်းကြီး (ငြိမ်း)

ဗဟိုကော်မတီဝင်၊ ကရင်ပြည်သူ့ပါတီသည် ၁၉-၁-၂၀၁၅ရက် နံနက် ၆း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ ဦးစောထွန်းအောင်မြင့်နှင့်
(ဗဟိုကော်မတီဝင်များ၊ ပါတီဝင်များ)

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အဘွား(ခ)ဒေါ်မြရီ (ကျောက်တံခါး)
အသက်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ ဈေးပိုင်းရပ်ကွက်၊ ဒဂုံမန်းလမ်းနေ (ဦးကန်တောင်ဝှမ်-ဒေါ်ဘီကြူး)တို့၏သမီး၊ (ဦးကျော့ရှင်း)၏ဇနီး၊ ဦးလှမြင့်-ဒေါ်ကောက်ပို့(OK အမိန့်ရအပေါင်ဆိုင်)၊ ကညွတ်ကွင်းမြို့၊ဈေးအရှေ့လမ်းနေ ဦးလှတင့်-ဒေါ်မြင့်ရီ (OK စက်ဘီး၊ ဆိုင်ကယ်ရောင်းဝယ်ရေး)၊ ကျောက်တံခါးမြို့၊ ကွင်းနောက်ရပ်ကွက်နေ ဦးလှဌေး-ဒေါ်ဝင်း (ကောင်းထက်စံစားသောက်ဆိုင်)၊ ဦးမြင့်သိန်း-ဒေါ်ယဉ်ယဉ်ရွှေ(ဆွေသဟာစားသောက်ဆိုင်)၊ ပဲနွယ်ကုန်းမြို့၊ ပြည်တော်သာရပ်ကွက်နေ (ဦးမိုးဇော်မြင့်)-ဒေါ်နီနီစန်း(သဇင်စတိုး)၊ ကျောက်တံခါးမြို့၊ ဒဂုံမန်းလမ်းနေ(ဒေါက်တာသိန်းဝင်း)-ဒေါ်မိုးမိုးရှင်း (ရွှေစင်မိုးရတနာရွှေဆိုင်)၊ ဦးစန်းထွေး-ဒေါ်တင်တင်ချို(ရသာပဲပွဲရုံ)၊ ဦးသန်းဇော်ဦး-ဒေါ်အိအိချို(ရသာစားသောက်ဆိုင်)တို့၏မိခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၁-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၅ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ကျောက်တံခါးမြို့ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ချိုချို
(မြန်မာ့လေကြောင်း၊ ငြိမ်း)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းခြံလမ်း၊ အမှတ် (148 Z3) နေ (ဦးလှမောင်-ဒေါ်ဆိုင်)တို့၏သမီး၊ (ဦးမောင်ကျော်-ဒေါ်ခင်လတ်)တို့၏သမီးချွေးမ၊ ဦးတောက်ထွန်း၏ချစ်လှစွာသောဇနီး၊ ဦးရဲရင့်ထွန်း - Mrs Mika Maejima၊ ဦးကောင်းမြတ်ထွန်း-ဒေါ်မိုးပန်းဝါ၊ ဦးဇေယျာမင်း-ဒေါ်စုမာထွန်းတို့၏ချစ်လှစွာသောမိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်သည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်အေး
အသက်(၈၅)နှစ်

မန္တလေးမြို့၊ ၂၅လမ်း၊ ဒါးတန်းရပ်နေ(ဟာဂျီ ဦးအီဗရာဟင်-ဒေါ်စဖီယာ)တို့၏သမီးကြီး၊ မန္တလေးမြို့၊ စစ်ကိုင်းတန်းရပ်နေ(ဟာဂျီ ဦးညို-ဒေါ်ရာမတ်ဘီ)တို့၏ချွေးမ၊ စစ်ကိုင်းတန်းရပ်နေ ရွှေကျေး (ဦးဘဌေး)-ဒေါ်ခင်ခင်ငယ်တို့၏တူမ၊ (ဦးအီဗရာဟင်)၏ညီမ၊ (ဒေါ်ကြည်ကြည်)၊ (ဒေါ်သိန်းရင်)၊ (ဟာဂျီ ဦးဘကြူး - ဒေါ်သိန်းတင်)၊ (ဒေါ်သိန်း ခင်)တို့၏ညီမ၊ မန္တလေးမြို့၊ ၂၅လမ်းရပ်နေ ဟာဂျီမဒေါ်ခင်ခင်လေး၊ ဟာဂျီဦးဝေလင်း-ဟာဂျီမဒေါ်တင်တင်လေး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးဖိုးကျားလမ်းနေ ဦးကျော်ဦး-ဒေါ်ခင်ခင်ထွေးတို့၏အစ်မ၊ ဒေါ်ခင်မာကြူ၏အဒေါ်၊ ဦးဝင်းထွတ်၊ ဦးသိန်းထွတ် - ဒေါ်သီတာဝင်း၊ ဦးသောင်းထွတ် - ဒေါ်ခင်မိုးနိုင်တို့၏မိခင်၊ မောင်ကောင်းထက်မိုး၊ မစပယ်သိန်းထွတ်၊ မောင်သူရသိန်းထွတ်တို့၏အဘွား၊ ဟာဂျီ ဦးဘသိန်း(ရွှေကျေး)ဆိုင်အမှတ်(၂၁)သရဖီ၊ (စီ)ရုံ၊ ပထမထပ်၏ချစ်လှစွာသောဇနီးသည်၂၂-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၂၆နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၃-၁-၂၀၁၅ရက် ဂျုမ္မာနာမာဇ်အပြီး မွန်းလွဲ ၁း၃၀နာရီတွင် ၈၃လမ်း နေအိမ်မှ အေးရိပ်ငြိမ်ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပါမည်။

ကျန်ရစ်သူမိသားစု

ဦးအောင်ဝင်းလှိုင်
အသက်(၆၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်၊နှင်းပန်းလမ်း၊ အမှတ် ၁၀ (ပထမထပ်)နေ (ဦးသိန်းအောင်-ဒေါ်ညွန့်ညွန့်)တို့၏သား၊ ဦးတင်မောင်ဝင်း - ဒေါ်အေးမြင့်၊ ဒေါ်ခင်ဝင်း-(ဦးကိုကိုကျော်)၊ ဒေါ်တင်တင်-ဦးအောင်လင်း၊ ဒေါ်ထူး-ဦးလှသိန်းတို့၏မောင်၊ ဒေါ်သီရိမေ-ဦးဒေးဗစ်ကိုကိုကြီး၊ဦးသူရ-ဒေါ်ရီရီသန်း၊ဦးလှမိုး-ဒေါ်ထားထားဝင်း၊ ဒေါ်သီသီမာ-ဦးစောစိန်ဝင်း၊ ဒေါ်နွယ်နွယ်ဝင်း-ဦးမြင့်ဆွေတို့၏အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေးသည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ချစ်ချစ်
အသက်(၉၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နေ (ဦးဘသိန်း-ဒေါ်ငွေမ)တို့၏သမီး၊ (ဦးချစ်ခင်-ဒေါ်မိ)တို့၏သမီးချွေးမ၊ မြောက်ဥက္ကလာပမြို့နယ်၊ ည/ရပ်ကွက်၊ ဘုမ္မာ ၉လမ်း၊ အမှတ် ၄၁၅နေ (ပွဲစားကြီး ဦးလှမောင်)၏ဇနီး၊ ဦးတင်မောင်ဝင်း (ရုံးအဖွဲ့မှူး၊ ကိုမောင်မောင်နှင့်ညီအစ်ကိုများ သားရေးထုတ်လုပ်မှုကုမ္ပဏီ)-ဒေါ်ခင်နွဲ့ရီ(အထက်တန်းပြ၊ငြိမ်း)၊ ဦးလှသွင်(ကပရ ကုန်စည်၊ ငြိမ်း/မန်နေဂျာ (New Day Energy Co., Ltd.)-ဒေါ်စန်းစန်းနွယ်၊ ဦးအေးကြည်(အခန်းမှူး၊ မြန်မာ့အလင်းသတင်းစာတိုက်၊ နေပြည်တော်)-ဒေါ်နီလာချို၊ ဦးထွန်းလှ(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ငြိမ်း)-ဒေါ်သန်းသန်းဝင်း၊ ဦးမောင်မောင်အေး-ဒေါ်အေးအေးဆင့်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ငါးယောက်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၂၁-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၅ရက် (သောကြာနေ့) ညနေ၆နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၅နာရီတွင် ထွက်ခွာပါမည်)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆေး ဒါယိကာမကြီး
ဒေါ်အေးကြည်
အသက်(၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မာဃလမ်း၊ အမှတ် ၁၈နေ (ဦးဖိုးကံ-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးငယ်)၏ဇနီး၊ ဒေါ်ထွေးရီ၏အစ်မ၊ ဒေါ်တင်ညွန့်၊ (ဦးမျိုးမြင့်)-ဒေါ်ခင်နွဲ့၊ ဦးမျိုးအောင်-ဒေါ်ဖြူစိန်၊ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)-ဒေါ်အေးအေးသန်း၊ (ဦးမျိုးနောင်)-ဒေါ်ကျင်သန်း၊ ဦးမျိုးဇင်-ဒေါ်ဝင်းဥ၊ ဦးညွန့်တင်-ဒေါ်နွယ်နီတို့၏မိခင်ကြီး၊ ဦးမြင့်ခိုင်-ဒေါ်သန်းသန်းရွှေ ၊ ကိုတင်မောင်ခိုင်-မတင်တင်ယု၊ ကိုကျော်နိုင်မျိုး-မကေသီပိုင်၊ ကိုရန်နောင်စိုး-မမေသန္တာဝင်း၊ မနန္ဒာစိုး၊ မဇာခြည်မျိုး၊ ကိုအောင်ကျော်မျိုး-မယဉ်ထွေး၊ မနှင်းစန္ဒာအောင်၊ ကိုဖြိုးဝေသောင်း-မိစိုးဇကရီအေး (သင်္ဂီရွှေဝါ ပိုးထည်တိုက်)၊ ကိုမင်းပွင့်ကောင်း(မင်းရာဇာ City Taxi & Bus)-မယမင်းအေး၊ ကိုသိန်းနိုင်စိုး-မနေခြည်မျိုး၊ ဗိုလ်မှူး/ဗိုလ်ကြီးဇာနည်မော်ဝင်း-ဒေါ်ဝေနွယ်တိုး(အထက- ၄၊ လှိုင်)၊ ဗိုလ်ကြီးအောင်ဇင်ဦး၊ မောင်ပြည့်စုံ၊ မမို့အိအိထိုက်၊ မောင်ကောင်းခန့်ကျော်တို့၏အဘွား၊ မအင်ကြင်းခိုင်နှင့်မြစ် ၁၇ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်သန်းရီ(ကျောင်ဝိုင်းကြီး) အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ စင်းကားအိမ်ရာ၊ တိုက် ၂၊ အခန်း ၁၀၃နေ(ဦးသိန်းဟန်-ဒေါ်ကြင်)တို့၏သမီး၊ (ဦးအေးမောင်)၏ဇနီး၊ ဦးမြင့်ဆွေ-ဒေါ်မြင့်မြင့်စန်းတို့၏အစ်မ၊ ဦးသန်းဝင်း-ဒေါ်သွဲ့သွဲ့ဝင်း(ပြန်/ဆက်၊ငြိမ်း)၊ ဦးဝင်းမြင့်အေး(MFSL)-ဒေါ်လှလှနွဲ့(ECC၊ ငြိမ်း)၊ ဦးထင်အောင်ကျော်(JSM)-ဒေါ်နီလာအေး(ဆသရ၊ ငြိမ်း)၊ ဦးမောင်မောင်ဖြူ(2/E-MIRACO)-ဒေါ်မာမာဆွေ၊ ဦးခွန်စိုးမိုး(MULTIGATE)-ဒေါ်ခင်ချောနိုင်တို့၏မိခင်၊ မောင်ဉာဏ်ဝင်းထက် (JSM)၊ ဗိုလ်ကြီးကျော်သီဟစိုး-ဒေါက်တာချစ်မီမီအောင်၊ မောင်ဉာဏ်လင်းထက်(JSM)၊ မောင်ဗဟိန်း(MFSL)၊ မောင်ဇေယျမိုး၊ မောင်ကျော်ဇေယျမိုး၊ မမေမိုးသူ၊ မစုမြတ်မိုးတို့၏အဘွား၊မောင်ဟိန်းထက်အောင်၏ဘွားဘွားကြီးသည်၂၂-၁-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၃း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၁၅ရက်(စနေနေ့)ညနေ ၄နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဗစ်တာကပ်လန်းခိုင်(ခိုင်ပီး)
အထက(၂)ကမာရွတ်
(St.Augustine ကျောင်းသားဟောင်း) (YCCF)
အသက်(၃၃)နှစ်

(ဦးဟင်ဇာအင်း - ဒေါ်မန်ခိုလွန်း)၊ (ဦးဗျာလ်ဇာကပ်-ဒေါ်ကျင်မန်းကျင်)တို့၏မြေး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၄၉၂/Aနေ ဦးကမ်လျံမန်(ဒု-ညွှန်မှူး၊ ငြိမ်း၊ စစစ)-ဒေါ်ဝမ်လွန်ကျင်တို့၏ချစ်လှစွာသော ဒုတိယသား၊ ကိုအင်စွမ်းလျံ Second Officer (F.G)၏ညီ၊ ကိုလွှဏ်သျှန်းမုန်(ရေနံ၊ မုံရွာမြို့)-မဖြူဖြူသဲစု၊ မကျင်လွန်းမန် (Supervisor K.B.Z Bank)၊ မကျင်ရှမ်းဉာဏ်(ခ)စုမြတ်ဝင်း-ကိုကျင်ခုတ်မုန် (System Engineer, BOSCH, Singapore) တို့၏အစ်ကို၊ မကျင်ရှမ်းကိ(မ်)(ခ)မစောယွန်းဝတီ၏ဦးလေးသည် ၂၁-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင်(ခုတင်-၅၀၀)ရန်ကုန်ဆေးရုံသစ်ကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [လှိုင်မြို့နယ်၊ ဓမ္မာရုံလမ်းနေအိမ်၊ မြေနီကုန်းဖာတီမာဘုရားကျောင်း၊ ထန်းပင်ကုန်း(ချင်းခြံ)၊ယုဇနပီတောက်ကွေ့၊မင်္ဂလာဒုံ(ဝါယာလက်)မှကားများ နံနက်၈း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စန်းရီ
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ ၁၀လမ်း၊ အမှတ် ၃၁၆နေ(ဦးခိုင်မောင်-ဒေါ်ဝက်မ)တို့၏သမီး၊ (ဦးသန်းမောင်)၏ဇနီး၊ ဦးကံစိန်(မြန်မာ့မီးရထား၊ ငြိမ်း)-(ဒေါ်သန်းသန်းမြင့်)၊ဦးမောင်နီ-ဒေါ်ခင်အေးမော်တို့၏မိခင်၊မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၁-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၁၅ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်ဝင်းလှိုင်
အသက်(၆၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်၊နှင်းပန်းလမ်း၊ အမှတ် ၁၀ (ပထမထပ်)နေ (ဦးသိန်းအောင်-ဒေါ်ညွန့်ညွန့်)တို့၏သား၊ ဒေါ်ခင်သီတာစိန်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဗိုလ်ဗိုလ်အောင်၊ မောင်ထက်အောင်၊ မဒေဝီ - မောင်သူရိန်တို့၏ဖခင်သည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်လှကြည်
အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၁)ရပ်ကွက်၊ စကားဝါလမ်း၊ အမှတ် ၁၅၄နေ (ဦးဘသော်-ဒေါ်အေးမယ်)တို့၏သမီး၊ဗိုလ်ကြီးထွန်းရှိန်(မော်ကွန်းဝင် ဒုတိယဆင့်) (ငြိမ်း)၏ဇနီး၊ ဦးခင်မောင်မြင့်(တပ်ကြပ်ကြီး၊ ငြိမ်း)-ဒေါ်ဆွေဆွေဝင်း၊ ဦးအောင်မြိုင်-ဒေါ်စန်းစန်းဝင်း၊ တပ်သားဇော်ဝင်း[(သနက-၄) (ငြိမ်း) ရာအိမ်မှူး၊ ပုလဲ(၁)]-ဒေါ်ဌေးဌေးဝင်းတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၁-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ည၉း၃၅ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၅ရက်(သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၅ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်မြညွန့်(ခ)
ဒေါ်မာဂရီတာဆွာရစ်
ဆရာမကြီး(ငြိမ်း)
အထက(၅)တာမွေ
အထက(၂)တာမွေ
အသက်(၉၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြ ၄လမ်း၊စံပြရပ်ကွက်၊အမှတ် ၂၀၁၊ အခန်း A-1+2 နေ (ဦးပွလေး-ဒေါ်ငွေစိန်)တို့၏သမီး၊ (ဦးစံသိန်း)၏ဇနီး၊ ဦးကျော်ကင်း၊ ဒေါ်အောင်မြခင်တို့၏အစ်မ၊ ဦးချစ်ကိုကို(ဘဏ်)၊ (ဒေါ်စန်းစန်းမြင့်၊ ဗဟိုဘဏ်၊ ငြိမ်း)၊ ဦးအောင်ကျော်စိုးတို့၏မိခင်၊ မောင်စောရဲထိုက် (MIG Co.,Ltd.)၊မယမင်းဦး(MIGD MNG Design Co., Ltd.)တို့၏အဘွားသည် ၂၁-၁-၂၀၁၅ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၅ရက်(သောကြာနေ့)ညနေ ၃နာရီတွင် နေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဆရာမ ဒေါ်လှလှဝင်း
(အလယ်တန်းပြ)အမက(၅)ဗဟန်း
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၁၄၊ မုန်ရဝေလမ်း၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်နေ (ဦးကိဝမ်း)-ဒေါ်အေးကြည်တို့၏သမီး၊ [ဒေါ်တင်အေး (၁၀)ရပ်ကွက်ဈေး]၊ ဦးတင်အုံး(ဦးလှဘို) - ဒေါ်ခင်ခင်အေးတို့၏ အစ်မ၊ ဦးဝင်းမြင့်-ဒေါက်တာဒေါ်သန်းသန်းခိုင်၊ ဦးဝင်းအောင်၊ ဒေါ်ဌေးဌေးဝင်း (လမဖ၊ သာယာဝတီ)၊ ဦးနေလင်းထွန်း-ဒေါ်မေနှင်းရီတို့၏အစ်မ၊အမှတ် ၉၆၀၊ အပိုင်း(၄)၊ ဇေယျာသီရိလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးနေမျိုးနိုင်၏ဇနီးသည် ၂၁-၁-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ခင်နု
အသက်(၄၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ သူကြွယ်လမ်း၊ အမှတ် ၇၊ ပထမထပ် (ဘီ)နေ ဦးကျော်မောင်(တောင်ဒဂုံ)-ဒေါ်မေနီတို့၏သမီးကြီး၊ ဦးမောင်တင်အေး (AGTI) HDC Construction Co.,Ltd. ၏ဇနီး၊ဦးမောင်စိန်-ဒေါ်မြမြစန်း(ခ)မစန်းမေတို့၏အစ်မ၊ မောင်ခန့်ပိုင်၊ မောင်ဇင်မင်းအောင် (အထက-၂၊ တာမွေ)တို့၏မိခင်၊ မလင်းလက်လက်အောင်၏(အကြီးရှင်)သည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဓမ္မိဿရ
အောင်ဆန်း+တည်းကုန်း စုပေါင်းသံဃနာယက (ဥက္ကဋ္ဌ)
မဟာပရိယတ္တိစာသင်တိုက် ဒုတိယနာယက ဆရာတော်
သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ မဟာမြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အောင်ဆန်း+တည်းကုန်းစုပေါင်းရပ်ကွက် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တဓမ္မိဿရသည် (၁၃၇၆ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ရက်) ၁၆-၁-၂၀၁၅ရက် (သောကြာနေ့) ည ၉း၃၀နာရီတွင် ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်အား ယာယီကျောင်းတော်မှ ၂၄-၁-၂၀၁၅ရက်(စနေနေ့)ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ အန္တိမအဂ္ဂိရှာပနကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှတပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဆွေတော်မျိုးတော်များအား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများကို မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တကုသလာစာရာဘိဝံသ
သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ဒက္ခိဏာရာမဘုရားကြီးတိုက် ဂုဏဝတီတိုက်ကျောင်း ပဓာနနာယက သံဃသမ္မုတိရ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုသလာစာရာဘိဝံသသည်(၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၂ရက်) ၂၁-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၇း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၆ခုနှစ် တပို့တွဲလဆန်း ၈ရက်) ၂၇-၁-၂၀၁၅ရက်(အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိရှာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးအဂ္ဂညနှင့် တပည့်သံဃာ
ဒါယကာ၊ ဒါယိကာမများ

ဦးခင်မောင်(ကော်ဖီစက်ရုံ) အသက်(၆၅)နှစ်
(ပြင်ဦးလွင်မြို့)

ပြင်ဦးလွင်မြို့၊ ရကက(၃)၊ (၅)ရပ်ကွက်၊ ကော်ဖီစက်ရုံအိမ်ရာနေ(ဦးဘို-ဒေါ်ထွေး)တို့၏သား၊ (ဦးသိန်း-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဦးဇော်ဦးမောင်-ဒေါ်ဥမ္မာသန်း(မိုးကုတ်စည်ပင်)၊ဒေါ်ဇင်နှင်းမောင်(ရွှေစံအိမ်ဟိုတယ်)၊ ဦးဇော်မောင်မောင်၊ ဒေါ်ဇင်မင်းမောင် (ကော်ဖီသုတေသန၊ ပြင်ဦးလွင်)တို့၏ဖခင်၊ မမေမြတ်နိုးခင်၊ မောင်ချမ်းမြတ်သော်တို့၏အဘိုး၊ ဒေါ်ခင်ပြုံးရီ၏ခင်ပွန်းသည် ၂၁-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ည ၇း၄၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကော်ဖီစက်ရုံအိမ်ရာမှ (၈)မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

စာရေးဆရာ
တက္ကသိုလ်ဟန်ဝင်းအောင်
(ညောင်တုန်း)
အသက်(၈၀)

ညောင်တုန်းမြို့နေ (ဦးထွန်းလှ-ဒေါ်စိမ်းရင်)တို့၏သားထွေး၊ မနုနုအောင်၊ မမြမြအောင်၊ မောင်ရန်ကြီးအောင်၊ မောင်အောင်အောင်၊ မောင်ကျော်ကျော်အောင်၊ မစိမ်းစိမ်းအောင်၊ မောင်အောင်မွန်လတ်(ရန်ကုန်)၊ မလှိုင်လှိုင်ဝင်းကြွေ (မြိတ်)၊ မလဲ့လဲ့ဝင်းကြွေ(မြိတ်)တို့၏ဖခင်သည် ၁၇-၁-၂၀၁၅ရက် မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁-၂၀၁၅ရက်တွင် မြိတ်မြို့နယ် သမုတ်ကျေးရွာ၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးကြေညာအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ညွန့် (တောင်ငူ)
အသက်(၇၁)နှစ်

တောင်ငူမြို့၊(၁၅)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၁၅၂နေ (ဦးအုန်းကြည်-ဒေါ်စိန်မြိုင်)တို့၏သမီးကြီး၊ ကိုမြင့်လွင်-(မနုယဉ်)၊ ကိုမင်းဆွေ - မဝင်းကြူ၊ ဦးထက်အောင် - ဒေါ်မြတ်မြတ်နွယ်တို့၏အစ်မကြီးသည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁း၄၀ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဦးသန့်ဇင်ဦး
မြန်မာ့မီးရထားအင်ဂျင်နီယာ
အလုပ်ရုံ(အလုပ်ကြပ်)
အသက်(၅၈)နှစ်

ရန်ကုန်မြို့နေ(ဦးလှမြင့်-ဒေါ်ကြည်ကြည်မြင့်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၃လမ်း၊ တိုက် (င)၊ အခန်း ၂၇၊ မီးရထားဝင်းနေ (ဒေါ်မြဝင်း)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်အေး-ဦးမြင့်ဦး(လ/ထမန်နေဂျာစီးပွား၊ ငြိမ်း)၊ ဦးတင်မောင်မြင့်၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်မာဝင်း၊ ဒေါ်နွယ်နီ၊ (ဦးကြည်ဆွေ)၊ (ဗိုလ်မှူးတင်မောင်နီ)၊ ဦးသန့်ဇော်ထွေး-ဒေါ်သီတာအေးတို့၏အစ်ကိုကြီး၊ မဖြူဖြူသန့် (Asialight Supermarket)၏ဖခင်၊ တူ၊ တူမ ၁၁ယောက်တို့၏ဘကြီးသည် ၂၁-၁-၂၀၁၅ရက် နံနက် ၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍၂၃-၁-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်လှိုင် (သုဝဏ္ဏ)
(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ ကောက်လျှင်လမ်းသွယ် (၁)၊ တိုက်အမှတ် ၁၅၅၊ အခန်း ၇ နေ (ဦးမောင်သိန်း - ဒေါ်သေး)တို့၏သားကြီး၊ (ဦးလှမောင်-ဒေါ်စောညွန့်)တို့၏သားသမက်၊ ဒေါ်လှကြည်၏မောင်၊ (ဦးအောင်မြင့်၊ ကုန်သွယ်/လယ်ယာ)၏အစ်ကို၊ ဒေါ်အုန်းမြင့်၏ခင်ပွန်း၊ ဒေါ်ဖြူမာကျော်-ဦးထင်လင်းနိုင်၊ ဒေါ်မျိုးမျိုးလှိုင်-ဦးဖုန်းနိုင်သန်း၊ ကိုကျော်ထင်လင်းတို့၏ဖခင်၊ မောင်ဖွဲ့ဘုန်းပြည့်(အထက-၁၊ ဒဂုံ)၏ အဘိုးသည် ၂၂-၁-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၃း၃၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာ J. Samson Laban
လက်ထောက်သင်းအုပ်ဆရာ
ဓမ္မောနွေလ တေလူကူနှစ်ခြင်း
အသင်းတော်
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅ လမ်း၊ အမှတ် ၄၂နေ (ဦး J. Laban-ဒေါ် Esther) တို့၏သား၊ (ဒေါ် Elizabeth Laban)၏မောင်၊ ဆရာမ Kokila Laban ၏ ချစ်လှစွာသော ခင်ပွန်း၊ Sharon Preethi (ခ) အေးနန္ဒာ (B.Sc, Chemistry) (R Vi International School)၊ Hasel Tiny (ခ)စုမာလာ (B.Sc, Botany) (Eton House)တို့၏ဖခင်သည် ၂၂-၁-၂၀၁၅ရက် နံနက် ၇း၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ဓမ္မောနွေလ နှစ်ခြင်းအသင်းတော်(ဘားလမ်း)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မွန်ဘိုင်းမြို့သို့ ရောက်ရှိ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးတို့အား အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက် ဟာမစ်အန်ဆာရီနှင့် ဇနီးတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မွန်ဘိုင်း ဇန်နဝါရီ ၂၂

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဦးဆောင်သော အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၁ ရက် ညပိုင်းတွင် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက် ဟာမစ်အန်ဆာရီနှင့် ဇနီးတို့က ဟိုက်ဒရာဘတ် အိမ်တော်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် Red Fort သို့ လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မဟတ္တမဂန္ဒီအထိမ်းအမှတ်နေရာသို့ ရောက်ရှိလေ့လာပြီး ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် Akshardham Temple သို့ ရောက်ရှိလေ့လာကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နယူးဒေလီမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် ညနေ ၃ နာရီ မိနစ် ၄၀တွင် မွန်ဘိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ အိန္ဒိယနိုင်ငံ သံတမန်ဌာနအကြီးအကဲက ခရီးဦးကြိုဆိုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မွန်ဘိုင်းမြို့ ဗောဓိဝလိ ရပ်ကွက်ရှိ ရွှေတိဂုံစေတီတော်ပုံစံတူ ဝိပဿနာစေတီတော်ကြီးသို့ ရောက်ရှိရာ စေတီတော် ဂေါပကဥက္ကဋ္ဌ မစ္စတာနရန်ရှာနှင့် တာဝန်ရှိသူများက

စာမျက်နှာ ၃ ကော်လံ ၂ ✽

မြန်မာယူ-၂၀နှင့် အီရန် ယူ-၂၂တို့ ခြေစမ်းမည်

တူရကီနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေသည့် မြန်မာယူ-၂၀ အသင်းသည် ဇန်နဝါရီ ၂၄ ရက်တွင် အီရန် ယူ -၂၂အသင်းနှင့် ထပ်မံခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာယူ-၂၀ အသင်းသည်ဇန်နဝါရီ ၁၈ ရက်ကတည်းက လေ့ကျင့်နေခြင်းဖြစ်ပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် ဇန်နဝါရီ ၁၉ ရက်က တာဂျစ်ကစ္စတန်ကလပ် တာရက်ဇ်အသင်းနှင့်ကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။ ယင်းပွဲတွင် နန္ဒကျော်နှင့် ကျော်မင်းဦးတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။ ဒုတိယပွဲအဖြစ် ဇန်နဝါရီ ၂၁ ရက်က အဇာဘိုင်ဂျန် ယူ -၂၁ အသင်းနှင့်ကစားရာ နန္ဒကျော်၊ အောင်သူတို့၏ သွင်းဂိုးများဖြင့် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းနှင့် ထပ်မံခြေစမ်းမည့် အီရန်ယူ -၂၂ အသင်းသည် အာရှယူ-၂၃ ခြေစစ်ပွဲအတွက်ပြင်ဆင်နေသည့်အသင်းလည်း ဖြစ်သည်။

ညီမြတ်သော်တာ

ကောင်းခါးကျေးရွာတွင် ဆရာမနှစ်ဦးသေဆုံးမှုနှင့် ပတ်သက်၍ အမှုဖွင့်စစ်ဆေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

မူဆယ်မြို့ နမ့်တောင်းကျေးရွာအုပ်စု ကောင်းခါးကျေးရွာ၌ ဇန်နဝါရီ ၂၀ ရက်က ဒေသခံ ကျောင်းဆရာမနှစ်ဦး နေအိမ်၌ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၉ နာရီခွဲတွင် ဆရာမကျောင်းသို့ မရောက်ရှိသဖြင့် ကျောင်းသားများက ဆရာမနေအိမ်သို့ သွားရောက်ကြည့်ရှုရာ မရမ်နုဂျာ(ခ)မရမ်လုရာ (၁၉နှစ်)နှင့် မရမ်ဘောင်ခေါင်နောင်ဆမ်(ခ)မခေါင်ဆန်(၂၁နှစ်)တို့နှစ်ဦးသည် ထိုးသွင်းဒဏ်ရာ၊ ပြတ်ရှဒဏ်ရာနှင့် ဦးခေါင်းပေါက်ပြဲဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိရခြင်းဖြစ်သည်။

အဆိုပါ ဆရာမနှစ်ဦး၏နေအိမ်မှာ ဘုရားကျောင်းဝင်း၌တည်ရှိပြီး ယင်းနေ့နံနက် ၀၀း၃၀ နာရီခန့်က အော်ဟစ်သံကြားသဖြင့် ဘုရားကျောင်းအနီးနေ ဦးရှိကန်၏ ဇနီးဖြစ်သူ ဒေါ်နော်ဂျာမိုင်က သွားရောက်၍ ဆရာမနေအိမ်တံခါးကိုခေါက်ပြီး မေးမြန်းရာ ပြန်လည်ဖြေကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

အခင်းဖြစ်နေရာမှ သွေးစွန်းနေသည့် စတီးဓားတစ်ချောင်း၊ ထင်းချောင်းတစ်ချောင်းနှင့် အခြားသဲလွန်စများတွေ့ရှိရသဖြင့်အမှုဖွင့်ပြီး အထူးအမှုစစ်အဖွဲ့ဖြင့် စစ်ဆေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရကလည်း မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစီးပါဝင်သော စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်းကာ လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် ညအပူချိန်များ

၂၂-၁-၂၀၁၅

ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၄ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၄ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်မြို့	၄ ဒီဂရီစင်တီဂရိတ်

ဆီးဂိမ်း၌ ဆုတံဆိပ်များရရှိနိုင်ရေး လူရွေးလေ့ကျင့်မှုများ စတင်

ရန်ကုန် ဇန်နဝါရီ ၂၂

စင်ကာပူနိုင်ငံ၌ ဖွင့်လှစ်ကျင်းပတော့မည့် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်းပေါင်း ၃၁ မျိုးခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားသမား ၃၀၀ ကျော်ခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆု တံဆိပ်ပေါင်း ၅၀ ခန့်ရရှိရန် မျှော်မှန်းထားကြောင်း အားကစားဝန်ကြီးဌာနမှ သိရှိရသည်။

“စင်ကာပူဆီးဂိမ်းမှာ အားကစားနည်း ၃၆ နည်းကို ထည့်သွင်းကျင်းပမှာပါ။ မြန်မာနိုင်ငံအနေနဲ့က ၃၁ နည်း ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ အကောင်းဆုံးပြင်ဆင်ထားဖို့ကို အဖွဲ့ချုပ်အသီးသီးနဲ့ ကစားသမားတွေကို ပြောကြားထားပါတယ်။ လက်ရှိမှာ ကစားနည်းအလိုက် လူရွေးပွဲတွေ ပြုလုပ်နေပြီး ဖေဖော်ဝါရီမှာ အပြီးသတ်လက်ရွေးစင် ကစားသမားတွေ ရွေးချယ်နိုင်မယ်။ ပြေးခုန်ပစ်၊ မြားပစ်၊ ဘိလိယက်/စနူကာ၊ ဘိုးလင်း၊ ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာ လှေ၊ ကနူး၊ကယက်၊ ကျွမ်းဘား၊ ဂျူဒို၊ ပီတန်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း
R/488